# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ် (ဓမ္မပဒ – ၁၂၉)


၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ တနင်္လာနေ့ အတွဲ (၅၉)၊ အမှတ် (၁၀၅)


# ရန်ကင်းမြို့နယ် ဓမ္မစကြာပဋိပတ်ရိပ်သာကျောင်းတိုက်အတွင်း အနန္တသုခဓမ္မစကြာဓမ္မဗိမာန် ငါးထပ်ကျောင်းတော်ကြီး မဟာပန္နက်တော်တင်၊ တွင်းတော်ဝန်းမင်္ဂလာ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ ဓမ္မစကြာပဋိပတ်ရိပ်သာ ကျောင်းတိုက်အတွင်း၌ စေတနာရှင် အလှူရှင်များ စုပေါင်းလှူဒါန်းသည့် အနန္တသုခဓမ္မစကြာဓမ္မဗိမာန် ငါးထပ်ကျောင်းတော်ကြီး မဟာပန္နက်တော်တင်၊ တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ရွှေသုဝဏ်ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တသဒ္ဒိယ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ပန္နက်တော်တင်ပေးသည်။

**ငါးပါးသီလခံယူ**

အစီအစဉ်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ရွှေသုဝဏ်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသော အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရွှေသုဝဏ်ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ငါးထပ်ကျောင်းတော်ကြီး


*စာမျက်နှာ ၃ ကော်လံ ၁* ❑





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငါးထပ်ကျောင်းတော်ကြီးအတွက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသည့် အလှူတော်ငွေ ကျပ်သိန်း ၅၀၀ ကို ဓမ္မစကြာပဋိပတ်ရိပ်သာ ဥပဇ္ဈာယ် မဟာသီရိသုဓမ္မဇောတဓရ ဦးစိန်လှဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

ဓာတ်ပုံ – တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး



## ရန်ကုန်တက္ကသိုလ်၏ အမှတ်တရ ပုံရိပ်စကားသံများ


စာ ၆


**ထူးခြားသည့် ညအပူချိန်များ**

၁၂-၁-၂၀၂၀

| | | |
|---|---|---|
| ဟားခါးမြို့ | ၀ | ဒီဂရီစင်တီဂရိတ် |
| ဖဲဟိုးမြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ်မြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်းမြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| ပူတာအိုမြို့ | ၅ | ဒီဂရီစင်တီဂရိတ် |
| ရမ်ကလောင်း | ၅ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင်မြို့ | ၅ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲမြို့ | ၆ | ဒီဂရီ စင်တီဂရိတ် |
| လွိုင်လင်မြို့ | ၆ | ဒီဂရီ စင်တီဂရိတ် |
| မင်းတပ်မြို့ | ၆ | ဒီဂရီ စင်တီဂရိတ် |
| တီးတိန်မြို့ | ၆ | ဒီဂရီ စင်တီဂရိတ် |

## ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ် ဖွင့်လှစ်


စာ ၅


## ယူကရိန်းလေယာဉ်ကို ပစ်ချခဲ့မှုအတွက် နစ်နာကြေးပေးရန် အီရန်ကို ယူကရိန်းတောင်းဆို


စာ ၁၄


## မူဆယ်နယ်စပ်၌ ဖရဲအရောင်းအဝယ်သွက်၍ ဈေးကောင်းရ


စာ ၁၇



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ပလတ်စတစ်အမှိုက်ကင်းစင်သည့် မြို့ရွာဒေသများ ပေါ်ပေါက်လာရေး

ပြီးခဲ့သည့် ဇန်နဝါရီ ၉ ရက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြည်နယ်ခရီးစဉ်အတွင်း မြစ်ကြီးနားမြို့၌ ဒေသခံပြည်သူများအား တွေ့ဆုံရာတွင် မြို့ခံပြည်သူတစ်ဦးက မြစ်ကြီးနားမြို့တွင် ပလတ်စတစ်အမှိုက်များ စနစ်တကျစွန့်ပစ်အောင် ဆောင်ရွက်ပေးရေး မေးခွန်းတစ်ခု မေးမြန်းခဲ့ရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပလတ်စတစ်အမှိုက်များ စနစ်တကျစွန့်ပစ်ရန်မှာ ပြည်သူများ ပါဝင်ရန်လိုအပ်ပါကြောင်း ဖြေကြားခဲ့သည်။

သဘာဝပတ်ဝန်းကျင်အလှအပများနှင့် ပြည့်စုံသည့် မိမိတို့နိုင်ငံ၌ နေရာတကာတွင် တွေ့ရတတ်သည့် စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များကြောင့် အကျည်းတန်နေရသည်။ ယင်းအခြေအနေကို မလိုလား မနှစ်မြို့သည့် ပြည်သူလူထု အများအပြားရှိသည့်အလျောက် နောက်ဖေးလမ်းကြားမှ အမှိုက်များရှင်းပြီး အပန်းဖြေနေရာကလေးများအဖြစ် ဖန်တီးပေးသည့် အဖွဲ့အစည်းများ၊ ရေမြောင်းထဲမှ အမှိုက်များဆယ်၊ လမ်းဘေးမှအမှိုက်များကောက် စသည့်လှုပ်ရှားမှုများ စံနမူနာပြ ပြုလုပ်ပညာပေးနေကြသည့် လူငယ်များ၊ အမှိုက်ကင်းစင် စံပြရွာအဖြစ် ဆောင်ရွက်နေကြသည့် ကျေးရွာများ၊ သန့်ရှင်းရေးစံပြမြို့များ စသည်ဖြင့် အမှိုက်ကင်းစင် သန့်ရှင်းလှပရေး တက်တက်ကြွကြွလုပ်ကိုင်နေကြသူများရှိသလို စည်းကမ်းမဲ့စွာ အမှိုက်စွန့်ပစ်မှုများက အင်အားကြီးလှသည်နှင့်အမျှ မြို့ရွာဒေသအများအပြားမှာ အမှိုက်၏ အနိဋ္ဌာရုံများကို မြင်တွေ့နေကြရခြင်း ဖြစ်သည်။

အထူးသဖြင့် သုံးစွဲမှုများပြားသလောက် အလွယ်တကူစွန့်ပစ်ကြပြီး နှစ်ပေါင်းများစွာ မဆွေးမြည့် မပျက်စီးနိုင်သည့် ပလတ်စတစ်အမှိုက်များမှာ အချိန်ကာလကြာမြင့်သည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကြီးမားသည့် ပြဿနာတစ်ရပ်ဖြစ်လာသည်။ မကြာသေးမီကပင် မိမိတို့ပတ်ဝန်းကျင်နိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ပလတ်စတစ်ထုတ်လုပ်သုံးစွဲမှုများကို ထိန်းချုပ်မှုများ ပြုလုပ်လာကြသည့် သတင်းများကို ဖတ်ရှုလိုက်ရသည်။ ယနေ့ခေတ်၌ လူတို့၏ နေ့စဉ်ဘဝ လူနေမှုပုံစံများတွင် ပလတ်စတစ်သည် မပါမဖြစ်သည့် ပစ္စည်းတစ်ခုဖြစ်နေခဲ့ပြီဖြစ်သည်။ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းထုပ်ပိုးမှုများ၊ ဘူးခွံ၊ အိတ်ခွံ၊ ပုလင်းခွံများ၊ လူ့အသုံးအဆောင်များ၊ ပရိဘောဂများ စသည်တို့အပါအဝင် ပလတ်စတစ်အသုံးပြုထုတ်လုပ်ထားသည့် ပစ္စည်းပစ္စယ အမျိုးအမည်များစွာတို့ အသုံးမလို၍ ပြန်လည်စွန့်ပစ်သည့်အခါ အချို့ကို ပြန်လည်ထုတ်လုပ်သုံးစွဲမှု ပြုလုပ်သော်လည်း ရာခိုင်နှုန်းအတော်များများမှာ အမှိုက်များအဖြစ် မြေပြင်အနှံ့နှင့် မြစ်ချောင်းများဆီသို့ ရောက်ရှိသွားကြသည်။

ပလတ်စတစ်အမှိုက်များကင်းစင်ရေး ဆောင်ရွက်ရာတွင် ထုတ်လုပ်မှုနှင့် သုံးစွဲမှုတို့ကို ထိန်းချုပ်ရန်နှင့် လျှော့ချသွားရန်၊ အမှိုက်စွန့်ပစ်ရာတွင်လည်း ဆွေးမြည့်နိုင်သော အမှိုက်များနှင့် ပလတ်စတစ်အပါအဝင် ပြန်လည်ထုတ်လုပ်သုံးစွဲနိုင်သော စွန့်ပစ်ပစ္စည်းများ၊ မဆွေးမြည့်နိုင်သော အမှိုက်များကို ခွဲခြားစွန့်ပစ်ကြရန် လိုအပ်သည်။ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကို ပညာပေးခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများ ဆက်လက်ကျူးလွန်ပါက ထိထိရောက်ရောက် အရေးယူခြင်း၊ အမှိုက်ကင်းစင်နယ်မြေများ၊ ရပ်ရွာများထူထောင်ခြင်း စသည်တို့ လုပ်ဆောင်ရာတွင် ပြည်သူများက တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြရန် လွန်စွာလိုအပ်သည်။ ပြည်သူလူထု၏ စည်းကမ်းတကျနေထိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ အားကောင်းလာသည်နှင့်အမျှ အမှိုက်ကင်းစင်သော သန့်ရှင်းလှပသည့် မြို့ရွာများစွာ ထပ်မံပေါ်ပေါက်လာမည်သာဖြစ်သည်ဟု ယုံကြည်ပါကြောင်း။ ။

# ကမ္ဘာ့အမွေအနှစ် အသိအမှတ်ပြုခြင်းအထိမ်းအမှတ် မဟာပုဂံပန်းချီပြပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၂**

ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအား ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခံရခြင်း အထိမ်းအမှတ် ဂုဏ်ပြုကျင်းပသော နှလုံးသားအမွေခံ မဟာပုဂံ ပန်းချီပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏသစ်ယာပင်လမ်း အနော်ရထာ ပန်းချီပြခန်းတွင် ကျင်းပသည်။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦး၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများက နှလုံးသားအမွေခံ မဟာပုဂံ ပန်းချီပြခန်းအတွင်း ကြည့်ရှုလေ့လာကြစဉ်။ ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း)

**ဖျော်ဖြေတင်ဆက်**

ရှေးဦးစွာ အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူလေးများက ပုဂံအကများဖြင့်လည်းကောင်း၊ စာရေးဆရာ ကဗျာဆရာ မောင်အေးချမ်း(တောင်ကြီး)က မဟာပုဂံ ဂုဏ်ပြုတေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**အမှာစကားများပြောကြား**

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပန်းချီဆရာကြီး ဦးလွန်းကွယ်၊ အလင်္ကာကျော်စွာ ဒါရိုက်တာ ပန်းချီဦးစိုးမိုး၊ အနော်ရထာ ပန်းချီပြခန်း ဥက္ကဋ္ဌ First Milky Way Group of Companies ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးသော်တို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦး၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများက နှလုံးသားအမွေခံ မဟာပုဂံပန်းချီပြပွဲကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပန်းချီပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါပန်းချီပြပွဲတွင် မြန်မာနိုင်ငံ၏ နာမည်ကျော်ပန်းချီဆရာကြီး ၇၀ တို့၏ ပုဂံနှင့်သက်ဆိုင်သော ဆီဆေး၊ ရေဆေး၊ အခရိုင်းလစ်ပန်းချီကား ၇၀ ကို ဇန်နဝါရီ ၁၁ ရက်မှ ဇန်နဝါရီ ၁၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ ဝင်ကြေးအခမဲ့ဖြင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**



**ရန်ကုန် အမှတ်(၂)ဒေသကောလိပ် (လှိုင်နယ်မြေ) ၁၉၇၈–၁၉၈၀ ရုပ်ရှင်လုပ်ငန်းအတတ်ပညာဒီပလိုမာ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၃) ကြိမ်မြောက် ဆရာကန်တော့ပွဲကို ဇန်နဝါရီ ၁၂ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M3 စားသောက်ခန်းမတွင် ကျင်းပစဉ်။** (အဆိုပါ ရုပ်ရှင်လုပ်ငန်းအတတ်ပညာ ကျောင်းသား ကျောင်းသူဟောင်းများထဲမှ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကမီဒီယာများတွင် တာဝန်ထမ်းဆောင်သူများ၊ ရုပ်ရှင်ဒါရိုက်တာကြီးများနှင့် အခြားသောနယ်ပယ်အသီးသီးတွင် အောင်မြင်သူများ ပေါ်ထွက်ခဲ့ကြောင်း သိရှိရသည်။)

**ကြည်ထွန်း**

# တောင်ကုတ်ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပပြီးစီး

**တောင်ကုတ် ဇန်နဝါရီ ၁၂**

တောင်ကုတ်မြို့နယ် ကလေးစာပေပွဲတော်၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ၁၁ ရက်အထိ တောင်ကုတ်ဒီဂရီကောလိပ် ကျောင်းဝင်းအတွင်း အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းက ကျင်းပရာ မောင်နေပူ(တောင်ကုတ်)က ခေတ်သစ်ပုံပြင်သစ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာရက္ခ (တောင်ကုတ်)က လူငယ်နှင့်သဘာဝ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြသည်။

ဟောပြောပွဲအပြီး ကျောင်းသားကျောင်းသူလေးများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဆုရ ကျောင်းသား ကျောင်းသူများကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်၊ တောင်ကုတ်ဒီဂရီကောလိပ် ကျောင်းအုပ်ဆရာကြီး ဒေါက်တာ သန်းထွဋ်လွင်နှင့် တောင်ကုတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆန်းမင်းနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးခဲ့ကြပြီး ကလေးစာပေပွဲတော်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန့်ဇင် (ပြန်/ဆက်)**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

စစ်ကိုင်းတိုင်း ဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

(မြန်မာ့အလင်း)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ
(ပြင်ဦးလွင်မြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၃၊၁၄)ရက် (တနင်္လာ၊ အင်္ဂါ) နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
ရောဝတီခန်းမ၊ အ.ထ.က (၁)၊ ပြင်ဦးလွင်မြို့။

❑ ရှေ့ဖုံးမှ
အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် အလှူတော်ငွေ ကျပ်သိန်း ၅၀၀ နှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် မိသားစုက လှူဒါန်းသည့် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဓမ္မစကြာပဋိပတ်ရိပ်သာ ဥပဋ္ဌာက မဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးစိန်လှဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ရွှေသုဝဏ်ဆရာတော်ကြီးကကျမ်းစာအုပ်များ ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် တက်ရောက်လာကြသည့် အရာရှိကြီးများ၊ စေတနာရှင်အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက မင်္ဂလာဒုံမြို့နယ်၊ ကံသုံးဆင့် ပရိယတ္တိစာသင်တိုက်၊ ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဂုဏိကာဘိဝံသထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် ရွှေသုဝဏ်ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်များသည် ပန္နက်တော်တင်မည့် မြေနေရာသို့ အစီအစဉ်အတိုင်း ကြွရောက်လိုက်ပါကြပြီး မင်္ဂလာအချိန်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပန္နက်တော်တင်မည့် အကြီးအကဲများသည် သတ်မှတ်နေရာ အသီးသီးတွင် ပန္နက်တော်တင်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကြကာ တွင်းတော်ဝန်းမင်္ဂလာ ပြုလုပ်ကြသည်။

အခမ်းအနား အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရွှေသုဝဏ် ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဧည့်ပရိသတ်များက မင်္ဂလာဒုံမြို့နယ်၊ ကံသုံးဆင့် ပရိယတ္တိစာသင်တိုက်၊ ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဂုဏိကာဘိဝံသထံမှ အနုမောဒနာတရားနာယူကြစဉ်။

ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် ယနေ့နံနက် ၉ နာရီခွဲတွင် အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမြဟန်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို မူဝါဒနှင့် ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ အစားအစာဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝရေး၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ အရည်အသွေးမြင့်မားစွာ ထုတ်လုပ်နိုင်ရေး၊ ရောဂါကာကွယ်ထိန်းချုပ်ရေး၊ ဥပဒေကြောင်းဆိုင်ရာ လမ်းညွှန်မှုနှင့် ဦးစီးဦးဆောင်မှုပြုနိုင်ရေးတို့အတွက် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (မူကြမ်း) ကို ရေးဆွဲလျက်ရှိရာ ပြည်သူ့လွှတ်တော်မှ အတည်ပြုခဲ့ပြီးဖြစ်၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီတွင် အပြီးသတ်ဆွေးနွေးရန် ဆောင်ရွက်လျက်ရှိကြောင်း။

## ပူးပေါင်းပါဝင်ဆောင်ရွက်

အသားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်ပိုင်တစ်နိုင် မွေးမြူရေးနှင့်စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ၊ မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် ကျေးလက်နေလူငယ်များအား မွေးမြူထုတ်လုပ်မှုဆိုင်ရာနှင့် တိရစ္ဆာန်ကူးစက်ရောဂါဆိုင်ရာသင်တန်းများ ပို့ချခြင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်း ဒေသများတွင် အရင်းအနှီး၊ မျိုး၊ နည်းပညာဖြန့်ဖြူးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့်လည်း အဆိုပါလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်က မွေးမြူရေးလုပ်ငန်းဆိုင်ရာ ကဏ္ဍများနှင့်ပတ်သက်၍လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ (၁) က ကြက် - ငါး တွဲဖက်မွေးမြူခြင်းဆိုင်ရာ ကိစ္စရပ်နှင့် ပတ်သက်၍ လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ(၂) က မွေးမြူရေးဆိုင်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိစ္စရပ်နှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံမွေးမြူရေး အစာထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌက မွေးမြူရေး အစာကုန်ကြမ်းဖြစ်သော ပြောင်းတင်သွင်းခြင်းကိစ္စရပ်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ ပျားလုပ်ငန်းအသင်းဥက္ကဋ္ဌက ပျားရည်တင်ပို့ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

သတင်းစဉ်

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သည် ပြည်တွင်းမွေးမြူထုတ်လုပ်မှုကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်မှုစရိတ်လျှော့ချရေး၊ လုပ်ငန်းတိုးချဲ့ရေးအတွက် အခြေခံလိုအပ်ချက်ရရှိရေး၊ နည်းပညာရရှိရေးတို့ကို နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ဝန်ဆောင်မှုလုပ်ငန်းများကို ကျေးလက်ဒေသများအထိ ရောက်ရှိစေရန် တိရစ္ဆာန်ကျန်းမာရေး လုပ်သားများမူဝါဒကို ရေးဆွဲနိုင်ခဲ့ပြီး ရန်ကုန်နှင့် မန္တလေး ဓာတ်ခွဲခန်းများကို နိုင်ငံတကာအဆင့်မီ ISO 17025:2007 လက်မှတ်ရ ဓာတ်ခွဲခန်းများဖြစ်စေရန် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိကာ တရုတ်နိုင်ငံ GACC နှင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်ကို လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ခုနှစ် စက်တင်ဘာလအထိ ပြည်ပသို့တင်ပို့နိုင်ရန် ကျွဲနွားကောင်ရေ ၅၈၀၀၁၅ ကောင်ကို ကျန်းမာရေးစစ်ဆေးပေးနိုင်ခဲ့သည့်အတွက် အမေရိကန်ဒေါ်လာ သန်း ၅၅၀ ကျော်ကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ရှာဖွေပေးနိုင်ခဲ့ပြီး မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်တွင်းစားသုံးမှု ဖူလုံစေရန်၊ နိုင်ငံတွင်းအရင်းအမြစ်များကို မထိခိုက်စေဘဲ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ပြည်ပသို့ တရားဝင်တင်ပို့နိုင်ရန်နှင့် မွေးမြူရေးလုပ်ငန်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရန်တို့အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ကိုရီးယားနိုင်ငံမှ ရောက်ရှိလာသော လေအေးပေးစက်ပါ လေအိတ်အထက်တန်းတွဲများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၂**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်နှင့်အတူ ယမန်နေ့ ညနေပိုင်းတွင် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)သို့ရောက်ရှိပြီး ကိုရီးယားနိုင်ငံ EDCF ချေးငွေဖြင့် ဝယ်ယူထားသည့် လေအေးပေးစက်ပါ လေအိတ်အထက်တန်းတွဲ ၁၀ တွဲအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းမှာကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)သို့ ရောက်ရှိရာ စက်ရုံတာဝန်ရှိသူများက စက်ရုံနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံလုပ်ငန်းခွင်သို့ သွားရောက်ပြီး EDCF ချေးငွေဖြင့် ဝယ်ယူထားသည့် ကိုရီးယားနိုင်ငံမှ ရောက်ရှိလာသော လေအေးပေးစက်ပါ လေအိတ်အထက်တန်းတွဲ ၁၀ တွဲ ရောက်ရှိနေမှု၊ စားသောက်တွဲ တည်ဆောက်နေမှု၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တည်ဆောက်ထုတ်လုပ်နေသည့် လေအိတ်ဘူဂီလူစီးတွဲ ၁၅ တွဲ တည်ဆောက်နေမှု၊ တွဲများ တည်ဆောက်ရာတွင်အသုံးပြုသည့် ဂဟေဆော်သည့် စက်ရုပ် Robot အား ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်နေသည့်လုပ်ငန်းများ အရည်အသွေးပြည့်မီရန် သက်မှတ်ကာလအတွင်း ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

**ပြေးဆွဲပေးနိုင်ရေးစီစဉ်**

အဆိုပါ EDCF ချေးငွေဖြင့် ဝယ်ယူထားသည့် ကိုရီးယားနိုင်ငံမှ ပထမအသုတ် ရောက်ရှိလာသော လေအေးပေးစက်ပါ လေအိတ်အထက်တန်းတွဲ ၁၀ တွဲနှင့် စားသောက်တွဲ တစ်တွဲ၊ ဘရိတ်တွဲတစ်တွဲတို့အား ချိတ်ဆက်ပြီး မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းတွင် ခရီးသွားပြည်သူများအတွက် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အထက်တန်းတွဲ တစ်တွဲလျှင် ၃၃ ဦးနှုန်းဖြင့် ခရီးသည် ၃၃၀၊ စားသောက်တွဲတစ်တွဲ၊ ရိုးရိုးတန်း ၃၃ ဦး စီးနင်းနိုင်သည့် ဘရိတ်တွဲ(၁)တို့အား မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်း၌ မတ်လဆန်းပိုင်းတွင် ပြေးဆွဲပေးနိုင်ရေး စီစဉ်ထားရှိပြီး ဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)၌ ကိုရီးယားနိုင်ငံ EDCF ချေးငွေဖြင့် ဝယ်ယူထားသည့် လေအေးပေးစက်ပါ လေအိတ်အထက်တန်းတွဲအား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**အစဉ်အမြဲကြိုးစား**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသို့ ရောက်ရှိပြီး ကျောင်းရှိ အရာထမ်း အမှုထမ်းများ၊ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံစဉ် သင်တန်းသားများအနေဖြင့် ရိုးသားဖြောင့်မတ်မှန်ကန်စွာ ပြောဆိုဆက်ဆံနိုင်ရေး အစဉ်အမြဲကြိုးစားကြရန်၊ ဝန်ထမ်း၊ သင်တန်းသားများအားလုံး အင်္ဂလိပ်စာနှင့် ကွန်ပျူတာကို လေ့လာသင်ယူကြရန်၊ သက်ဆိုင်ရာဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စေရန်နှင့် ဗဟုသုတပြည့်ဝသော ဝန်ထမ်းများဖြစ်အောင် ကြိုးစားကြရန် မှာကြားပြီး သင်တန်းကျောင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

**ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့ (ရန်ကုန်)၏ ၂၀၁၉ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ခေတ်အဆက်ဆက် ဂေါပကအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့ကြသော ဂေါပကအဖွဲ့ဝင်များအား သတ္တမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပသည်။** (အောက်ပုံ)



ရှေးဦးစွာ ရွှေတိဂုံစေတီတော် ရခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်းက ရခိုင်မင်္ဂလာစည်တော်ရှမ်း၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစောသိန်းနှင့် တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**ဩဝါဒစကားပြောကြား**

ဆက်လက်၍ ဂေါပကအဖွဲ့ဝင် ပြန်ကြားရေးမှူး ဦးအေးမောင်က ကန်တော့ခံသက်ကြီး ဂေါပကအဖွဲ့ဝင်များနှင့်မိတ်ဆက်ပေးပြီး တက်ရောက်လာကြသူများက ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြရာ သက်ကြီးကန်တော့ခံပုဂ္ဂိုလ်များ ကိုယ်စား ဦးဘရွှေက ဩဝါဒစကားပြောကြားသည်။

ထို့နောက် ဂေါပကအဖွဲ့ ဦးဆောင်နာယက ဦးတင်ညွန့်က ရခိုင်ပြည်နယ်ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဒုတိယအကြိမ် ငွေကျပ်သိန်းတစ်ထောင်ပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းအား ရှင်းလင်းပြောကြား၍ အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံရယူသည်။

**အတည်ပြုချက်ရယူ**

ယင်းနောက် နှစ်ပတ်လည်အစည်းအဝေးကိုကျင်းပရာ သဘာပတိ ဂေါပကအဖွဲ့ ဦးဆောင်နာယက ဦးလှကျော်အောင်က ဩဝါဒစကားပြောကြားပြီး ဥက္ကဋ္ဌ ဦးစောသိန်းက အမှာစကားပြောကြား၍ ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးစိန်တင်နှင့် အထွေထွေအတွင်းရေးမှူး ဦးဝင်းမောင်တို့က ၂၀၁၉ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် ရငွေ၊ သုံးငွေစာရင်း အကျဉ်းချုပ်တို့ကို တင်ပြကာ အဖွဲ့၏ အတည်ပြုချက်ကို ရယူသည်။

ဂေါပကအဖွဲ့ ဦးဆောင်နာယက ဦးလှကျော်အောင်က "သာသနာတော် ထွန်းကားဖို့အတွက် နိုင်ငံတော်က ဆောင်ရွက်တဲ့နေရာမှာ ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့တွေအနေနဲ့ တစ်ဖက်တစ်လမ်းက ပါဝင်ကူညီဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အဲဒီလိုအပ်ချက်ကို ရခိုင်ပြည်နယ်ဓမ္မာရုံ ဂေါပကအဖွဲ့အနေနဲ့ တစ်ဖက်တစ်လမ်းက ကြိုးစားဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

"ခေတ်အဆက်ဆက်က ဓမ္မာရုံ ဂေါပကအဖွဲ့မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ အသက် ၇၅ နှစ်နှင့်အထက် ဂေါပကအဖွဲ့ဝင်တွေကို အထူးဂုဏ်ပြုပြီး သက်ကြီးပူဇော်ပွဲ ပြုလုပ်ပေးခြင်းဖြစ်ပါတယ်။ သက်ကြီးပူဇော်ပွဲကို ဂေါပကအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနဲ့အတူတွဲပြီး ကျင်းပခြင်းဖြစ်ပါတယ်" ဟု ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစောသိန်းက ပြောသည်။

**သတင်း - ရီရီမြင့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ တက္ကသိုလ်အဆင့် ကင်းထောက်အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၂**
မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် နိုင်ငံခြားဘာသာတက္ကသိုလ်တို့ပူးပေါင်း၍ တက္ကသိုလ်အဆင့် ကင်းထောက်အခြေခံသင်တန်း(၁/၂၀၂၀)ဖွင့်ပွဲကို ယနေ့နံနက် ၁၀နာရီက ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ကျင်းပရာ ကင်းထောက်လူငယ်မောင်မယ်များက ကင်းထောက်ဂုဏ်ရည်တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်၊ မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်တို့က အမှာစကားပြောကြားပြီး ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင်က ကင်းထောက်ပညာနှင့် ကင်းထောက်အစဉ်အလာများကို ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ အမျိုးသား အမျိုးသမီးကြီးများ၊ တက္ကသိုလ်ကင်းထောက်လူငယ်များ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ကင်းထောက်အဖွဲ့တာဝန်ခံ ဒေါက်တာ ဒေါ်ဝေဝေမြင့်နှင့် သင်တန်းတက်ရောက်ကြမည့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ ဖြစ်ကြသည့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့တွင် ၇၄ ဦး၊ မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့တွင် ၈၆ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁၄ ရက်အထိ ဖြစ်သည်။

**မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်**



# စက်ဘီးစီးခရီးစဉ်အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၂**

စက်ဘီးစီးခရီးစဉ်အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၂ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်လတ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ အတွင်းရေးမှူး ဦးကျော်မင်းသန်းတို့က ဆွေးနွေးပြောကြားရာတွင် အဆိုပါစက်ဘီးစီးခရီးစဉ်ကို ကြိုတင်သိရှိနိုင်ရန်နှင့် လမ်းခရီးတွင် လုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ရှေ့ပြေးမော်တော်ယာဉ်–မော်တော်ဆိုင်ကယ် စီစဉ်မှုများ အပါအဝင် အခြားသော လိုအပ်သည်များကို ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ပါရန် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ စက်ဘီးစီးခရီးစဉ်တွင် အီတလီနိုင်ငံ Veneto ဒေသ Porto Viro မှ ခရီးသည် လေးဦးပါ စက်ဘီးအဖွဲ့သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၄ ရက်မှစတင်၍ ၂၁ ရက်အထိ မန္တလေး၊ အမရပူရ၊ မြင်းခြံ၊ ပုဂံခရီးစဉ်ကို လည်းကောင်း၊ ဇန်နဝါရီ ၂၃ ရက်မှ ၂၉ ရက်အထိ အင်းလေး၊ ပင်းတယ၊ ကလော၊ အောင်ပန်း၊ ရမည်းသင်း၊ နေပြည်တော်ခရီးစဉ်ကို လည်းကောင်း၊ စက်ဘီးများစီး၍ လည်ပတ်ပြီး ဖေဖော်ဝါရီ ၅ ရက်တွင် ရန်ကုန်မြို့မှ ဗန်ကောက်မြို့သို့ လေယာဉ်ခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်ဖွင့်လှစ်

**ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)သည် မြန်မာနိုင်ငံ၏ မိခင်နို့ရည်ဘဏ်ကို ကမ္ဘာ့အကောင်းဆုံး နိုင်ငံတကာအလေ့အကျင့်များနှင့်အညီ အဆင့်မြှင့်တင်ခြင်း၊ စံသတ်မှတ်ခြင်းများပြုလုပ်၍ အကောင်းဆုံးဖြစ်အောင် ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။**

အဆိုပါ မိခင်နို့ရည်ဘဏ်သည် မိခင်နို့ရည်တိုက်ကျွေးမှုအထောက်အကူပြုဝန်းကျင်ဖြစ်ပေါ်လာရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုတွင် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပေသည်။ မိခင်နို့တိုက်ကျွေးခြင်းသည် ကလေးငယ်များအတွက် အသက်ရှင်သန်ခြင်း၊ ကြီးထွားခြင်း၊ အသိဉာဏ်ဖွံ့ဖြိုးခြင်းနှင့် မိသားစုများ အသိုက်အဝန်းများနှင့် နိုင်ငံများအတွက် လူမှုစီးပွားတိုးတက်မှုများကို ဖြစ်ပေါ်စေသည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံး နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)ဆေးရုံအုပ်ကြီးနှင့် မွေးကင်းစကလေးအထူးကြပ်မတ်ကုသဆောင် ပါမောက္ခတို့နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားဖော်ပြလိုက်ပါသည်။



ပါမောက္ခ ဒေါက်တာခင်ပြုံးကြည်



ပါမောက္ခ ဒေါက်တာနန့်စမ်းစမ်းအေး

**ပါမောက္ခ ဒေါက်တာခင်ပြုံးကြည်**
**(ဆေးရုံအုပ်ကြီး)**
**ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)**

နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်ကို ဖွင့်ရတဲ့အကြောင်းရင်းက မိခင်ရဲ့ နို့ရည်ဆိုတာ မွေးကင်းစကလေးငယ်တွေအတွက် မရှိမဖြစ် အလွန်လိုအပ်ပါတယ်။ မိခင်ရဲ့နို့ကို အကြောင်းအမျိုးမျိုးကြောင့်မရတဲ့ မွေးကင်းစကလေးလေးတွေ ရှိပါတယ်။ အထူးသဖြင့် ပေါင်မပြည့်၊ လမစေ့တဲ့ ကလေးလေးတွေက မိခင်ရဲ့နို့ရည်ကိုရရှိဖို့ အလွန်အရေးကြီးပါတယ်။ ဒါကြောင့်မို့ နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်ကရရှိတဲ့ ပိုးသန့်စင်ထားတဲ့ မိခင်ရဲ့နို့ကို ရရှိစေဖို့အတွက် စုဆောင်းထားရှိတဲ့ နို့ရည်ဘဏ်ကြီးကို ဒီဆေးရုံကြီးမှာ မွေးကင်းစကလေးကုသဆောင်ကိုပြုပြင်ပြီး ဖွင့်လှစ်ရတဲ့ အခမ်းအနားကို ကျင်းပရခြင်းဖြစ်ပါတယ်။

နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်ဆိုတဲ့အတိုင်း မိခင်တွေဆီက ရရှိလာတဲ့ နို့ကို ပထမဦးဆုံးအဆင့်အနေနဲ့ ဗဟိုအမျိုးသမီးဆေးရုံမှာလာမွေးတဲ့ မိခင်တွေထဲမှာ မိမိတို့ရဲ့ ရင်သွေးငယ်တွေကို သဘာဝအတိုင်း တိုက်ကျွေးပြီး ပိုလျှံတဲ့နို့ကို မိခင်တွေရဲ့ ဆန္ဒအလျောက်ရောဂါပိုးမရှိတဲ့ မိခင်တွေဆီက နို့ရည်ကို စုဆောင်းရရှိတာဖြစ်ပါတယ်။

မိခင်နို့ရည်ဘဏ်က ၁၉၉၄ ခုနှစ်ကစပြီး ဒီဆေးရုံမှာ မွေးကင်းစအထူးကု ဆရာဝန်ကြီးတွေနဲ့ အရင်ဆေးရုံအုပ်ကြီးတွေလက်ထက်ကတည်းက ရှိပြီးသားဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်ဖြစ်ဖို့ဆိုရင် အခန်းအနေအထားကအစ ဒီအခန်းမှာပါဝင်ရမယ့် မိခင်ရဲ့ စနစ်တကျ နို့ရည်ညှစ်ခန်း၊ မိခင်ရဲ့ နို့ရည်စုဆောင်းခန်း၊ ရရှိလာတဲ့ မိခင်ရဲ့ နို့ရည်တွေကို စနစ်တကျသိမ်းဆည်းထားတဲ့ အအေးခန်း၊ နို့ရည်သန့်စင်ခန်း၊ သန့်စင်ပြီးတဲ့ နို့ရည်ကို စုဆောင်းပြီး လိုအပ်တဲ့ကလေးတွေကို ဖြန့်ဖြူးတဲ့အခန်း၊ အခန်းတွေအဆင့်ဆင့်ရှိပါတယ်။ အဲဒီအခန်းတွေကလည်း သာမန်အခန်းတွေလိုမဟုတ်ဘဲ ပိုးသန့်စင်ထားတဲ့၊ ပိုးလုံးဝမရှိတဲ့ အခန်းတွေဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့က နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်လို့ ပြောတာပါ။ နိုင်ငံတကာအဆင့်မီဖို့က အရင်တုန်းက မလုပ်နိုင်ခဲ့ပါဘူး။ အခု ၂၀၁၉ ဇန်နဝါရီလကစပြီး ဖေဖော်ဝါရီလလောက်မှာ အလှူရှင်တွေဆီကလှူဒါန်းတဲ့ ငွေကြေးရယ်၊ စက်ပစ္စည်းကိရိယာတွေ၊ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနကလည်း လိုအပ်တဲ့ပစ္စည်းကိရိယာတွေ၊ အတွင်းပိုင်းပြုပြင်မှုတွေမှာထောက်ပံ့ခွင့်ပြုတဲ့ ရန်ပုံငွေများနဲ့ နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်ကို ပြုပြင်ခဲ့တာဖြစ်ပါတယ်။

နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်မှာ စနစ်တကျပိုးသန့်စင်ထားတဲ့ မိခင်ရဲ့နို့ရည်တွေကို အခန်းထဲမှာ အေးခဲထားပြီး စနစ်တကျ သိုလှောင်ထားတယ်။ လိုအပ်တဲ့အချိန်မှာ လိုအပ်တဲ့ကလေးတွေအတွက် အထူးသဖြင့် ပေါင်မပြည့်၊ လမစေ့တဲ့ ကလေးတွေက မိခင်နို့ရည်ရရှိဖို့ လိုအပ်ပါတယ်။ မိခင်နို့ရည်ဆိုတာ အလွန်မွန်မြတ်တယ်။ ကောင်းမွန်တယ်။ မွေးကင်းစကလေးတွေအားလုံးအတွက် မိခင်နို့ရည်ဟာ အင်မတန်မှ လိုအပ်ပါတယ်။ သဘာဝကရရှိလာတဲ့ မိခင်နို့ဦးရေထဲမှာ ရောဂါကာကွယ်တဲ့ဓာတ်တွေ၊ သက်စောင့်ဓာတ်တွေ၊ ဗိုက်တာမင်စီ သဘာဝအလျောက် ပါဝင်ပြီးသားဖြစ်တဲ့အတွက် မိခင်နို့ချိုရည်ကို မွေးကင်းစကလေးကစပြီး ခြောက်လအထိ၊ မဖြစ်မနေ တိုက်ကျွေးရမှာ ၊ ကလေးနှစ်နှစ်အထိ တိုက်ကျွေးရမှာပါ။ အကြောင်းအမျိုးမျိုးနဲ့ မိခင်က နေမကောင်းလို့သော်လည်းကောင်း၊ မိခင်က နို့မထွက်သေးတဲ့အချိန်မှာ မွေးကင်းစကလေးအတွက် နို့မရ၍သော်လည်းကောင်း၊ အထူးသဖြင့် ပေါင်မပြည့်၊ လမစေ့ဘဲ မွေးတဲ့ မွေးစကလေးတွေက ရောဂါဒဏ်ကို မခံနိုင်ပါဘူး။ အဲဒီကလေးလေးတွေက ဒီလိုစနစ်တကျ ပေါင်းထားတဲ့၊ ပိုးသန့်စင်ထားတဲ့ နို့ရည်ကို ရရှိတဲ့အခါ အင်မတန် အကျိုးကျေးဇူးများပါတယ်။ အဲဒါကြောင့်မို့ မိခင်နို့ကို တိုက်ကြပါ။ မတိုက်နိုင်ရင်လည်း နို့ပေါင်းအနေနဲ့ ဒီလိုမျိုး တိုက်လို့ရပါတယ်ဆိုတဲ့အကြောင်းကို ပြောချင်ပါတယ်။ နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်က ပထမဦးဆုံးအဆင့်အနေနဲ့က ဗဟိုအမျိုးသမီးဆေးရုံမှာ တက်ရောက်နေကြတဲ့ ဆန္ဒရှိတဲ့၊ ကျန်းမာသန်စွမ်းတဲ့မိခင်တွေက ပိုလျှံတဲ့နို့ရည်တွေကို၊ ရောဂါပိုးသန့်စင်တဲ့ နို့ရည်တွေကို အလှူခံနေပါတယ်။ နောက်များမှာဆိုရင် ဒီဆေးရုံမှာပဲမဟုတ်ဘဲ တခြားမိခင်တွေအနေနဲ့ မိမိဆန္ဒရှိရင် လာရောက်လှူဒါန်းနိုင်တဲ့အဆင့်အထိ ရောက်ရှိအောင် ဆောင်ရွက်ပါမယ်လို့ သတင်းကောင်းပါးပါတယ်။ မွေးကင်းစကလေးတိုင်း မိခင်ရဲ့ နို့ရည်များ ရရှိလာခြင်းအားဖြင့် အနာဂတ်ရဲ့ ဉာဏ်ပညာတွေဖွံ့ဖြိုးတဲ့၊ ကိုယ်ကာယတွေ ကျန်းမာသန်စွမ်းတဲ့ သားကောင်း သမီးကောင်း ရတနာလေးတွေ ရရှိနိုင်ပါစေလို့ ပြောကြားလိုပါတယ်။

**ပါမောက္ခ ဒေါက်တာနန့်စမ်းစမ်းအေး**
**(ပါမောက္ခ–မွေးကင်းစ)**
**မွေးကင်းစကလေး အထူးကြပ်မတ်ကုသဆောင်**
**ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)**

မွေးကင်းစကလေးများအတွက် သူတို့ရဲ့ မိခင်နို့ရည်ဟာ အကောင်းဆုံးဖြစ်ပါတယ်။ မိခင်မကျန်းမာလို့ လမစေ့မီ မွေးဖွားသောကလေးများအတွက် မိခင်နို့ရည် လုံလောက်စွာ မရရှိသေးတဲ့အခြေအနေတွေမှာ အကောင်းဆုံး၊ အသင့်လျော်ဆုံး အာဟာရဖြစ်တဲ့ မိခင်နို့ရည်ကို ပေးနိုင်ဖို့၊ မိခင်နို့များ စနစ်တကျ ပိုးသန့်စင်ပြီး သိုလှောင်သိမ်းဆည်းပေးထားနိုင်တဲ့ မိခင်နို့ရည်ဘဏ်ကို ဖွင့်လှစ်ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး မိခင်နို့ရည်ဘဏ်ကို ၁၉၉၄ ခုနှစ်ကစပြီး ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)မွေးကင်းစကလေးအထူးကြပ်မတ် ကုသဆောင်မှာ ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်က တာဝန်ခံ ဆရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေချိန်မှာ ဖွင့်လှစ်ခဲ့ပါတယ်။

မိခင်နို့ရည်ဘဏ်မှ နို့တွေကို မွေးကင်းစကလေးအထူးကြပ်မတ်ကုသဆောင်မှာ တက်ရောက်ကုသနေတဲ့ ကိုယ်အလေးချိန်မပြည့်၊ လမစေ့တဲ့ကလေးများ၊ ကိုယ်အလေးချိန်ပြည့်သော်လည်း နာမကျန်းဖြစ်နေတဲ့ ကလေးများ၊ အစာအိမ်အူလမ်းကြောင်းမှာ ရောဂါဖြစ်ခဲ့သူများ၊ အစာအိမ်အူလမ်းကြောင်း ခွဲစိတ်ကုသခံရတဲ့ ကလေးများ၊ မိခင်နို့လုံလောက်စွာ မရရှိတဲ့ကလေးများကို တိုက်ကျွေးပါတယ်။ မိခင်နို့ရည်ဘဏ်မှ နို့ရည်ဟာမွေးကင်းစကလေးများအတွက် အာဟာရပြည့်ဝပြီး ရောဂါများကို ကာကွယ်စေသောဓာတ်များ ပါဝင်တယ်။ မွေးစကလေးများအတွက် အချိုးအစားညီမျှသော ကစီဓာတ်၊ အသားဓာတ်နဲ့ အဆီဓာတ်များ ပါဝင်တာကြောင့် အစာကို ကြေညက်လွယ်ပါတယ်။ အူလမ်းကြောင်း ရောင်ရမ်းတဲ့ ရောဂါဆိုးကြီးကို ကာကွယ်ပေးပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အကြံပြုချက်မှာလည်း မိခင်ရင်းရဲ့နို့ရည်ကို မရရှိနိုင်တဲ့ မွေးကင်းစကလေးများ အထူးသဖြင့် ကိုယ်အလေးချိန်မပြည့်၊ လမစေ့တဲ့ကလေးငယ်များကို မိခင်နို့ရည်ဘဏ်မှာ စုဆောင်းထားတဲ့ အလှူရှင်မိခင်များရဲ့နို့ရည်ကို အသုံးပြုဖို့ အကြံပေးထားပါတယ်။

မြန်မာနိုင်ငံမှာ လက်ရှိမိခင်နို့ရည်ဘဏ်က ဗဟိုအမျိုးသမီးဆေးရုံကြီးမှာ တစ်ခုရှိပြီး ရန်ကင်းကလေးဆေးရုံကြီးမှာလည်း ၂၀၁၅ ခုနှစ်မှာ စတင်အသုံးပြုနေပြီ ဖြစ်ပါတယ်။ ဆက်လက်ပြီး ရန်ကုန်ကလေးဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီး၊ ၅၅၀ ကလေးဆေးရုံကြီးနဲ့ တောင်ကြီး မိခင်နဲ့ကလေးဆေးရုံကြီးတို့ရဲ့ မွေးကင်းစကလေးအထူးကြပ်မတ်ကုသဆောင်တွေမှာ ဆက်လက်ဖွင့်သွားပါမယ်။ မိခင်နို့ရည်ဘဏ်က မွေးကင်းစကလေးအထူးကြပ်မတ်ကုသဆောင်မှာ တက်ရောက်ကုသနေတဲ့ ကလေးများရဲ့ အစာအာဟာရအတွက် မရှိမဖြစ်လိုအပ်ပါတယ်။ အခုလို နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်ကို တည်ဆောက်နိုင်အောင်ပံ့ပိုးပေးတဲ့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန၊ လိုအပ်သမျှအကူအညီတွေပေးတဲ့ Alive & Thrive South–east Asia အဖွဲ့အစည်း၊ Unicef နဲ့ ငွေအား၊ လုပ်အား အလှူရှင်ကလေးမိခင်များအားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီမိခင်နို့ရည်ဘဏ်မှာ နို့ရည်များမပြတ်အောင် နို့တိုက်မိခင်များမှ နို့ရည်များ လာရောက်လှူဒါန်းပေးပါလို့ ဖိတ်ခေါ်ပါတယ်။

**တွေ့ဆုံမေးမြန်း – ရီရီမြင့်**
**ဓာတ်ပုံ – ဇော်မင်းလတ်**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၂

နေပြည်တော် နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ မိုး/ဇလ

# ရန်ကုန်တက္ကသိုလ်၏ အမှတ်တရပုံရိပ်စကားသံများ

မြင့်မြတ်သစ္စာ

ရန်ကုန်တက္ကသိုလ်သည် တစ်ချိန်က အရှေ့တောင်အာရှတွင် ထင်ရှားခဲ့သောတက္ကသိုလ်ကြီးတစ်ခုဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်တွင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလဆိုလျှင် နှစ်ပေါင်း ၁၀၀ သက်တမ်းပြည့်ပြီ ဖြစ်သည်။ ကိုလိုနီခေတ်တွင် ဖွင့်လှစ်ခဲ့သောကြောင့် မြန်မာနိုင်ငံကြီး၏ အနိမ့်၊ အမြင့် အပြောင်းအလဲတို့ကို အနီးကပ်သိမြင်ခဲ့ရသော တက္ကသိုလ်ကြီးတစ်ခုလည်း ဖြစ်သည်။ ၁၈၈၅ ခုနှစ် ကုန်းဘောင်နောက်ဆုံးမင်းဆက် သီပေါမင်း ပါတော်မူပြီးနောက် ၃၅ နှစ်အကြာတွင် ဧက ၄၅၀ ကျယ်ဝန်းသော သစ်တောထူထပ်သည့် ရန်ကုန်တက္ကသိုလ်နေရာအား ရှင်းလင်း၍ သစ်ပုပ်ပင်ကြီးကိုဗဟိုပြုကာ တက္ကသိုလ်အဆောက်အဦများကို တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။



ဆရာချစ်ဦးညို (စာရေးဆရာ)



ဒါရိုက်တာညီညီထွန်းလွင်
(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)



ဆရာမနုနုရည်(အင်းဝ)

ယနေ့ ရန်ကုန်တက္ကသိုလ်ကြီးသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း အသွင်အပြင်များနှင့် မတူဘဲ ပြောင်းလဲတိုးတက်ခဲ့ပြီး မပြောင်းလဲသောအရာတို့မှာ ထိုအချိန်က ခံ့ညားတည်ငြိမ်စွာဖြင့် ယနေ့တိုင် တွေ့မြင်ရလျက်ရှိသော ကျောင်းတော်ကြီးနှင့် အထင်ကရရုပ်ဝတ္ထုများပင်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကြီးသည် တိုင်းပြည်အတွက် သားကောင်းရတနာများစွာကို မွေးဖွားပေးခဲ့ပြီး ဖြစ်သည်။ အသက်ရာကျော် ကျောင်းသားဟောင်းကြီးများနှင့် အသက် ၅၀ အထက် ကျောင်းသားဟောင်းတို့အတွက် အမိတက္ကသိုလ် အဓိပတိလမ်းပေါ်တွင် ခြေချလိုက်သည်နှင့် နုပျိုစဉ်ဘဝက ဤကျောင်းတော်ကြီးတွင် ပညာသင်ကြားခဲ့စဉ် ကျောင်းသားတစ်ဦး၏ အစားထိုး၍မရသော လွတ်လပ်ပျော်ရွှင်မှုတို့ကို ပြန်လည်အမှတ်ရမိစေလျက် ပြန်လည်နုပျိုလန်းဆန်းစေသော မှော်အစွမ်းကို ယနေ့တိုင် ပေးစွမ်းလျက်ရှိသည်။

တစ်ချိန်က ရန်ကုန်တက္ကသိုလ်မှ မွေးထုတ်ပေးခဲ့သော ကျောင်းသားကျောင်းသူတို့မှာ ယနေ့တွင် နယ်ပယ်အသီးသီး၌ မိမိတို့ဘဝလမ်းကြောင်းအတိုင်း လျှောက်လှမ်းလျက်ရှိသည်။ ယင်းတို့အနက်မှ စာပေ၊ အနုပညာဖြင့် နိုင်ငံနှင့်ပြည်သူ့ကို အကျိုးပြုလျက်ရှိသော စာပေအနုပညာရှင်သုံးဦး၏ စကားသံများကို အောက်ပါအတိုင်း မျှဝေပေးလိုက်ပါသည် -

## ဆရာချစ်ဦးညို (စာရေးဆရာ)

ကျွန်တော်က ၁၉၆၃-၁၉၆၄ ခုနှစ်ကနေ ၁၉၆၇-၁၉၆၈ ခုနှစ် စာသင်နှစ်အတွင်းမှာ ရန်ကုန်ဝိဇ္ဇာနဲ့ သိပ္ပံမှာ ဒဿနိကဗေဒ အဓိက ကျောင်းသား ဖြစ်ခဲ့ပါတယ်။ ကျောင်းနေပျော်လို့ စာတော်တယ်လို့ ဆိုရမလားပဲ။ တက္ကသိုလ်အနုပညာအသင်းမှာလည်း ဆို၊ က၊ ရေး၊ တီး အကုန်ပါတယ်။ တစ်ဖက်မှာလည်း ဒဿနိကဗေဒခေါ်တဲ့ ဖလော်ဆော်ဖီကို တော်တော်လေးဝါသနာပါ နှစ်ခြိုက်တဲ့အတွက် စိတ်ပါဝင်စားတဲ့ ဘာသာရပ်ဖြစ်တာကြောင့် သင်ကြားရေးမှာ လွယ်ကူအဆင်ပြေခဲ့တယ်။ နောက်ဆုံးနှစ်မှာ Paper လေးခုမှာ Paper သုံးခုကို Grade 5 ရတယ်။ ပြီးတော့ မဟာဝိဇ္ဇာဆက်တက်တယ်။ အဲဒီအချိန်မှာပဲ လုပ်သားများ ကောလိပ်မှာ ကျူတာခန့်တယ်။

တက္ကသိုလ်တက်တဲ့ အချိန်မှာ အဲဒီအချိန်က လွှမ်းမိုးခဲ့တဲ့ စာတွေမှာ လက်ဝဲစာပေတွေ လွှမ်းမိုးတယ်။ ဆူးလေဘုရားအဝိုင်းက စာအုပ်ဆိုင်မှာ ရုရှားနိုင်ငံက ထုတ်ဝေတဲ့ စာအုပ်တွေဝယ်ဖတ်ပြီး အချင်းချင်းဆွေးနွေးရင်း လက်ဝဲစာပေလွှမ်းမိုးမှု ခံရတယ်။ လက်ဝဲဝါဒရဲ့ လွှမ်းမိုးရိုက်ခတ်မှုကို အများကြီးရရှိခဲ့တယ်။ ကျောင်းမှာလည်း စာကမပြတ်တော့ ဖလော်ဆော်ဖီ လေ့လာလိုက်၊ လက်ဝဲဝါဒ ယိမ်းလိုက်နဲ့ တစ်မျိုးတော့ ဖြစ်နေတာပေါ့ဗျာ။ အဲဒီအချိန်မှာ ကျွန်တော်တို့ ဖတ်ခဲ့တဲ့ စာအုပ်တွေက ဆရာဇော်ဂျီရဲ့ စာအုပ်တွေ၊ အနောက်တိုင်း ဒဿနိကဗေဒသမိုင်း၊ ဖလော်ဆော်ဖီနဲ့ ပတ်သက်တဲ့ စာအုပ်တွေ၊ ရသပညာနဲ့ ပတ်သက်တဲ့ စာအုပ်တွေ၊ ပြီးတော့ ဆရာမကြီး ဒေါ်ခင်စောရီနဲ့ ဒေါက်တာခင်မောင်ဝင်း၊ ဆရာဦးစိုးမြင့်တို့ရဲ့ သင်ကြားပို့ချမှုတွေနဲ့ ဖြတ်သန်းခဲ့ရတာပါ။

### တက္ကသိုလ် ရွှေရတုသဘင် ခြိမ့်ခြိမ့်သဲကျင်းပ

အဲဒီအချိန်မှာ မြေစမ်းခရမ်းပျိုးစာပေ ရေးသားနေချိန်ပါ။ ၁၉၇၀ ပြည့်နှစ်၊ အောက်တိုဘာလအထူးထုတ် မိုးဝေမဂ္ဂဇင်းမှာ "ရန်ကုန်မြို့အလယ်"ဆိုတဲ့ ဝတ္ထုတိုဟာ ကျွန်တော့်ရဲ့ ပထမဆုံးပုံနှိပ်စာမူပါပဲ။ ၁၉၇၀ ပြည့်နှစ် မှတ်မှတ်ရရရှိတာက လုပ်သားများကောလိပ်မှာ ဆရာဖြစ်နေတော့ လုပ်သားများကောလိပ် အနုပညာအသင်းမှာလည်း အတွင်းရေးမှူးဖြစ်တဲ့အတွက် ရန်ကုန်တက္ကသိုလ်ရဲ့ ရွှေရတုသဘင်ကို ခြိမ့်ခြိမ့်သဲကျင်းပကြတယ်။ လုပ်သားများ ကောလိပ်က ကျွန်တော့်အစီအစဉ်နဲ့ မင်းသားပြိုင်၊ အငြိမ့်၊ ရုပ်ကြီးစင်၊ ယိမ်းစတဲ့အစီအစဉ်လေးခုကို ကျွန်တော့်ဖခင် ဦးရွှေဒေါင်းညိုနဲ့ အစ်မ



အပြာရောင်ကမ္ပည်းပြားမှတ်တမ်းဝင် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ သစ်ပုပ်ပင်။ ဓာတ်ပုံ -ဥဿာ

> တက္ကသိုလ်ရာပြည့်မှာ ကျွန်တော်တို့ တတ်နိုင်တဲ့ဘက်က စာပေဖြစ်စေ၊ အနုပညာဖြစ်စေ၊ မိမိတတ်ကျွမ်းရာ တစ်ခုခုနဲ့ဖြစ်စေ တိုင်းပြည်နဲ့ လူမျိုးအတွက် အကောင်းဆုံးဖြစ်အောင်၊ တက္ကသိုလ်ရဲ့ ပုံရိပ်ကြီး အကောင်းဆုံး လှပအောင် ထမ်းဆောင်ကြဖို့ အရေးကြီးပါတယ်
>
> ဆရာချစ်ဦးညို (စာရေးဆရာ)

ဖြစ်သူ ယိုးဒယားအမာစိန်တို့ အကူအညီနဲ့ ကျွန်တော်ကိုယ်တိုင်မင်းသားအဖြစ် ပါဝင်ကပြခဲ့တယ်။

၁၉၇၇ ခုနှစ်မှာ လုံးချင်းဝတ္ထုဖြစ်တဲ့ "လက်ဘ်ဒီပချစ်သူ" စာအုပ်ထွက်ပါတယ်။ တက္ကသိုလ်ကျောင်းသားဘဝမှာ စာဖတ်တယ်။ အနုပညာအသင်းမှာ ကျင်လည်တယ်။ တက္ကသိုလ်စာကြည့်တိုက်ကြီးကို အသုံးချပြီး ဆရာဇော်ဂျီကို ခဏခဏ သွားကြည့်တယ်။ မှတ်မှတ်ရရပုံရိပ်ဆိုရင် ၁၉၆၄ ခုနှစ်မှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကွယ်လွန်တယ်။ ဦးသန့်အရေးအခင်း ကြုံခဲ့ရတယ်။ အဖမ်းမခံရအောင် ထွက်ပြေးခဲ့ရတာပေါ့။

နောက်မှတ်မှတ်ရရကတော့ တစ်ကျောင်းလုံး မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဘွဲ့နှင်းသဘင်ခန်းမကြီးမှာ ကျင်းပတဲ့အခါမှာ တက္ကသိုလ်အနုပညာအသင်းက ဖျော်ဖြေရတယ်။ အဲ့ဒီမှာ ကျွန်တော်က ခြောက်လုံးပတ်တီးပြီး အကော်ဒီယံလည်းဆွဲသေးတယ်။

ဆရာဦးကိုယု၊ ဒေါက်တာကျော်စိန်နဲ့ ဆရာမဒေါ်သိန်းတင်တို့က "ဘိလပ်ပြန်မောင်သောင်းဖေ"ဆိုတဲ့ တစ်ခန်းရပ်ပြဇာတ်ကို ကခဲ့တာ ယနေ့တိုင်အမှတ်ရစရာပါပဲ။ အင်မတန်လည်း ကောင်းပါတယ်။ ရန်ကုန်တက္ကသိုလ်နဲ့ ပတ်သက်ရင် အမှတ်တရတွေဆိုတာ ကျောင်းသားတိုင်းမှာ ရှိကြမှာပါ။ ညဘက်ဆိုရင် ရတနာအဆောင်မှာ ပတ္တလားနဲ့ သီချင်းဆိုတယ်။ ဒွေါဂျစ်ကားပေါ်မှာ စန္ဒရားကြီးတင်ပြီး ဆိုကြတယ်။ အမှတ်ရစရာတွေပေါ့။

### တက္ကသိုလ်နောက်ခံဝတ္ထုတွေက ဖမ်းစား

အဲဒီအချိန် ကျောင်းသားဘဝမှာ ဆရာကြီးဆန်းထွန်း (မန်းတက္ကသိုလ်)ရဲ့ "ရှေ့သို့" ဆိုတဲ့ ဝတ္ထုခေတ်စားတယ်။ ပြီးတော့ ဆရာပါရဂူရဲ့ ဝတ္ထုတွေ၊ ဆရာမြသန်းတင့်ရဲ့ ဝတ္ထုတွေ၊ ဆရာမကြီး ဒေါ်ခင်နှင်းယုရဲ့ ဝတ္ထု၊ တက္ကသိုလ်နောက်ခံဖြစ်တဲ့ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ရဲ့ ဝတ္ထုတွေ၊ ဆရာကြီး တက္ကသိုလ်ခင်မောင်အေးရဲ့ တက္ကသိုလ်နောက်ခံဝတ္ထုတွေဟာ ကျောင်းသားတွေကို အင်မတန်ဖမ်းစားခဲ့တာပေါ့ဗျာ။ ၂၀၂၀ ပြည့်နှစ်မှာ ရန်ကုန်တက္ကသိုလ်ဟာ နှစ်ပေါင်း ၁၀၀ သက်တမ်းရှိပြီပေါ့နော်။ ၁၉၂၀ ပြည့်နှစ်မှာ စတင်လှုပ်ရှားခဲ့တဲ့ ပထမကျောင်းသားသပိတ်သမိုင်းကို အားလုံးသိသင့်တယ်။ အထူးသဖြင့် တက္ကသိုလ်ကျောင်းသားကျောင်းသူနဲ့ ဆရာ ဆရာမတွေ ပိုသိသင့်ပါတယ်။

၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ဟာ ဘယ်လောက်အထိ ပြင်းထန်သလဲဆိုရင် ပထမမှာ ပညာရေးမူဝါဒနဲ့ ပတ်သက်ပြီး ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားတွေလှုပ်ရှားခဲ့ကြတာ။ နောက်ပိုင်းမှာ နိုင်ငံရေးအနှစ်သာရအသွင်ကိုယူပြီး ကိုလိုနီစနစ်အောက်က ရုန်းထွက်ရေး၊ အမျိုးသားလွတ်မြောက်ရေးနဲ့ နယ်ချဲ့ဆန့်ကျင်ရေးဆိုတဲ့အဆင့်ထိ ရောက်လာတဲ့အတွက်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ဒီတက္ကသိုလ်ကြီးရဲ့ အစဉ်အလာဟာ အင်မတန်ကြီးမားပါတယ်။ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ အမျိုးသားနေ့ ဖြစ်ပေါ်လာတာဟာလည်း ဒီတက္ကသိုလ်သပိတ် စတင်မှောက်တဲ့နေ့ပါပဲ။

အင်မတန်တန်ဖိုးကြီးတာကြောင့် အဲဒီကျေးဇူးကို မမေ့မပျောက်ဘဲ တက္ကသိုလ်ရာပြည့်မှာ ကျွန်တော်တို့တတ်နိုင်တဲ့ဘက်က စာပေဖြစ်စေ၊ အနုပညာဖြစ်စေ၊ မိမိတတ်ကျွမ်းရာ တစ်ခုခုနဲ့ဖြစ်စေ တိုင်းပြည်နဲ့ လူမျိုးအတွက် အကောင်းဆုံးဖြစ်အောင်၊ တက္ကသိုလ်ရဲ့ ပုံရိပ်ကြီး အကောင်းဆုံးလှပအောင် ထမ်းဆောင်ကြဖို့ အရေးကြီးပါတယ်။ ခေတ်ပြိုင်စာရေးဆရာတွေဆိုရင် ဆရာနန္ဒာသိန်းဇံ၊ ဆရာမောင်ဝဏ္ဏ၊ ဆရာမင်းလူတို့ပါပဲ။ ယနေ့ထိ ရသစာပေကို ဆက်လက်ရေးနေတဲ့ ဆရာမြဝင်း(ဒဿန)၊ ဆရာမောင်ကြည်သစ်တို့လည်း ဒဿနိကဗေဒထွက်တွေဖြစ်ပြီး စာရေးကြတဲ့ စာရေးဆရာတွေပါပဲ။

## ဒါရိုက်တာညီညီထွန်းလွင် (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)

ကျွန်တော် ၁၉၆၉ ခုနှစ်မှာ ၁၀ တန်းစာမေးပွဲအောင်ပြီး ရူပဗေဒဘာသာ အဓိကယူခဲ့တယ်။ ၁၉၇၃ ခုနှစ် ရာဇူးမှာ ကျောင်းပြီးပါတယ်။ ၁၉၆၉-၁၉၇၃ ခုနှစ် ရာဇူး Physic Major ရွှေရတုသဘင်ပွဲကို သစ်ပုပ်ပင်ကြီးနဲ့ အမှတ်တရနေရာတွေမှာ ဓာတ်ပုံရိုက်ပြီး စိမ်းလန်းစိုပြည်မှာ စားသောက်ပွဲ ကျင်းပခဲ့တယ်။ ရန်ကုန်တက္ကသိုလ် ရင်ငွေ့လှုံခဲ့ရတာဆိုပေမယ့် စာပေနဲ့ နည်းနည်းဝေးတယ်လို့ ဆိုရမယ်။ နောက်ဆုံးနှစ်မှာ ကျောင်းသားဇာတ်ဝင်ခန်းအဖြစ် ထွန်းထွန်းဝင်းနဲ့အတူ ပထမဆုံး ပါဝင်ခဲ့ပါတယ်။ ကျောင်းဆရာအဖြစ် ကိုဇော်လင်းနဲ့ မင်းသမီးခင်သီတာထွန်းပေါ့။ ဖက်ဖူးရောင်ဇာတ်ကားမှာ ကျောင်းသားဆိုးအဖြစ် အင်္ကျီသုံးထည်ဆင့်တူဝတ်ပြီး ပြင်ဦးလွင်အပါအဝင် ရုပ်ရှင်စရိုက်ဖြစ်ခဲ့တယ်။ နောက်ပိုင်းဇာတ်ညွှန်းပဲရေးဖြစ်တယ်။ ဆရာတင်အောင်မြင့်ဦးထံမှာ တပည့်ခံရင်း တောက်တိုမည်ရ ဇာတ်ကားကူး၊ ဇာတ်ကားဆက်၊ ရိုက်ကွင်းမှာ မှတ်တမ်းရေး၊ ကလက်ရိုက်၊ ဇာတ်ညွှန်းရေးလုပ်ရင်း ပညာယူခဲ့ရတယ်။ အများဆုံးရုပ်ရှင်ဇာတ်ညွှန်းပဲ နီးစပ်ခဲ့တယ်။

### ကဗျာက ကျောင်းသားထု ရင်ကိုကိုင်လှုပ်

ကျွန်တော်တို့ ကျောင်းသားဘဝမှာ သတိရတာက ဆရာမောင်ပန်းမွှေးကဗျာတွေနဲ့ပဲ လူလားမြောက်လာတယ်လို့ ပြောရမယ်။ ဆရာမောင်ပန်းမွှေး ကဗျာတွေက ပို့စကတ်မှာ အမြဲပါတယ်။ ဗိုလ်ချုပ်ဈေးအဝင်နဲ့ ရန်ကုန်မြို့ထဲက ဆိုင်တွေမှာ ဘယ်ဆိုင်ဖြစ်ဖြစ် မောင်ပန်းမွှေးကဗျာအကုန်ရတယ်။ ဆရာမောင်ပန်းမွှေးကဗျာနဲ့မှ ကျောင်းသူတွေကို မပေးနိုင်ရင် ခေတ်မမီသလို အဲဒီအချိန်က ဖြစ်ခဲ့တယ်။ ပို့စကတ်မှာပါတဲ့ ကဗျာလေး သုံးကြောင်းဟာ ရန်ကုန်တက္ကသိုလ် ကျောင်းသားထုရဲ့ ရင်ကိုကိုင်လှုပ်ပြီး ဖမ်းစားခဲ့တာဆိုတော့ အဲဒီအချိန်က ကျောင်းသားတွေ ယနေ့တိုင်မှတ်မိကြမှာပါ။ ဆရာချစ်ဦးညိုဆိုရင် ရုပ်ပြစာအုပ်ဖြစ်တဲ့ လက်ဘဒီပချစ်သူစာအုပ်ကို ပန်းချီမြတ်ဝင်းထိန် ရေးဆွဲပြီး ဖတ်ရတာဟာ ကျောင်းသားထုတစ်ခုလုံး မကဘူး၊ မြန်မာတစ်ပြည်လုံး ကြိုက်နှစ်သက်ခဲ့ကြတယ်။ မှတ်မှတ်ရရပေါ့လေ။ ကျွန်တော်တို့က ရာမဇာတ်တော်မှာ ဒဿဂီရိဘီလူးကို မုန်းခဲ့တာ၊ လူကြမ်းကြီးအဖြစ် သိခဲ့တာ။ ဆရာချစ်ဦးညို ရေးလိုက်တာ ဒဿဂီရိဟာ အချစ်သူရဲကောင်းဖြစ်သွားတယ်ဆိုတော့ ရန်ကုန်တက္ကသိုလ်ကို တော်တော်ကိုင်လှုပ်ပြီး ကျောင်းသား၊ ကျောင်းသူတွေ ရင်ထဲမှာ အံ့ဩပြီး သဘောကျစေခဲ့တယ်။ တက္ကသိုလ်ကျောင်းသားဘဝမှာ အမှတ်ရစရာတွေထဲမှာ ဆရာမောင်ပန်းမွှေးကဗျာနဲ့ ဆရာချစ်ဦးညိုရဲ့ လက်ဘဒီပချစ်သူ ရုပ်ပြစာအုပ်ကတော့ ယနေ့တိုင် ပုံရိပ်အဖြစ် ရှင်သန်နေပါတယ်။

ကျောင်းသားဘဝမှာ ကျောင်းသား၊ ကျောင်းသူတွေ အလုအယက်ဖတ်ရတာက ဆရာမောင်သာရ စာအုပ်တွေပဲ။ ဆရာမောင်သာရ ဝတ္ထုကို မဖတ်ရင် ခေတ်မမီဘူးဖြစ်ခဲ့တယ်။ မတ်တတ်ရပ်၍ လမ်းမှာငို၊ မျိုးမပကာသနီစာအုပ်တွေ အပါအဝင် စာအုပ်အားလုံးကို စွဲစွဲလမ်းလမ်းနဲ့ ကျွန်တော်အပါအဝင် ကျောင်းသားတွေ ဖတ်ခဲ့ကြတယ်။ အခြားစာရေးဆရာတွေရေးတဲ့ ဘဝသရုပ်ဖော်တွေ၊ နိုင်ငံရေးစာပေတွေရှိတယ်။ ရန်ကုန်တက္ကသိုလ်နဲ့ ပတ်သက်ရင် မှတ်မှတ်ရရအဖြစ် ကျောင်းသားအားလုံးရင်ထဲမှာ ကျန်ရစ်ကြမှာပါ။

### ကဏ္ဍအသီးသီးပူးပေါင်းမှုသမိုင်းမှတ်တိုင်

ပြီးခဲ့တဲ့ ဒီဇင်ဘာလမှာ ကျောင်းထဲကို ရောက်သေးတယ်။ အပြောင်းအလဲမရှိပေမယ့် သစ်ပင်ခုတ်တယ်ကြားလို့ သစ်ပုတ်ပင်ကြီး ကျန်သေးသလားဆိုပြီး သူငယ်ချင်းအချင်းချင်း နောက်ပြောင်ရင်း ရောက်ခဲ့သေးတယ်။ ကျောင်းကြီးက စိမ်းလန်းစိုပြည်တုန်းပါပဲ။ အီကို ကင်တင်းကိုသွားတဲ့ စကြံလမ်းကတော့ ကျွန်တော်တို့ခေတ်လို ဟာလာဟင်းလင်းကြီး မဟုတ်တော့ဘူး။ တစ်ခုတော့ရှိမယ်။ ရန်ကုန်တက္ကသိုလ်ဝင်းထဲမှာ တံတိုင်းတွေ ခတ်တာတော့ ခံစားလို့မရဘူး။ တက္ကသိုလ်အပန်းဖြေရိပ်သာ နောက်မှာ ဝင်းတံတိုင်းတွေ ခတ်တာကိုတော့ သဘောမကျကြဘူး။ ရန်ကုန်တက္ကသိုလ်ကြီးအတွင်းမှာ လွတ်လွတ်လပ်လပ် သွားလာလို့ရအောင် ယခင်ထဲက ဝင်းခတ်တာမရှိခဲ့ဘူး။ ကြုံလို့ပြောပြတာပါ။ လူမှုကွန်ရက်တွေမှာလည်း တွေ့ရမှာပါ။ ရန်ကုန်တက္ကသိုလ်ကြီး နှစ်ရာပြည့်ပွဲဟာ တစ်ကြိမ်ပဲကြုံဆုံရတဲ့ ပွဲဖြစ်တဲ့အပြင် အစဉ်အလာကြီးမားတဲ့ ကျောင်းတော်ကြီးဖြစ်တာကြောင့် အားလုံးဝိုင်းဝန်းပြီး ကဏ္ဍနယ်ပယ်အသီးသီးကနေ ပူးပေါင်းမှုနဲ့ သမိုင်းမှတ်တိုင် စိုက်ထူစေလိုပါကြောင်း ဆန္ဒပြုလိုက်ပါတယ်။



ရန်ကုန်တက္ကသိုလ်ဝင်းရှိ ဂျပ်ဆင်ဘုရားရှိခိုးကျောင်း။ ဓာတ်ပုံ – ဇော်မင်းလတ်



ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ။ ဓာတ်ပုံ – ဥဿာ




ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ။ ဓာတ်ပုံ – ဥဿာ

### ဆရာမနုနုရည်(အင်းဝ)

ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ စတင်တည်ထောင်တာဆိုတော့ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့ဆိုရင် နှစ်တစ်ရာပြည့်ခဲ့ပါပြီပေါ့။ နှစ်တစ်ရာပြည့်မြောက်ခဲ့တဲ့ တက္ကသိုလ်ဆိုတဲ့ ဝေါဟာရနဲ့အတူ တက္ကသိုလ်ဆိုင်ရာ အခြားဝေါဟာရများအကြောင်းကို ကျွန်မတို့ ဆရာ၊ ဆရာတိုက်(ဆရာတိုက်စိုး)ရဲ့ " တက္ကသိုလ်ဆိုင်ရာ ဝေါဟာရဘာသာပြန်အစ"ဆိုတဲ့ ဆောင်းပါးလေးထဲမှာ တွေ့တာလေးကို မျှဝေချင်ပါတယ်။

### ကိုယ်ကျင့်သီလနဲ့ ရင့်ကျက်မှုသင်ကြားပေး

တက္ကသိုလ်ဆိုတာကို ယခင်က ယူနီဗာစီတီလို့ပဲ အင်္ဂလိပ်ဘာသာကနေ တိုက်ရိုက်အသံထွက်ပြီး ရန်ကုန်ယူနီဗာစီတီလို့ပဲ ခေါ်ဝေါ်ခဲ့ကြပါတယ်။ တချို့ကလည်း သိပ္ပံကျောင်းတော်ကြီး၊ မဟာသိပ္ပံကျောင်းတော်ကြီးလို့လည်း ခပ်ရောရော သုံးနှုန်းခဲ့ကြဖူးပါတယ်။ ၁၉၃၀ ပြည့်နှစ် စက်တင်ဘာလ ၂၇ ရက်နေ့မှာ ပင်းယဆောင်မှာ ကျင်းပခဲ့တဲ့ ပညာရှင်များရဲ့ အင်္ဂလိပ်ဝေါဟာရများကို မြန်မာပြန်ဆိုရေး အစည်းအဝေးကနေပြီး ယူနီဗာစီတီကို တက္ကသိုလ်လို့ မြန်မာမှုပြုခဲ့ပါတယ်။ တက္ကသိုလ်ဆိုတာ တက္ကသီလဆိုတဲ့ ပါဠိစကားကို မြန်မာပြုထားတာဖြစ်ပြီး "လိုရာဖြည့်ဆည်းခြင်း"လို့ အဓိပ္ပာယ်ထွက်ပါသတဲ့။ အဲဒီတက္ကသီလဆိုတဲ့ တက္ကသိုလ်ရဲ့ အဓိပ္ပာယ်ကို ဆရာဇော်ဂျီကတော့ တက္ကသိုလ်ဆိုတာ ဘာသာရပ်ဆိုင်ရာ ပညာတွေကိုသာ သင်ကြားပေးတဲ့နေရာမဟုတ်ဘဲ ကိုယ်ကျင့်သီလနဲ့ ရင့်ကျက်မှုကိုပါ သင်ကြားပေးတဲ့နေရာလို့ ဖွင့်ဆိုခဲ့ပါတယ်။

ရန်ကုန်ယူနီဗာစီတီ(သို့မဟုတ်) ရန်ကုန်တက္ကသိုလ်ကြီးဟာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှာ နှစ်ပေါင်းတစ်ရာ ပြည့်ပါတော့မယ်။ ၁၉၈၂-၁၉၈၃ ခုနှစ် စာကြည့်တိုက်ပညာ ဒီပလိုမာကျောင်းသူတစ်ဦးအနေနဲ့ ပညာရင်နို့သောက်စို့ဖူးခဲ့တဲ့ အမိတက္ကသိုလ်ရဲ့ ရာပြည့်ပွဲကို ရန်ကုန်တက္ကသိုလ်နှစ်(၅၀) ပြည့် ရွှေရတုအခါမှာ ဆရာအောင်ပြည့်ရဲ့ ဆုတောင်းလေးအတိုင်း ဆုတောင်းပေးလိုပါတယ်။ ဟိသစ္စ အမှန်ဆိုခြင်းသည် စကားများကြောင့် နောင်အနှစ်ငါးဆယ်ကြာ မြသီတာအရှင်၏ "ရာပြည့်ပွဲ" သည် ယခုထက်၊ ထက်ကဲ ခြိမ့်ခြိမ့်သဲသဲ ပါစေသတည်းလို့ ဆုမွန်ကောင်းခြွေလိုပါတယ်။

### နှစ်တစ်ရာပြည့် ကြုံကြိုက်မှုဂုဏ်ယူဖွယ်

နိုင်ငံအသီးသီးတွင် ထိုနိုင်ငံကိုယ်စားပြုတက္ကသိုလ်ကြီးများရှိကြပြီး ထိုကျောင်းများသည် မိခင်နိုင်ငံကိုသာမက ကမ္ဘာကိုကျော်စေသည့်အထိ ဂုဏ်ရှိန်ကြီးသော တက္ကသိုလ်များလည်းရှိကြပါသည်။ ရန်ကုန်တက္ကသိုလ်သည် တစ်ချိန်က ကမ္ဘာကျော်ခဲ့သော ကျောင်းတော်ကြီးဖြစ်ခဲ့သည်။ ယနေ့အခါတွင် ထိုကျောင်းတော်ကြီးမှာ သက်တမ်းနှစ်တစ်ရာပြည့်နှင့် ကြုံကြိုက်ခွင့်ရရှိမှုသည် ဂုဏ်ယူဖွယ်ပင်ဖြစ်သည်။

ထိုတက္ကသိုလ်ကြီးတွင် ပညာသင်ကြားပြီး ဘဝဖြတ်သန်းခဲ့ကြသော ကျောင်းသားဟောင်းကြီးများမှာ တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခဲ့၊ ထမ်းဆောင်နေသူများ ရှိသလို ပြည်ပတွင်ရောက်ရှိနေသူများလည်း ရှိသည်။ မျိုးဆက်သစ်များကိုလည်း ကျောင်းတော်ကြီးမှ ဆက်လက်မွေးထုတ်ပေးလျက်ရှိသည်။ သို့ဖြစ်၍ ရန်ကုန်တက္ကသိုလ်နှစ်ရာပြည့်မှသည် နှစ်ရာပေါင်းများစွာ အခွန့်ရှည်တည်တံ့လျက် ဂုဏ်သတင်း သင်းပျံ့ပါစေကြောင်း။ ။

# နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်မည့်အစီအမံများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲက မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးလှိုင်ဝင်း၊ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌ၊ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများ၊ ဓာတ်အားပေးစက်ရုံမှူးများ၊ ပင်မဓာတ်အားခွဲရုံမှူးများ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်တို့၏ လျှပ်စစ်မန်နေဂျာများ၊ လျှပ်စစ်အင်ဂျင်နီယာများ တက်ရောက်ကြသည်။

## ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းလုံးသို့ လာမည့်နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၌လည်း အစည်းအဝေးပြုလုပ်၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သလို ယခု မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင်လည်း ဌာနအလိုက်ဆောင်ရွက်ထားမှုအပေါ် ပေါင်းစပ်ညှိနှိုင်းရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ အနာဂတ်လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး ရည်မှန်းချက်အဖြစ် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ မီးသုံးစွဲနိုင်မှု ၅၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ရာနှုန်းပြည့် လျှပ်စစ်မီးသုံးစွဲနိုင်အောင် စီမံဆောင်ရွက်လျက်ရှိသည်ကို အားလုံးသိရှိထားပြီးဖြစ်သဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တစ်ဖက်တွင်လည်း လာမည့်နွေရာသီကာလအတွက် လျှပ်စစ်သုံးစွဲမှု တိုးတက်လာသည်ကို ဖြည့်ဆည်းနိုင်ရန် လျှပ်စစ်ထုတ်လုပ်မှုကိုလည်း (၁၁၆၆ မဂ္ဂါဝပ်) တိုးတက်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်ထားပြီးဖြစ်၍ သတ်မှတ်ကာလများတွင် အချိန်မီ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

## ပြည်သူကို ဝန်ဆောင်မှုပေးနေရသည့်ဌာန

ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့အတွက် လိုင်းသန့်ရှင်းရေးပြုလုပ်ခြင်းအပါအဝင် ထိန်းသိမ်းပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ ဓာတ်အားလိုင်းများအနေဖြင့်လည်း လိုင်းတစ်လိုင်း အပြစ်ဖြစ်ပွားချိန်၌ အခြားလိုင်းတစ်လိုင်းမှ ပြန်လည်ဓာတ်အားပေးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများသည် ပြည်သူလူထုနှင့် အနီးကပ်ဆုံးဖြစ်သည့်အလျောက် မိမိတို့၏ လုပ်ဆောင်ချက်များ၊ တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ပြည်သူလူထုသိရှိအောင် ထိတွေ့ချပြရှင်းလင်းရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးနေရသည့် ဌာနဖြစ်သည့်အလျောက် မိမိတို့လုပ်ဆောင်မှုများအပေါ် ပြည်သူများမှ နားလည်လက်ခံလာစေရေး ထိတွေ့ပြောဆို ချပြဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် Customer Services ကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မကြာမီကာလတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုချိန်များ၊ စာကျက်ချိန်များ ရောက်ရှိလာမည်ဖြစ်သည့်အတွက် လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေး ကြိုတင်စီမံဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဝန်ဆောင်မှုပိုင်းတွင် တိုးတက်ကောင်းမွန်လာအောင် ရည်မှန်းချက်ထား ဆောင်ရွက်ရန်နှင့် ပြည်သူလူထုသို့ အရည်အသွေးပြည့်ဝပြီး တည်ငြိမ်သည့် လျှပ်စစ်ဓာတ်အားများ စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေး အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်မည့်အစီအမံများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

## နွေရာသီကာလတွင် ဓာတ်အားစဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေး

ထို့နောက် ဦးစီးဌာန၊ လုပ်ငန်းများမှ တာဝန်ရှိသူများက ၂၀၂၀ ပြည့်နှစ် နွေရာသီကာလတွင် ဓာတ်အားစဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေး ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်မည့် အစီအမံများ၊ တိုးတက်သုံးစွဲလာမည့် ဝန်အားအခြေအနေ၊ ဓာတ်အားပြတ်တောက်မှု မဖြစ်ပေါ်စေရေး ဆောင်ရွက်သွားမည့်အစီအမံများ၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးအတွက် ဆောင်ရွက်မည့်အစီအမံများနှင့် ပတ်သက်၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်မန်နေဂျာများက ခရိုင်အတွင်းရှိ မြို့နယ်များ၏ တိုးတက်သုံးစွဲလာနိုင်သည့် ဝန်အားအခြေအနေနှင့် လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ်နှင့် ခေတ္တဥက္ကဋ္ဌတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက တင်ပြမှုများအပေါ် သုံးသပ်ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်တွင်းကြီးမြို့ တောင်ပြင် (၂) မူလတန်းကြိုကျောင်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**တောင်တွင်းကြီး ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့၌ လူမှုဝန်ထမ်းဦးစီးဌာန၏ရန်ပုံငွေဖြင့် တည်ဆောက်ထားသော တောင်ပြင် (၂) မူလတန်းကြိုကျောင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက တောင်တွင်းကြီးမြို့၌ ကျင်းပသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် မကွေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က တောင်ပြင် (၂) မူလတန်းကြိုကျောင်း အဆောက်အဦသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တောင်တွင်းကြီးမြို့ တောင်ပြင် (၂) မူလတန်းကြိုကျောင်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မူလတန်းကြိုကျောင်း ကမ္ပည်းမော်ကွန်းအား နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး ကျောင်း၏ စာသင်ခန်းများ၊ ကလေးကစားခန်းနှင့် စားသောက်ခန်းများကို လိုက်လံကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ်ကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်၊ လမ်း၊ တံတား၊ အဆောက်အအုံ စသည့် အခြေခံလိုအပ်ချက်များကို ကဏ္ဍအသီးသီးက ကြိုးပမ်းဖြည့်ဆည်းလျက်ရှိပါကြောင်း၊ ထိုနည်းတူ လူသားစွမ်းရည်အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရာတွင် လူသားများ၏ စွမ်းရည်သည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် စွမ်းဆောင်ရည်ကောင်းသော၊ အတွေးအခေါ် အယူအဆ မှန်ကန်သော၊ လူမှုသဟဇာတဖြစ်အောင် နေထိုင်နိုင်သော လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးသည် ရှေးဦးအရွယ် ကလေးသူငယ်ဘဝမှ စတင်ဆောင်ရွက်ရပါကြောင်း၊ ကလေးသူငယ်များ၏ ဘဝသည် အရေးကြီးသကဲ့သို့ မိဘများ၊ မိသားစုဝင်များ၊ ပြုစုစောင့်ရှောက်သူများ၏ ကဏ္ဍသည်လည်း အရေးကြီးပါကြောင်း။

နိုင်ငံတော်အစိုးရက ရှေးဦးအရွယ် ကလေးသူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကလေးသူငယ်များအတွက် ဥပဒေများရှိပြီးဖြစ်သည့်အတွက် အားလုံး လိုက်နာကြရမည်ဖြစ်ကြောင်း၊ မိဘများ၊ မိသားစုဝင်များအနေဖြင့် ကလေးသူငယ်များကို ပြုစုစောင့်ရှောက်သော နည်းစနစ်များရှိပြီးဖြစ်သည့်အတွက် လေ့လာမှတ်သားထားကြရန် လိုပါကြောင်း၊ အဆိုပါနည်းစနစ်များဖြင့် မူကြိုကျောင်းများတွင် လေ့ကျင့် ပျိုးထောင်ပေးပါကြောင်း၊ သို့သော်လည်း အစိုးရမူကြိုကျောင်း ၁၃၃ ကျောင်း၊ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်း ၁၀၂၄ ကျောင်းသာ အစိုးရပံ့ပိုးမှုဖြင့် ဖွင့်လှစ်ပေးနိုင်သေးသည့်အတွက် လုံလောက်မှုမရှိသေးပါကြောင်း၊ ထို့ကြောင့် မိခင်ဝိုင်းများကို လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ ပုဂ္ဂလိကမူကြိုကျောင်းများကို အနိမ့်ဆုံးရှိရမည့် စံချိန်/စံညွှန်းများ သတ်မှတ်ပေးပြီး ဖွင့်လှစ်ခွင့်ပေးထားပါကြောင်း၊ အသိအမှတ်ပြု၍ နည်းစနစ်ကျသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး ဆရာဖြစ်သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်းနှင့် အဓိကအရေးကြီးသော မိဘများ၊ မိသားစုဝင်များအတွက် ကလေးသူငယ်များ၏ ရက်ပေါင်း ၁၀၀၀ ကာလ အရေးကြီးပုံနှင့် ပြုစုပျိုးထောင်မှုနည်းစနစ် အသိပညာများ ရရှိသွားစေရန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အသိပညာပေးမှုများ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိမိတို့၏လုပ်ငန်းများ ပိုမိုကျယ်ကျယ်ပြန့်ပြန့် ထိရောက်အောင်မြင်အောင် ပူးပေါင်းပါဝင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က တောင်ပြင် (၂) မူလတန်းကြိုကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားပြီး တောင်ပြင်(၂) မူလတန်းကြိုကျောင်း၏ မိဘဆရာအသင်းနာယက က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ကလေးငယ်လေးများက စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည် သီချင်းဖြင့် သရုပ်ဖော် ဖျော်ဖြေကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ကလေးငယ်များအား ကစားစရာများပေးဝေပြီး ဘင်ခရာတီးခတ်ဖျော်ဖြေပေးသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# Students Festival Myanmar 2020 ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

၂၀၂၀ ပြည့်နှစ် Students Festival Myanmar 2020 ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယခုအခမ်းအနားသည် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ နိုင်ငံတကာသင်ရိုးသင်ကျောင်းများ (International Schools) ပထမဆုံးအကြိမ် ပေါင်းစည်းကျင်းပသည့်အတွက် မြန်မာ့ပညာရေးတွင် ထူးခြားသော ကျောင်းသားပွဲတော်တစ်ခုဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မည်သည့်ခွဲခြားဆက်ဆံမှုမျှမရှိ၊ အားလုံးပါဝင်မှုကို အဓိကဆောင်ရွက်ပြီး မည်သူတစ်ဦးတစ်ယောက်မျှ မကျန်စေရဟူသော ပညာရေးမူဝါဒကို အမြဲလက်ကိုင်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသားများကို နိုင်ငံသားကောင်းများဖြစ်အောင် လေ့ကျင့်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်တတ်မှုသည် အရေးကြီးပါကြောင်း၊ တစ်ဦးချင်းစီ၏ စိတ်ခံတတ်ကောင်းများကို ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်သင်ယူရန် လိုအပ်ပါကြောင်း။

ယနေ့အခမ်းအနား၏ အဓိကဆောင်ပုဒ်ဖြစ်သော “ကျွန်ုပ်တို့ အားလုံးသည် ကျောင်းသားများဖြစ်ကြသည် WE ALL ARE STUDENTS” ဆိုသည့်အတိုင်း ကျောင်းသားများအားလုံး ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် စုပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ သင်ယူမှုလုပ်ငန်းများကို ဇုန် ငါးဇုန်ခွဲ၍ ဆောင်ရွက်မည်ဟု သိရသဖြင့် ထိုဇုန်များတွင် ကျောင်းသား ကျောင်းသူများအချင်းချင်း ပူးပေါင်းသင်ယူကြရန်နှင့် ကျောင်းသင်ခန်းစာတစ်ခုအနေဖြင့် Project Based Learning ကို ထည့်သွင်းဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ Students Festival Myanmar 2020 ကို ဦးစီးဆောင်ရွက်ပေးသည့် ကိုယ်ပိုင်ကျောင်းများအသင်းဥက္ကဋ္ဌ ဆရာကြီးဦးနေအုပ်နှင့် နိုင်ငံတကာကျောင်းအသင်းမှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်းဥက္ကဋ္ဌ ဦးနေအုပ်နှင့် တာဝန်ရှိသူများက Students Festival Myanmar 2020 ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

ဆက်လက်၍ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်းဥက္ကဋ္ဌ ဦးနေအုပ်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် Students Festival Myanmar 2020 ကို ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများ အသင်းဥက္ကဋ္ဌ ဦးနေအုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စိန်ရတုခန်းမအတွင်း ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုများနှင့် ပညာရေးဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

Students Festival Myanmar 2020 ကို အခြေခံကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ နိုင်ငံတကာသင်ရိုးသင်ကျောင်းများမှ ကျောင်းသား ကျောင်းသူအချင်းချင်း အပြန်အလှန်တွေ့ဆုံပြီး လှုပ်ရှားမှုများကို ပူးပေါင်းဆောင်ရွက်စေရန်၊ ကျောင်းသား ကျောင်းသူအချင်းချင်း အသိပညာဖလှယ်ကြပြီး ချစ်ခင်ရင်းနှီးကြစေရန်၊ ကျောင်းသား ကျောင်းသူအချင်းချင်း လေ့လာသင်ယူမှု အားကောင်းစေရန်နှင့် အချင်းချင်းပူးပေါင်းညှိနှိုင်းဆောင်ရွက်တတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်အောင်မြို့နယ် ထန်းသုံးပင် အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

မြန်အောင် ဇန်နဝါရီ ၁၂

**ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ထန်းသုံးပင်ကျေးရွာအုပ်စု ထန်းသုံးပင် အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ယနေ့နံနက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ပေးကြောင်း သိရသည်။**

ရှေးဦးစွာ ထန်းသုံးပင် အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်မှန်ဦးဆိုင်းဘုတ်အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဂျိမ်းမြတ်မြတ်သူနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားကို အ-ထ-က ထန်းသုံးပင် နဝရတ်ခန်းမတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က တိုင်းဒေသကြီးအတွင်း ကျောင်းများ ရုပ်ပိုင်းဆိုင်ရာတိုးတက်ရေး ကျောင်းဆောင်သစ်များကို တိုးချဲ့ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများ ပညာတတ်ဖြစ်မှ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်းနှင့် ကလေးများ အသိပညာ၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန်နှင့် ကလေးများ စွမ်းဆောင်ရည်မြင့်မားပြီး ကျန်းမာပျော်ရွှင်စေရန် ကလေးစာပေပွဲတော်များ ကျင်းပပေးလျက်ရှိကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး တိုင်းပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက တိုင်းဒေသကြီးအတွင်း ပညာရေးတိုးတက်မှုဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အခြေခံပညာ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ခြင်း အထိမ်းအမှတ်အလံများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထက်ထက်မြင့်က ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အခြေခံပညာအထက်တန်းကျောင်း ထန်းသုံးပင်မှ ဧရာဝတီတိုင်းဒေသကြီး အောင်ချက်အဆင့်(တတိယ)နှင့် ပြည်ထောင်စုအဆင့် အထူးဆုချီးမြှင့်ခြင်းခံရကြောင်း သိရသည်။ **ဝင်းဗိုလ်(မြန်အောင်)**

## ပြင်ဦးလွင်မြို့နယ်၌ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ပါးစေရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ပြင်ဦးလွင်မြို့နယ် ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျှော့ပါးစေရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းစေရေးအတွက် မီတာများ၊ ဓာတ်အားလိုင်းများအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးသန်းစိုးလွင်၊ ဦးသိန်းထူးတို့ ဦးဆောင်၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ၊ လက်ထောက်ကြီးကြပ်ရေးမှူး(မီတာ)၊ ဒုလက်ထောက်ကြီးကြပ်ရေးမှူးများက ရပ်ကွက်များအတွင်း လိုက်လံစစ်ဆေးကာ လျှပ်စစ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မောင်မောင်မျိုး**

## ရွှေစက်တော်ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ရုံးဝင်းအတွင်း ခြံခတ်ထားသည့် ကြယ်လိပ် ၁၅၇ ကောင် ပျောက်ဆုံး

မင်းဘူး ဇန်နဝါရီ ၁၂

မင်းဘူးခရိုင် ရွှေစက်တော်တောရိုင်းဘေးမဲ့တောတွင် သံဆူးကြိုးကာ ခြံခတ်ထားသည့် ကြယ်လိပ်ခြံထဲမှ ကြယ်လိပ် ၁၅၇ကောင်မှာ ဇန်နဝါရီ ၁၂ ရက်က ပျောက်ဆုံးသွားခဲ့ကြောင်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

ရွှေစက်တော်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း ကြယ်လိပ်ခြံမှ ကြယ်လိပ်အကြီး ၂၆ ကောင်၊ အလတ် ၁၃၁ ကောင် စုစုပေါင်း ၁၅၇ ကောင် ခိုးယူခံလိုက်ရခြင်းဖြစ်သည်။

ခြံထဲရှိ ကြယ်လိပ်များ ပျောက်ဆုံးသွားခဲ့ခြင်းအပေါ် စကုမြို့နယ် ရဲစခန်းတွင် အမှုဖွင့်လှစ်ကာ မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး၊ မင်းဘူးမြို့နယ် ရဲတပ်ဖွဲ့မှူး၊ အိုင်းမရဲကင်းစခန်းမှူးနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက လာရောက်စစ်ဆေးကြပြီး ကြယ်လိပ်များ ထပ်မံပျောက်ဆုံးမှုမရှိစေရေး လုံခြုံရေးတိုးမြှင့်ချထားလျက်ရှိသည်။ **ဇေယျာတု(မကွေး)**

## ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာ၌ ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်နိုင်ရေးဆွေးနွေး

**ကျောင်းကုန်း ဇန်နဝါရီ ၁၂**

ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာအနီး အာရှဖွံ့ဖြိုးရေးဘဏ် ADB ချေးငွေဖြင့် ဆောင်ရွက်မည့် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်နိုင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်အဖွဲ့နှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက လှည်းဆိပ်ကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် လျှပ်စစ်စွမ်းအင်ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးစိုးခိုင်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ပထမအဆင့် ကျေးရွာပေါင်း ၆၅၃ ရွာတွင် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပြီးစီးတော့မည်ဖြစ်ပြီး ဒုတိယဆင့် ကျေးရွာပေါင်း ၈၃၁ ရွာတွင် လျှပ်စစ်ဓာတ်အားရရှိရေး အားစိုက်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ် ကိုယ်စားလှယ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လျှပ်စစ်ဓာတ်အားခွဲရုံတည်ဆောက်ရေးနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

လှည်းဆိပ်ကျေးရွာတွင် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးပါက လှည်းဆိပ်အုပ်စုအပြင် လက်ပန်ချောင်အုပ်စု၊ ဂုန်မင်းအုပ်စု၊ ရေတာကြီးအုပ်စု၊ ဇီးချောင်အုပ်စု၊ ထန်းတပင်အုပ်စု၊ ဖြိုက်ကြီးအုပ်စု၊ ကံကလေးအုပ်စု၊ ဆိပ်ဖူးနီအုပ်စု၊ ရွှေပန်းငူအုပ်စု၊ ကျုံဖားရိုးအုပ်စု၊ သဲကုန်းအုပ်စုနှင့် ရင်ဆိုင်အုပ်စုအတွင်းရှိ ကျေးရွာများပါ လျှပ်စစ်မီးရရှိမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## နတ်တလင်းမြို့နယ်၌ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်

**နတ်တလင်း ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့၌ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၁ ရက်က ကျင်းပခဲ့ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ငွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံများ တည်ဆောက်ခြင်းနှင့်အတူ ကုသရေးတွင် ဝန်ထမ်းများချထားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသလို ကျန်းမာရေးဝန်ထမ်းများကလည်း ပြည်သူများအား စေတနာပါပါ ကုသပေးစေလိုကြောင်း တိုက်တွန်းပြောကြားပြီး တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာခိုင်က ဆေးရုံတည်ဆောက်ခြင်း လုပ်ငန်းအဆင့်ဆင့်နှင့် ဆေးဝါးပစ္စည်းနှင့် ဝန်ထမ်းလိုအပ်ချက်ကိစ္စများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန တည်ဆောက်ရေး(၁) အဆောက်အအုံအထူးအဖွဲ့(၃)က တာဝန်ယူဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မြန်မာ-ဩစတြေးလျ ကျန်းမာရေးသုတေသနပူးပေါင်းဆောင်ရွက်မှု စာတမ်းဖတ်ပွဲသို့ တက်ရောက်

**ရန်ကုန် ဇန်နဝါရီ ၁၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သည် ယနေ့ နံနက်ပိုင်းက ဆေးတက္ကသိုလ်(၂) ရန်ကုန်၌ ကျင်းပသော မြန်မာ-ဩစတြေးလျ ကျန်းမာရေးသုတေသနပူးပေါင်းဆောင်ရွက်မှု စာတမ်းဖတ်ပွဲ Myanmar-Australia Research Collaboration for Health (MARCH) symposium သို့ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဩစတြေးလျနိုင်ငံ University of New South Wales မှ Kirby Institute နှင့် ဆေးတက္ကသိုလ် (၂) ရန်ကုန်တို့ ၂၀၁၇ ခုနှစ်မှစတင်ကာ သဘောတူညီမှုစာချွန်လွှာရေးထိုး၍ သုတေသနကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများသည် တက္ကသိုလ်အတွက်သာမက ဝန်ကြီးဌာနနှင့် နိုင်ငံတော်အတွက်ပါ အကျိုးရှိပါကြောင်း၊ သုတေသနရလဒ်နှင့် တွေ့ရှိချက်များမှတစ်ဆင့် ပြည်သူများအတွက် စောင့်ရှောက်မှုလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဖြေရှင်းဆောင်ရွက်ချက်များကို ပံ့ပိုးပေးနိုင်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် ဧပြီလမှစတင်၍ သုတေသနရန်ပုံငွေ ကျပ်သန်း ၆၀၀၀ အထိ သိသာစွာတိုးမြှင့်ခွင့်ပြုချထားပေးခဲ့ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များတွင် သုတေသနကျင့်ဝတ်နှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဆန်းစစ်သုံးသပ်မှု ဘုတ်အဖွဲ့များ ဖွဲ့စည်း၍ သုတေသနများ စနစ်တကျဆောင်ရွက်နိုင်ရန် စီမံခြင်း၊ ကျန်းမာရေးသုတေသနမှတ်ပုံတင်စနစ် (Myanmar health research registry)နှင့် သုတေသနသတင်းအချက်အလက်စနစ် တည်ထောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုသုတေသနစာတမ်းဖတ်ပွဲ၏ အကြောင်းအရာခေါင်းစဉ်ဖြစ်သော "ကျန်းမာရေးရလဒ်များ တိုးတက်ကောင်းမွန်ရေး (improving the health outcome)" နှင့်အညီ ဝန်ကြီးဌာန၏ သုတေသနရန်ပုံငွေများကိုအသုံးချ၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် တိုက်ရိုက်အကျိုးရှိသော အသုံးချသုတေသနများကို ပိုမိုဆောင်ရွက်သွားစေလိုပါကြောင်း၊ ယခုစာတမ်းဖတ်ပွဲတွင် မြန်မာ-ဩစတြေးလျ ကျန်းမာရေးသုတေသန ပူးပေါင်းဆောင်ရွက်မှု (MARCH) ၏ အောင်မြင်မှုအခြေအနေများ၊ တီဘီရောဂါ၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ အသည်းရောင်အသားဝါ (စီ) ရောဂါ စသည့် ကူးစက်ရောဂါများ၊ ပဋိဇီဝဆေးယဉ်ပါးမှု၊ ခွဲစိတ်မှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှု၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှု စသည်တို့နှင့်ပတ်သက်သည့် သုတေသနဆိုင်ရာ တင်ပြဆွေးနွေးမှုများကို ပြုလုပ်သွားမည်ဖြစ်သဖြင့် ကောင်းမွန်ပါကြောင်း။

မျိုးဆက်သစ်ဆေးပညာရှင်များကိုလည်း သုတေသနစွမ်းဆောင်ရည်များ မြင့်မားရေး အားပေးမြှင့်တင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်များတွင် သုတေသနကို ပိုမိုစိတ်ဝင်စားသိရှိစေရန်နှင့်ဆောင်ရွက်သည့် အလေ့အကျင့်များတိုးပွားလာစေရန်အတွက် - သုတေသနတင်ပြမှုစွမ်းဆောင်ရည်၊ သုတေသနအဆိုပြုလွှာရေးသားမှု၊ သုတေသနအဆိုပြုလွှာအပေါ် ဝေဖန်ဆွေးနွေးမှု၊ သုတေသနတင်ပြမှုအပေါ် မေးမြန်းဆွေးနွေးမှုများကို တက္ကသိုလ်အလိုက်သော်လည်းကောင်း၊ တက္ကသိုလ်အချင်းချင်းလည်းကောင်း ပြိုင်ပွဲသဖွယ်ကျင်းပသွားစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး မစ္စ အင်ဒရီယာဖော့စ်နာ၊ Kirby University မှ Professor Anthony Kelleher တို့က အမှာစကား ပြောကြားကြပြီး ဆေးတက္ကသိုလ် (၂)၊ ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ အေးထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သုတေသနစာတမ်းများ၊ ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) သို့သွားရောက်၍ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် သက်ဆိုင်ရာသင်တန်းများအောင်မြင်ပြီးစီး၍ ပြည်သူ့ကျန်းမာရေးပါရဂူဘွဲ့ရရှိသူ လေးဦး၊ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ရရှိသူ ၃၆ ဦး၊ ဆေးရုံအုပ်ချုပ်မှု ပညာမဟာဘွဲ့ရရှိသူ ၁၄ ဦးနှင့် ကာကွယ်ရေးနှင့် အပူပိုင်းဆေးပညာ မဟာဘွဲ့ရရှိသူ ၂၂ ဦးတို့နှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) ဒေါက်တာသာထွန်းကျော်၊ ညွှန်ကြားရေးမှူးချုပ် (ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန) ဒေါက်တာတင်တင်လေး၊ ညွှန်ကြားရေးမှူးချုပ် (အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန) ပါမောက္ခ ဒေါက်တာခင်ဇော်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန) ဒေါက်တာစိုးဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အမျိုးသားကျန်းမာရေးဆိုင်ရာဓာတ်ခွဲဌာန) ပါမောက္ခ ဒေါက်တာဌေးဌေးတင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်ယူဖြန့်ဖြူးရေး) ဒေါက်တာဝင်းနိုင်တို့က ပါရဂူဘွဲ့နှင့် မဟာဘွဲ့သင်တန်းများ အောင်မြင်ပြီးမြောက်ခဲ့သူများအတွက် ချီးကျူးဂုဏ်ပြုစကားပြောကြားခဲ့ပြီး ဌာနအလိုက် သက်ဆိုင်ရာလုပ်ငန်းခွင်အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ယင်းနောက် ပါရဂူဘွဲ့နှင့် မဟာဘွဲ့ရရှိခဲ့သူများက သက်ဆိုင်ရာသင်တန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေး အကြံပြုချက်များနှင့် အထွေထွေတင်ပြချက်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မြန်မာ-ဩစတြေးလျ ကျန်းမာရေးသုတေသနပူးပေါင်းဆောင်ရွက်မှု စာတမ်းဖတ်ပွဲ၌ အမှာစကား ပြောကြားစဉ်။
သတင်းစဉ်



# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းဟောင်းများ နှစ်ပတ်လည်တွေ့ဆုံပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းဟောင်းများ နှစ်ပတ်လည် တွေ့ဆုံပွဲနှင့် ညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေ ၅ နာရီက ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ Rainbow Restaurant ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းဟောင်းများအသင်း နာယက ဦးအုန်းကျော်က အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ထမ်းဟောင်းများအသင်း ယာယီဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် အဖွဲ့ဝင် ဦးဉာဏ်ဝင်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

"နိုင်ငံခြားရေးဌာနမှာ တာဝန်ထမ်းဆောင်ခဲ့ဖူးသောသူများသည် ပြည်တွင်းမှာပဲရှိရှိ၊ ပြည်ပမှာပဲရှိရှိ ကိုယ်တိုင်တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းတင်မက ဇနီး၊ သားသမီး၊ ဝန်ထမ်းမိသားစုများပါ ဒီအဖွဲ့မှာပါသင့်တာကို အသိပေး အကြောင်းကြားပါတယ်။ နိုင်ငံခြားရေးဝန်ထမ်းဟောင်းများအသင်းဟာ စည်းလုံးမှုကို ဦးတည်တာကြောင့် မိသားစုကိုပါ အသင်းဝင်အဖြစ် ဖိတ်ခေါ်ထားပါတယ်။ လက်လှမ်းမမီတဲ့ ဝန်ထမ်းဟောင်းများနဲ့ မိသားစုများ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းဟောင်းများအသင်းကို ဆက်သွယ်ကြပါ"ဟု ယာယီဥက္ကဋ္ဌ ဦးညွန့်ဆွေက ပြောသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန သမိုင်းမပျောက်စေရန် ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းဟောင်းများ၊ တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ နီးကပ်မှုရှိစေရန်နှင့် ရင်းနှီးမှုရစေရန်အတွက် ရည်ရွယ်၍ အသင်းကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းဟောင်းများအသင်းကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ဖွဲ့စည်းခွင့်ပြုခဲ့ပြီး အမှုဆောင် ရှစ်ဦး၊ အသင်းသား ၆၉ ဦးတို့ဖြင့် ဖွဲ့စည်းနိုင်ခဲ့ကာ အမှုဆောင်အသစ် ပြန်လည်ရွေးကောက်ခြင်းကို မတ် ၁၇ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံခြားရေးဝန်ကြီးဌာနကို မြန်မာနိုင်ငံ အချုပ်အခြာအာဏာပိုင်နိုင်ငံမဖြစ်မီ၊ လွတ်လပ်ရေးမရမီ ၁၀ လအလို ၁၉၄၇ ခုနှစ် မတ် ၁၇ ရက်တွင် တာဝန်ယူဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗန်းမော်မြို့တွင် မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များ တွေ့ဆုံပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကချင်ပြည်နယ် ဗန်းမော်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး(တေးဂီတ) ဦးတိုးကျော်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ညွှန်ကြားရေးမှူး (တေးဂီတ) ဦးတိုးကျော်က မြန်မာ့အသံသို့ ဒေသဆိုင်ရာသတင်းများ ပေးပို့၍ ထူးချွန်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာ့အသံချစ်သူများအဖွဲ့ဝင် သတင်းထောက်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **(ယာပုံ)**

ယင်းနောက် မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုပြသပြီး မြန်မာ့အသံဝန်ထမ်းများက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး ဒေသခံများက ရှမ်းရိုးရာအကနှင့် ကချင်ရိုးရာအကတို့ဖြင့် ပူးပေါင်းပါဝင်ဖျော်ဖြေကြသည်။

ဆက်လက်၍ မြန်မာ့အသံ ရေဒီယိုအစီအစဉ်များဖြစ်သည့် အနာဂတ်များလှစေချင်၊ ရင်နှင့်အောင်လွမ်းခဲ့ရတဲ့ တစ်ခါကမြန်မာ့အသံ(ဓာတ်လမ်းသရုပ်ပြ)၊ ပြည်သူ့ကြားက စကားသံနှင့် ပြုံးပဒေသာအစီအစဉ်တို့ကို ကောက်နုတ် မိတ်ဆက်သရုပ်ပြသပြီး ပြည်သူ့အတွက် ထာဝရမြန်မာ့အသံ သီချင်းကို အဖွဲ့လိုက်သီဆိုဖျော်ဖြေကာ အခမ်းအနားသို့ တက်ရောက်လာသည့် မြန်မာ့အသံချစ်သူ အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

မြန်မာ့အသံ ရေဒီယိုအစီအစဉ်များကို နှစ်ခြိုက်စွဲလမ်းစွာ အားပေးနားဆင်နေကြသည့် အနယ်နယ်အရပ်ရပ်မှ အမာခံ သောတရှင်များနှင့် ဖွဲ့စည်းထားသည့် မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) တွင် ယခုအခါ အဖွဲ့ဝင်ပေါင်း ၁၆၅၀၀ ကျော်ရှိကြောင်း သိရသည်။

**မိုးသူဇာ**



# ကျောင်းသူ ကျောင်းသားတွေ တပျော်တပါး တန်းတူညီမျှစွာ ပျော်ဖို့အတွက် ကျင်းပပေးတဲ့ ပွဲတော်ဖြစ်ပါတယ်

## ဦးနေအုပ် (ရန်ကုန်တိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်းဥက္ကဋ္ဌ)

**ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုတို့ဖြင့် အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင် ကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ International Schools များ ပူးပေါင်းကျင်းပသည့် ၂၀၂၀ ပြည့်နှစ် Students Festival Myanmar 2020 ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပခဲ့သည်။**



ဦးနေအုပ်


ဒေါက်တာကျော်သူထွန်း



မနှင်းရွှေရည်ဝင်း

အဆိုပါ ၂၀၂၀ ပြည့်နှစ် Students Festival Myanmar 2020 ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာများနှင့် ကျောင်းသား ကျောင်းသူတို့၏ စကားသံများကို ဖော်ပြလိုက်ပါသည်။

**ဦးနေအုပ်**
**ရန်ကုန်တိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများ အသင်းဥက္ကဋ္ဌ**

ကျွန်တော်တို့ ဒီလိုပွဲကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံမှာ ကျောင်းသားက လေးမျိုး လေးစား ဖြစ်နေပါတယ်။ အစိုးရကျောင်းတက်တဲ့ ကျောင်းသား ကျောင်းသူတွေ ရှိပါတယ်။ ပြီးတော့ ပုဂ္ဂလိက လို့ခေါ်တဲ့ ကိုယ်ပိုင်ကျောင်းတက်တဲ့ ကျောင်း သား ကျောင်းသူတွေရှိပါတယ်။ International School လို့ခေါ်တဲ့ အပြည်ပြည်ဆိုင်ရာ သင်ရိုးသင်ကျောင်းတက်တဲ့ ကျောင်းသူ ကျောင်းသားတွေလည်း ရှိတယ်။ ပြီးတော့ ဘုန်းတော်ကြီးသင်ကျောင်းတက်တဲ့ ကျောင်း သားတွေရှိတယ်။ အဲဒါတွေအားလုံးကို စုပေါင်း ပြီးတော့ ပျော်ရွှင်ရအောင် ပွဲတော်လုပ်ပေးခြင်း ဖြစ်ပါတယ်။ ကျောင်းနေပျော်၍ စာတော်ရမည် ဆိုတဲ့ဆောင်ပုဒ်အတိုင်း ကျောင်းသား ကျောင်းသူတွေ ပျော်စေချင်လို့ပါ။ ဒီကျောင်း လေးကျောင်းမှာ တက်နေကြတဲ့ ကျောင်းသူ ကျောင်းသားတွေ တပျော်တပါး တန်းတူညီမျှ စွာ ပျော်ဖို့အတွက် ကျင်းပပေးတဲ့ ပွဲတော် ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းတွေရဲ့ တူညီဝတ်စုံ ဝတ်ခွင့်မပြုပါဘူး။ ကလေးတွေကို ပွဲတော်ရဲ့လိုဂိုတံဆိပ်ပါတဲ့ အင်္ကျီတွေအားလုံး ဝတ်ကြပါတယ်။

အားလုံးပေါင်း ဇုန် ငါးခု ကလေးများ စိတ်ဝင်စားအောင် လုပ်ပေးထားပါတယ်။ စိန်ရတုသဘင်ကတော့ နေရာသိပ်မကျယ်ဘူး။ နောက်နှစ်တွေဆို သုဝဏ္ဏကွင်းတို့၊ အောင်ဆန်း ကွင်းတို့မှာ လုပ်စေချင်တယ်။ ပထမဦးဆုံး အကြိမ်ဖြစ်ပြီး စီစဉ်တာလည်း နောက်ကျ သွားတာ ဖြစ်လို့ပါ။ ဇန်နဝါရီလမှာ လုပ်ရတဲ့ အတွက် ကလေးတွေ စာမေးပွဲနဲ့ နီးနေတာ ကြောင့် ကလေးတွေကို ခုနစ်တန်း၊ ရှစ်တန်း၊ကိုးတန်းပဲ ဖိတ်ပါတယ်။ နောက်နှစ် တွေဆို နိုဝင်ဘာလလောက် ကျင်းပဖို့အစီအစဉ် ရှိပါတယ်။ အာဆီယံ ၁၀ နိုင်ငံစလုံး ကျန်တဲ့ ကိုးနိုင်ငံက ကျောင်းသူ ကျောင်းသားတွေကို ဖိတ်ဖို့လည်း စီစဉ်ထားပါတယ်။ သင်ယူမှု လုပ်ငန်းတွေကို ဇုန် ငါးခု သတ်မှတ်ပြီး နံပါတ်(၁)က အာဆီယံဇုန်ဆိုတာ ဖတ်စာအုပ် ထဲမှာက အာဆီယံ ၁၀ နိုင်ငံစလုံး သင်ရတဲ့ အတွက် ၁၀ နိုင်ငံအတွက် ကောင်တာဘုတ် လုပ်ပေးထားတယ်။ လေ့လာတယ်။ ၁၀ နိုင်ငံရဲ့ အချက်အလက်တွေကို ပြောပြတယ်။ ပြီးရင် ပဟေဠိ ဖြေကြမယ်။ အနိုင်ရရှိသူကို ဆုချမယ်။ အဲဒါပြီးရင် သီပွဲနဲ့ပတ်သက်တဲ့ စက်ရုပ် တွေကိုစုပေါင်းပြီး အတူတူလုပ်ကြမယ်။ ကစားကြတာပေါ့။

ပညာရေးဇုန်ဆိုရင် ဓာတုဗေဒ ဓာတ်ငွေ့ တွေနဲ့ပတ်သက်ပြီး ထုတ်ကြမယ်။ ဆရာ ဆရာမတွေက လမ်းညွှန်ပေးမယ်။ နောက် ဇုန်တစ်ခုက အခြေခံပစ္စည်းတွေပေးပြီး သူ့ကိုယ်ပိုင်ဉာဏ်နဲ့ သော့ချိတ်ကလေးတွေ၊ အခြားပစ္စည်းတွေ လုပ်ကြမယ်။ နောက်ဆုံး ဇုန် အစားအသောက်ချက်တဲ့ဇုန်က မြန်မာ မုန့်မျိုးစုံ လုပ်ကြမယ်။ ဆရာ ဆရာမတွေက သင်ပေးမယ်။ သူတို့က သူတို့ဉာဏ်စွမ်းလေးနဲ့ လုပ်ကြမယ်။ ကျောင်းသား ၁၀၀၀ ဖိတ်ထား ပါတယ်။ အုပ်စု (၅)ခုခွဲထားပြီး ၂၀၀ စီ ဖြန့်ထားပါတယ်။ ကျောင်းသား ကျောင်းသူ တွေက တစ်နေကုန်လှည့်နေကြပါမယ်။ ကျောင်းလေးမျိုးက ကျောင်းသား ၁၀၀၀ ဖိတ်ပါတယ်။ ၂၅၀ စီ ခွဲထားပါတယ်။ အစိုးရ ကျောင်းက ၂၅၀၊ ကိုယ်ပိုင်ကျောင်းက ၂၅၀၊ International School က ၂၅၀၊ ဘုန်းတော်ကြီး စာသင်ကျောင်းက ၂၅၀ ပါ။ တစ်ရက်တည်း ကျင်းပမယ်။ မျှော်မှန်းချက်ကတော့ ကလေး တွေ တပျော်တပါး စည်းလုံးစေချင်တယ်။ တန်းတူညီညာမှု ရှိစေချင်တယ်။ ဘာမဆို အားလုံးပေါင်းလုပ်ရင် အောင်မြင်မှာပဲ၊ အဲဒီ ရည်ရွယ်ချက်တွေနဲ့ ဒီပွဲလုပ်ရခြင်းဖြစ်ပါတယ်။

**ဒေါက်တာကျော်သူထွန်း**
**ပုလဲစံပြကိုယ်ပိုင်အထက်တန်းကျောင်း**

ဒီပွဲမှာ ဘင်ခရာနဲ့ ပန်းဖွား ကျောင်းအဖွဲ့ က တီးတဲ့အတွက် ဖွင့်ပွဲအတွက် တာဝန် ယူထားရပါတယ်။ ဒီပွဲက ကျောင်း တစ်ကျောင်းတည်း ကျင်းပတာမဟုတ်ဘူး။ ကိုယ်ပိုင်ကျောင်းတွေ၊ International School ကျောင်းတွေ၊ ဘုန်းတော်ကြီးသင်ကျောင်း၊ အခြေခံပညာကျောင်းတွေ ပူးပေါင်းကျင်းပတာ ဖြစ်ပါတယ်။ ကျောင်းသူ ကျောင်းသားတွေ အတွက် ဇုန်တွေ အများကြီးထည့်သွင်းထား ပါတယ်။ ကလေးတွေအနေနဲ့ ဘက်စုံလေ့လာ ခွင့်ရတဲ့အတွက် ဆောင်ရွက်ပေးနိုင်တဲ့သူများ ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကျောင်း က ဇုန်တွေအတွက်တော့ မဟုတ်ပေမယ့် ဘာဖြစ်ဖြစ် ကျောင်းသား ကျောင်းသူတွေ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေရမယ်။ အသိပညာတွေ၊ လေ့လာသင်ယူမှုတွေ ပူးပေါင်း ဆောင်ရွက်တတ်လာမယ်။ အခုနောက်ပိုင်း လူငယ်တွေအတွက် အခွင့်အလမ်းတွေ အများကြီးရလာပါပြီ။ ဒီနေ့ဆိုရင်လည်း အဆိုပါ ကျောင်းတွေအားလုံး မခွဲခြားဘဲ တန်းတူပညာရေးအခွင့်အလမ်းရတဲ့အတွက် နောက်ပိုင်းမျိုးဆက်တွေအနေနဲ့ ဒီထက် ပိုအောင်မြင်မယ်လို့ ယုံကြည်ပါတယ်။

**မနှင်းရွှေရည်ဝင်း**
**Pride International School Myanmar (PISM)**

ကျောင်းကိုယ်စားပြုအနေနဲ့ လာတာပါ။ ဒီပွဲတွေလုပ်ပေးတဲ့အတွက် အတွေ့အကြုံ သစ်တွေလည်း ရပါတယ်။ သူငယ်ချင်းအသစ် တွေနဲ့ တွေ့ဆုံလို့ရတယ်။ ဝမ်းသာပျော်ရွှင် ပါတယ်။ အိုင်ဒီယာတွေလည်း အများကြီး ရပါတယ်။ ဒီပွဲတွေလုပ်ပေးတဲ့အတွက် ဆန်းသစ်တဲ့ အိုင်ဒီယာတွေလည်း ရတယ်။ ဇုန်တွေကနေ သိပ္ပံဆန်းသစ်မှုတွေ၊ အာဆီယံ နိုင်ငံတွေရဲ့ အလေ့အထတွေ အများကြီးရတဲ့ အတွက် ဗဟုသုတတိုးပွားစေပါတယ်။

**တွေ့ဆုံမေးမြန်း-ဥမ္မာသန့်၊ ဓာတ်ပုံ-လှမိုး**

# အပူပိုင်းဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်မည်

**နေပြည်တော် ဇန်နဝါရီ ၁၂**

စိုက်ပျိုးရေးဦးစီးဌာနနှင့် ActionAid Myanmar အဖွဲ့တို့ ပူးပေါင်း၍ အပူပိုင်းဒေသနှင့်မြစ်ဝကျွန်းပေါ်ဒေသ တို့တွင် မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ရာသီဥတု ပြောင်းလဲမှုကို ခံနိုင်ရည်ရှိသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နားလည်မှု စာချွန်လွှာရေးထိုးခြင်းအခမ်းအနား ကို ဇန်နဝါရီ ၉ ရက်က နေပြည်တော် ရုံးအမှတ် (၁၅) ၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် ActionAid Myanmar မှ Country Director Mrs. Araddhya Mehtta တို့က လက်မှတ်ရေးထိုးကြသည်။(ဓာတ်ပုံ)



အဆိုပါလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၉ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၈ ရက်အထိ သုံးနှစ်တာ ဆောင်ရွက်သွားမည်ဖြစ်ပြီး Action-Aid Myanmar မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၃၇ သန်း ထောက်ပံ့မှုဖြင့် အပူပိုင်းဒေသများဖြစ်သည့် မိတ္ထီလာ၊ သာစည်၊ မြိုင်- ကမ္မ၊ ပခုက္ကူနှင့် မြစ်ဝကျွန်းပေါ်ဒေသတွင် ဖျာပုံ၊ ပုသိမ်နှင့် ငပုတောမြို့နယ်တို့၌ အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**သိဒ်**

# တိမ်အနည်းငယ်ဖြစ်ထွန်းနေ

**နေပြည်တော် ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် တို့တွင် အများအားဖြင့် သာယာခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**




မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ဝင် နေပြည်တော်သတင်းထောက် ဦးမင်းမင်းလတ် ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူရာ ဇန်နဝါရီ ၁၂ ရက်က အဖွဲ့ကိုယ်စား သတင်းထောက် ဦးယဉ်ဦး(ဒလ)က ကျန်းမာရေးစရိတ်ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ ကို ဆေးရုံသို့ သွားရောက်ပေးအပ်စဉ်။ ကိုကြီးတင်

# နတ်မောက်မြို့နယ်ရှိ လေးအိမ်ဘူတာသို့ ပုဂံ-ရန်ကုန် အမြန်ရထား ရပ်တန့်ခြင်းအခမ်းအနား ကျင်းပ

**နတ်မောက် ဇန်နဝါရီ ၁၂**

နတ်မောက်မြို့နယ် လေးအိမ်ကျေးရွာတွင် ယမန်နေ့ နံနက် ၇ နာရီက ပုဂံ-ရန်ကုန် အမြန်ရထား (၆၁ အဆန်/၆၂အစုန်)ရပ်တန့်ခြင်းအခမ်းအနားကို လေးအိမ်ဘူတာရုံတွင် ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေနှင့် အလုပ်အမှုဆောင်အဖွဲ့များ၊ မြို့နယ်မီးရထားဌာနမှ တာဝန်ရှိသူများနှင့် လေးအိမ်ကျေးရွာနေ ဒေသခံများ တက်ရောက် ကြသည်။

"ကျွန်တော်တို့ဒေသရဲ့ လိုအပ်ချက်အရ လေးအိမ်ဘူတာမှာ အမြန်ရထားရပ်တန့်နိုင်အောင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေက လွှတ်တော်မှာတင်ပြခဲ့တဲ့အတွက် ယခုလို ရထားရပ်တန့်ပေးတာကြောင့် အလွန်ပျော်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

**လှဝင်း(နတ်မောက်)**

# ညောင်တုန်းမြို့ မြစ်ကမ်းတာပေါင်နှင့် အုတ်ရိုးကျိုးပြတ်နိမ့်ကျမှု တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**ညောင်တုန်း ဇန်နဝါရီ ၁၂**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့တွင် ဇန်နဝါရီ ၇ ရက်မှ စတင်ဖြစ်ပွားခဲ့သည့် မြစ်ကမ်းကာကွယ်ရေးတာပေါင်နှင့် အုတ်ရိုးကျိုးပြတ်နိမ့်ကျမှု၊ မြေကျွံနိမ့်ဆင်းနေမှုတို့ကို ဇန်နဝါရီ ၁၁ ရက်က ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက မြေပြင်အခြေအနေများနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



ညောင်တုန်းမြို့ မြစ်ကမ်းတာပေါင် နိမ့်ကျမှုကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

**အရေးပေါ်ဆောင်ရွက်ထား**

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ရှိဖြစ်ပွားခဲ့သည့် မြစ်ကမ်းအခြေအနေများနှင့် ယခင်အခြေအနေများ၊ အရေးပေါ်ဆောင်ရွက်ထားမှုများ၊ ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများ၊ ပေါင်းစပ်ပါဝင်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တင်ပြမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့သည်။

"လတ်တလောသက်သာမှုရှိအောင် ရေတောင်ပေ့းချတဲ့ လုပ်ငန်းပေ ၃၀၀ ကျော် လုပ်ဆောင်ထားသလို အခိုင်အမာ ပြုပြင်နိုင်အောင် အသေးစိတ်တိုင်းတာရေးလုပ်ငန်းတွေလည်း အမြန်ဆုံးဆောင်ရွက်နေပါတယ်။ မကြာမီအကောင်အထည်ဖော်ဆောင်ရွက်ရမယ့် ဒီဇိုင်းထွက်လာတော့မှာဖြစ်ပါတယ်။ တာဝန်ရှိအဖွဲ့အစည်းအသီးသီးနဲ့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်" ဟု မအူပင်ခရိုင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အုန်းက ပြောသည်။

**ကျောင်းပိတ်ထားရ**

"ကျွန်မသက်တမ်းတစ်လျှောက် ညောင်တုန်းမြစ်ကမ်းပြိုတာ သုံးကြိမ်လောက်ကြုံဖူးတယ်။ အဲဒီအထဲမှာ အခုတစ်ကြိမ်က အဆိုးဆုံးပဲလို့ထင်တယ်။ ကိုယ့်အတွက်ရော၊ မြို့အတွက်ရော အလွန်စိတ်ပူရတဲ့ အခြေအနေပါ။ အခုဆို (၂၂)လမ်းက အမက(သွန်းဘုရားကြီး)ကျောင်းလည်း ပိတ်ထားရပြီး အခြားနေရာမှာ ပြောင်းရွှေ့သင်ကြားနေရတယ်။ တာဝန်ရှိသူတွေ လာရောက်ကြည့်ရှုပြီး လိုအပ်တာတွေဆောင်ရွက်ပေးနေတဲ့အတွက် အမြန်ဆုံးကောင်းမွန်မှုရလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ ညောင်တုန်းမြို့ မြစ်ကမ်းတာပေါင်နှင့် အုတ်ရိုးပြိုကျမှုမှာ အမှတ်(၃) ရပ်ကွက်ဧရိယာရှိ ၂၁ လမ်းနှင့် ၂၂ လမ်း ကမ်းနားမြစ်ကမ်းတာ အပြင်ဘက် (မြစ်ဘက်)ဖြစ်ပြီး ဇန်နဝါရီ ၇ ရက်၊ ၈ ရက် နှင့် ၉ ရက် နံနက်ပိုင်းအထိ အလျားပေ ၃၇၀ ခန့်နှင့် အနက် ရှစ်ပေခွဲခန့် ပြိုကျနိမ့်ဆင်းခဲ့ကာ ယင်းဖြစ်ပွားမှုအနီးတွင် မြေလွှာအက်ကြောင်းအချို့ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**သပြေထွန်း၊ ထွန်းကျော်၊ ဝင်းမြင့်ကျော်**

❍ *ကျော့ဖုံးမှ*
မြန်မာအမျိုးသမီးအသင်းသည် ယခင်နည်းပြချုပ်ဟောင်း ဦးဝင်းသူမိုးနှင့် စာချုပ်သက်တမ်းပြည့်သွားချိန်တွင် သက်တမ်းမတိုးဘဲ လမ်းခွဲခဲ့သောကြောင့် အိုလံပစ်ခြေစစ်ပွဲအတွက် လက်ထောက်နည်းပြအဖွဲ့က တာဝန်ယူ လေ့ကျင့်ပေးလျက်ရှိပြီး ခြေစစ်ပွဲမတိုင်မီ နည်းပြသစ် ခန့်အပ်နိုင်ခြင်းမရှိပါက လက်ထောက်နည်းပြအဖွဲ့ကပင် တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်တတိယအဆင့်ခြေစစ်ပွဲအတွက် ဒီဇင်ဘာ ၂၁ ရက်တွင် စခန်းဝင်လေ့ကျင့်ခဲ့ပြီး စီနီယာကစားသမားများ အပါအဝင် အမာခံကစားသမားအစုံအလင်ဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

အိုလံပစ် တတိယအဆင့်ခြေစစ်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် တောင်ကိုရီးယား၊ ဗီယက်နမ်၊ မြန်မာ၊ အုပ်စု (ခ) တွင် ဩစတြေးလျ၊ တရုတ်၊ ထိုင်း၊ တရုတ်(တိုင်ပေ)အသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းပါဝင်သည့် အုပ်စု (က) ကို တောင်ကိုရီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဖေဖော်ဝါရီ ၃ ရက်တွင် တောင်ကိုရီးယားအသင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ အုပ်စု တစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ နောက်ဆုံးအဆင့် ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သောကြောင့် မြန်မာအသင်းအနေဖြင့် မျှော်လင့်ချက်ရှိနေပြီး အာဆီယံဒေသတွင်းပြိုင်ဘက် ဗီယက်နမ်အသင်းကို ကျော်ဖြတ်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**



ဇန်နဝါရီ ၁၂ ရက်က TRINX Mingun fun ride Tour (မန္တလေး-မင်းကွန်း) စုပေါင်းစက်ဘီးစီးနင်းပွဲ ပါဝင်ဆင်နွှဲကြမည့် စက်ဘီးစီးကစားသမားများကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်း အို- စတိုးရှေ့ တာလွှတ်စုရပ်နေရာ၌ တွေ့ရစဉ်။
(စုပေါင်းစက်ဘီးစီးနင်းပွဲသို့ မန္တလေးမြို့၊ အမရပူရ၊ စစ်ကိုင်း၊ တံတားဦးနှင့် အနီးဝန်းကျင်မြို့တို့မှ စက်ဘီးစီးဝါသနာရှင် စုစုပေါင်း ၂၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။)
**တင်မောင် - မန်းကိုယ်ပွား**

❁ *ကျော့ဖုံးမှ*
ရန်ကုန်ယူနိုက်တက်အသင်းသည် ချာရတီဖလားပြိုင်ပွဲမှ ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ကျော်ဇင်ထက်၊ သန်းပိုင်၊ ထိုက်ထိုက်အောင်၊ သိန်းသန်းဝင်း၊ မောင်မောင်လွင် အပါအဝင် နိုင်ငံခြားသားကစားသမားများဖြင့် ပွဲထွက်ခဲ့သည်။ တန်းတက်ချင်းယူနိုက်တက်အသင်းမှာလည်း နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် MNL အတွေ့အကြုံရှိသည့် နေဝင်းအောင်၊ နန္ဒလင်းကျော်ချစ်၊ ဇန်ဘိုထွန်းတို့ဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲစကတည်းကခြေအသာဖြင့် ကစားနိုင်သော်လည်း အကောင်းဆုံးပုံစံရရန် ရုန်းကန်နေရပြီး ၂၄ မိနစ်မှ ဂိုးစတင်ရရှိခဲ့သည်။ ယင်းဂိုးကို သန်းပိုင်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးစတင်ရရှိခဲ့သော်လည်း ရန်ကုန်အသင်းသည် ပွဲကိုထိန်းချုပ်နိုင်ခြင်းမရှိဘဲ ပထမပိုင်းပြီးခါနီးတွင် ဂိုးပြန်ပေးခဲ့ရသည်။ ချင်းယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ကျော်မင်းသန်းက ၄၅+၂ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ဒုတိယပိုင်းတွင် အနိုင်ဂိုးရရန် ခြေစွမ်းမပြနိုင်သည့် ဘာဖို နေရာတွင် အီမန်နျူရယ်ကိုထည့်ကာ တိုက်စစ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး ချင်းယူနိုက်တက်အသင်းမှာလည်း ဂိုးမပေးရရန် ဦးစားပေးကစားခဲ့သည်။ ရန်ကုန်အသင်းသည် ဂိုးထပ်ရနိုင်သည့် အခွင့်အရေး များရခဲ့သော်လည်း သန်းပိုင် အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရပြီး ၈၄ မိနစ်မှ အနိုင်ဂိုးရခဲ့သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးကို တိုက်စစ်မှူး အီမန်နျူရယ်က ခေါင်းတိုက်သွင်းယူခဲ့သည်။

ပဲခူး Grand Royal ကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက ရခိုင်အသင်းကိုတစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နှစ်သင်းစလုံးအမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ဟံသာဝတီ အသင်းက ၄၃ မိနစ်တွင် တိုက်စစ်မှူး အီမီကာ သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် နည်းပြသစ် ဦးမျိုးမင်းထွန်းကိုင်တွယ်သည့် ပထမဆုံးပွဲတွင် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မော်လမြိုင်ကွင်း၌ ကျင်းပသည့်ပွဲတွင် စစ်ကိုင်းအသင်းကအိမ်ရှင် Southern အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အပြန်အလှန်သွင်းဂိုးများကြောင့် ပွဲမှာအကြိတ်အနယ်ရှိခဲ့ပြီး ၂၂ မိနစ်တွင် အောင်မြတ်သူက Southern အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ စစ်ကိုင်းအသင်းသည် ပထမပိုင်း မပြီးခင်မှာပင် ချေပဂိုးနှင့် ဦးဆောင်ဂိုး ပြန်ရခဲ့ပြီး ၄၂ မိနစ်တွင် ကျော်စွာမင်းကချေပဂိုး၊ ၄၃ မိနစ်တွင် မျိုးမင်းဖြိုးက ဒုတိယဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင် Southern အသင်းက ချေပဂိုးရရန် ကြိုးပမ်းလာရာ ၅၃ မိနစ်တွင် ကောင်းစည်သူက ဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး စစ်ကိုင်းအသင်းအတွက် အနိုင်ဂိုး ကို မိနစ် ၇၀ တွင် ကျော်စွာမင်းက သွင်းယူခဲ့သည်။

ပွဲစဉ် (၁) အပြီးတွင် ရတနာပုံ၊ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်၊ ရန်ကုန်၊ ဟံသာဝတီနှင့် စစ်ကိုင်းအသင်းတို့ နိုင်ပွဲရခဲ့ပြီး ရတနာပုံအသင်းက ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသည်။

**ညီမြတ်သော်တာ**



၂၀၂၀ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲပထမအဆင့်ယှဉ်ပြိုင်မည့် ရှမ်းယူနိုက်တက်အသင်း။
ဓာတ်ပုံ-ရှမ်းယူနိုက်တက်

❊ *ကျော့ဖုံးမှ*
ဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်ခြင်း မရှိခဲ့ပေ။ ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲပထမအဆင့်တွင် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်ပြီး ဇန်နဝါရီ ၁၄ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၉ ရာသီတွင် MNL အမှတ်ပေး ချန်ပီယံဆုကို ရရှိခဲ့သောကြောင့် အာရှချန်ပီယံလိဂ်တွင် အကြိုခြေစစ်ပွဲအဆင့်မှ စတင်ကစားရခြင်းဖြစ်ပြီး ယခုအဆင့်ကို ကျော်ဖြတ်နိုင်ပါက ဒုတိယအဆင့်တွင် ထိုင်းကလပ် Port အသင်းနှင့် ဆက်လက်ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ပြည်တွင်းပြိုင်ပွဲများအပြင် နိုင်ငံတကာပြိုင်ပွဲများလည်း ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ပြင်ဆင်မှုများစွာ ပြုလုပ်ထားသည်။

**ညီမြတ်သော်တာ**

◆ *ကျော့ဖုံးမှ*
ယင်းပွဲတွင် လီဗာပူးသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့်မှာ အိမ်ရှင်စပါးအသင်းသည် ၁၄ ကြိမ် အထိရရှိခဲ့ကာ လေးကြိမ်သာ ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ လီဗာပူးသည် ၁၃ ကြိမ် ကန်သွင်းခွင့်ရခဲ့ပြီး ခုနစ်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

ပွဲစဉ် (၂၂) ယှဉ်ပြိုင်အပြီးတွင် လီဗာပူးသည် ရမှတ် ၆၁ မှတ်ဖြင့် အဆင့် ၁ မှ လက်စတာကို တစ်ပွဲလျော့ဖြင့် ၁၆ မှတ် ဖြတ်ထားနိုင်ခဲ့ပြီး ယခုနှစ်ရာသီတွင် ပရီမီယာလိဂ်ဖလားကို ပိုင်ဆိုင်ဖို့ရာ ချန်ပီယံလမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီဖြစ်သည်။

လီဗာပူး၏ ယခုလိုရလဒ်မျိုးသည် လက်ရှိ ဥရောပထိပ်သီး လိဂ်ကြီးများတွင် ယခုနှစ်ရာသီ ရှုံးပွဲမရှိဘဲ တစ်ပွဲသာ သရေကျထားမှုကို မည်သည့်အသင်းကမျှ မစွမ်းဆောင်နိုင်သေးကြောင်း မှတ်တမ်းဝင်ခဲ့သည်။

လီဗာပူးသည် ယခင်ရာသီမှ လက်ရှိရာသီ ပွဲစဉ်အထိ ၃၈ ပွဲဆက် ရှုံးပွဲမရှိဘဲ ၃၃ ပွဲနိုင်၊ ငါးပွဲသရေဖြင့် မန်စီးတီးနှင့် ချယ်လ်ဆီးတို့၏ စံချိန်ကိုကျော်လွန်သည့် မှတ်တမ်းဝင်ခဲ့သည်။

ဇန်နဝါရီ ၁၃ ရက်က ယှဉ်ပြိုင်ကစားသည့် ဘုန်းမောက်နှင့် ဝက်ဖို့ဒ်တို့ပွဲတွင် ဝက်ဖို့ဒ်က သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အက်စ်တွန်ဗီလာနှင့် မန်စီးတီးပွဲတွင် မန်စီးတီးက ခြောက်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

**သီဟ**




လီဗာပူးမှ ဖာမီနို စပါးဘက်သို့ ဂိုးကန်သွင်းမှုကို တွေ့ရစဉ်။

# မြောက်ဦးမြို့၌ ရဲတပ်ဖွဲ့ပိုင်မော်တော်ယာဉ်နှစ်စီးအား AA အဖွဲ့က အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်၍ မော်တော်ယာဉ်ထိမှန်ပျက်စီးသွားခဲ့သော်လည်း လူထိခိုက်ဒဏ်ရာရမှုမရှိ

နေပြည်တော် ဇန်နဝါရီ ၁၂

မြောက်ဦးမြို့၌ ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ် နှစ်စီးအား AA အဖွဲ့က အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် မော်တော်ယာဉ်ထိမှန် ပျက်စီးသွားခဲ့သော်လည်း လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။




### လူထိမှန်ဒဏ်ရာရရှိမှုမရှိ

မြောက်ဦးမြို့ နယ်မြေခံရဲတပ်ဖွဲ့ဌာနချုပ်မှ မိသားစုဝင်များသည် ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် တပ်ဖွဲ့ပိုင် မော်တော်ယာဉ်နှစ်စီးဖြင့် မြောက်ဦးမြို့မဈေးသို့ သွားရောက်ဈေးဝယ်ပြီး ပြန်လာစဉ် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် မြောက်ဦးမြို့ သကျမာန်အောင်ဘုရားအနီး၌ AA အဖွဲ့က အဝေးထိန်းမိုင်းတစ်လုံး ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း၊ တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ပိုင်မော်တော်ယာဉ် ထိမှန်ပျက်စီးသွားသော်လည်း လူထိမှန်ဒဏ်ရာရရှိမှုမရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်

# ကျောက်မဲမြို့နယ်၌ မော်တော်ယာဉ်တစ်စီးအား လက်နက်ငယ်ဖြင့် ပစ်ခတ်မှုကြောင့် ယာဉ်နောက်လိုက် သေဆုံး

နေပြည်တော် ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်၌ ယနေ့နံနက်ပိုင်းက နွားများတင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီးအား လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်သဖြင့် ယာဉ်နောက်လိုက် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ကျောက်မဲမြို့နယ် ချောင်းချောက်ကျေးရွာအနီး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်(၁၁၇/၃-၄)ကြား၌ ဇန်နဝါရီ ၁၂ ရက် နံနက် ၅ နာရီ ၄၅ မိနစ်က ကျောက်မဲမြို့ဘက်မှ သီပေါမြို့ဘက်သို့ ဦးဝင်းမြင့်ဋ္ဌေး မောင်းနှင်၍ နွားထိုးကြီးမြို့နယ် ခက်လန်းကျေးရွာနေ ယာဉ်နောက်လိုက် ဦးသိန်းလင်းထွန်း(ခ)မောင်ဝိုင်း(၂၂)နှစ်ပါ ၃ ဦးတို့ လိုက်ပါလာသည့် နွားထီး အကောင် ၂၀ တင်ဆောင်လာသော ၁၂ ဘီးယာဉ်အား ဝဲ/ယာဘက် ဘေးမှ ဆိုင်ကယ် ၂ စီးဖြင့် မောင်းနှင်လိုက်ပါလာသည့် လက်နက်ကိုင် အမျိုးသား ၄ ဦးက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ မော်တော်ယာဉ်မှာ လမ်း၏ ဝဲဘက်ဘေးရှိ သစ်ပင်အားတိုက်မိပြီး ရပ်တန့်သွားခဲ့ကာ ယာဉ်နောက်လိုက် ဦးသိန်းလင်းထွန်း(ခ)မောင်ဝိုင်း၏ ယာဘက်ဦးခေါင်း/နားရွက်အောက်/လည်ပင်းတို့အား လက်နက်ငယ်ကျည် ဖောက်ဝင် ဒဏ်ရာ ၄ ချက်ဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း၊ ယာဉ်မောင်းအပါအဝင် ၃ ဦးမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ကျောက်မဲမြို့မရဲစခန်းက အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၁၃-၁-၂၀၂၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၇:၄၀ - "လိုရာဆုယူ ကော့ကသောင်ဂူ"
- ၈:၄၀ - "နာဂတိုင်းရင်းသားတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်ဆီ"
- ၉:၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၀:၃၅ - "မောင်တောစုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင် ဦးထွန်းမြတ်နှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၂:၃၅ - "မောင်တောစုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသက်သက်ဇင်နှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၂:၅၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "သူရဲကောင်းတို့ရဲ့ဒဏ္ဍာရီ" (အပိုင်း-၁)
- ၁၅:၁၀ - "တန်ဖိုး"

**ညပိုင်း**

- ၁၆:၂၅ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၁၈:၂၀ - ရုပ်ရှင်ရာပြည့် (Promo)
- ၁၈:၂၅ - "အယ်လ့်ဘဲ့တီးနား ဆိုလီယာနီနှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၈:၃၅ - ဥပဒေရေးရာအဖြာဖြာ "စာနာတတ်သူ တာဝန်ယူ"
- ၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း-၂၀)
- ၁၉:၅၀ - "စကားပြောတတ်သော နိုင်ငံတော်အလံ၏ ရှေးဟောင်းရတနာများ"
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ - ပြည်သူ့အကျိုးပြုမှတ်တိုင်များ " အမှတ်(၃) အထည်စက်ရုံ" (စစ်ကိုင်း)
- - မြန်မာ့ရုပ်ရှင်ရာပြည့်တေးများ "တမ်းတမ်းတတ ဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ" (အကယ်ဒမီ ဒေါ်မြင့်မြင့်ခင်၏ ရုပ်ရှင်တေးများ)

# ဗန်းမော်၊ မိုးညှင်း၊ ဗန်းမောက်နှင့် ဟိုပုံးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၂

**ဗန်းမော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၀ ရက် ညနေ ၆ နာရီခွဲတွင် ဗန်းမော်မြို့ နောင်ခိုရပ်ကွက် စင့်ကင်တံတားထိပ်တွင် မြင့်ကျော် မောင်းနှင်ပြီး စိုးခိုင်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၊ ဘိန်းဖြူ သုည ဒသမ ၀၀၀၂ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။**

### ရှာဖွေ

အလားတူ ယင်းနေ့ မွန်းလွဲပိုင်းက မိုးညှင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာအနီး မော်ဟန်-မိုးညှင်း ကားလမ်းတွင် လှမင်းနိုင် မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ဇုန်းဘောမ် မောင်းနှင်လာသော ဆိုင်ကယ်နှစ်စီးကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၉၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ည ၇ နာရီက ဗန်းမောက်မြို့နယ် လိပ်စောရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဗန်းမောက်မြို့နယ် ရွှေကျောင်းကျေးရွာအုပ်စု ရွှေကျောင်းကျေးရွာ နန်းကစားတောလမ်းဘေးတွင် တွေ့ရှိသူ အောင်နိုင်(ခ)အောင်နိုင်ဦးအား ရှာဖွေရာ ငွေကျပ်သိန်း ၉၄၆၀ တန်ဖိုးရှိ ဘိန်းဖြူ သုည ဒသမ ၀၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၈၀၀၀ တို့ကို လည်းကောင်း။



အောင်နိုင်(ခ)အောင်နိုင်ဦးအား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

### အရေးယူထား

အလားတူ ည ၇ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ဟိုနမ့်ကျေးရွာအနီး ဟိုပုံး-လွိုင်လင် ကားလမ်းတွင် စိုင်းလောင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ထန်တလန်မြို့၌ လူနေအိမ်သုံးလုံးမီးလောင်ကာ လူနှစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**ထန်တလန် ဇန်နဝါရီ ၁၂**

ချင်းပြည်နယ် ထန်တလန်မြို့၌ ဇန်နဝါရီ ၁၂ ရက် နံနက် ၂ နာရီက လူနေအိမ်သုံးလုံး မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါမီးလောင်မှုသည် အမှတ်(၁)ရပ်ကွက်(ကျောင်းရပ်ကွက်) တင်းနစ်ကွင်းပတ်လမ်းနေ ဦးချွန်လျန်၏ နှစ်ထပ်နေအိမ် မီးကြွင်းမီးကျန်မှ မီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး အနီးရှိ နေအိမ်နှစ်လုံးသို့ ကူးစက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဦးချွန်လျန် (၉၀နှစ်)နှင့် ၎င်း၏မြေးဖြစ်သူ မောင်ကျုံးဟူးလျန် (၁၀နှစ်)တို့ သေဆုံးပြီး ဒေါ်ဇိန်လှဲန်း (၅၂ နှစ်)နှင့် ဒေါ်ဖမ်မွေဘောရ် (၂၈နှစ်)တို့မှာ မီးလောင်ဒဏ်ရာ(မစိုးရိမ်ရ) အနည်းငယ်ရရှိကာ နေအိမ်သုံးလုံး၊ ၂၀၀ ကေဗွီအေထရန်စဖော်မာ တစ်လုံးနှင့် Panel Box တစ်လုံး ဆုံးရှုံးကြောင်း သိရသည်။

မီးလောင်မှုဖြစ်ရာသို့ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးရွှေကျုံးလျန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ကြရာ နံနက် ၂ နာရီ ၃၅ မိနစ်ခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# စစ်ကိုင်းမြို့၌ ၁၂ ဘီး အရှိန်လွန်၍ မီးပွိုင့်တွင်ရပ်တန့်စောင့်ဆိုင်းနေသော ဆိုင်ကယ်ကိုဝင်တိုက်ကာ မီးလောင်သဖြင့် နှစ်ဦးဒဏ်ရာရ

**စစ်ကိုင်း ဇန်နဝါရီ ၁၂**

စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက် မုံရွာ-မန္တလေးကားလမ်းမပေါ်တွင် ဇန်နဝါရီ ၁၂ ရက် ညနေ ၄ နာရီခွဲက ကျောက်မီးသွေးများ တင်ဆောင်လာသည့် ၁၂ ဘီးယာဉ်တစ်စီး အရှိန်လွန်၍ ဆိုင်ကယ်ကိုဝင်တိုက်မိကာ မီးလောင်မှုဖြစ်ပြီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။

မုံရွာဘက်မှ မန္တလေးဘက်သို့ပြည်ကြီးတံခွန်မြို့နယ် သမန်းကုန်းကျေးရွာနေသူများဖြစ်ကြသည့် မမွှေးမွှေး(ခ) ကြူကြူမွှေး(၂၁နှစ်)နှင့် မမေဇင်ဦး (၁၅ နှစ်)တို့ စီးနင်းလာသော ၆၁ ယ/---- ဆိုင်ကယ်သည် မီးပွိုင့်တွင် မီးနီပြသဖြင့် ရပ်တန့်စောင့်ဆိုင်းနေစဉ် လားရာတူ နောက်မှ ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသည့် 8J/---- နစ်ဆန်း ကျောက်မီးသွေးတင် ၁၂ ဘီးယာဉ်က အရှိန်လွန်ပြီး တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် လူနှစ်ဦးနှင့် ဆိုင်ကယ်မှာ ယာဉ်အောက်တွင် ပေ ၅၀ ခန့်တရွတ်တိုက်ပါသွားခဲ့ပြီး နောက်ဆိုင်ကယ်နှင့် ၁၂ ဘီးယာဉ်ခေါင်းခန်း မီးလောင်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ရာသို့ စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ယာယီရဲမှူး စိုးမိုးနိုင်၊ စစ်ကိုင်းမြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်ဇင်ထွေး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက မီးသတ်ယာဉ် သုံးစီးဖြင့် မီးငြှိမ်းသတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် မမွှေးမွှေး(ခ)မကြူကြူမွှေး၊ မမေဇင်ဦးတို့မှာ ထိခိုက်ဒဏ်ရာများရရှိသဖြင့် စစ်ကိုင်းပြည်သူ့ဆေးရုံမှတစ်ဆင့် မန္တလေးပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ပြီး ၁၂ ဘီးယာဉ်မောင်း (စုံစမ်းဆဲ)အား အမှုဖွင့်အရေးယူထားကြောင်း စစ်ကိုင်းမြို့မရဲစခန်းမှသိရသည်။

**ခိုင်ဇေယျ**





# ရုရှားနှင့်တူရကီတို့က မေတ္တာရပ်ခံခဲ့ပြီးနောက် လစ်ဗျားစစ်အာဏာရှင် ဟက်ဖ်တာ အပစ်အခတ်ရပ်စဲရန် သဘောတူ

**ထရီပိုလီ ဇန်နဝါရီ ၁၂**

အပစ်အခတ်ရပ်စဲရန် ရုရှားနှင့်တူရကီတို့က တိုက်တွန်းတောင်းဆိုခဲ့ပြီးနောက်တွင် လစ်ဗျားမြို့တော် ထရီပိုလီကို ထိန်းချုပ်နိုင်ရေးအတွက် လများစွာကြာအောင် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကို ရပ်စဲရန် လစ်ဗျားစစ်အာဏာသိမ်းခေါင်းဆောင် ကာလီဖာဟက်ဖ်တာက ယမန်နေ့က သဘောတူလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။



လစ်ဗျား၌ ဖြစ်ပွားနေသည့် တိုက်ပွဲအတွင်း အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

၂၀၁၁ ခုနှစ်က နေတိုးအဖွဲ့ကျောထောက်နောက်ခံပေးထားသည့် ပုန်ကန်ထကြွမှုကြောင့် အာဏာရှင် မွမ်မာကဒါဖီ သေဆုံးခဲ့ပြီးနောက် မြောက်အာဖရိကနိုင်ငံဖြစ်သည့် လစ်ဗျား၌ နိုင်ငံရေးဆိုင်ရာ ကသောင်းကနင်းဖြစ်မှုများ ပေါ်ပေါက်လာခဲ့ကာ စစ်အာဏာသိမ်းခေါင်းဆောင် ကာလီဖာဟက်ဖ်တာက ကုလသမဂ္ဂအသိအမှတ်ပြုထားသည့် လစ်ဗျားအစိုးရလက်ထဲမှ ထရီပိုလီမြို့ကို ပြန်လည်သိမ်းယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်တို့က ဇန်နဝါရီ ၁၂ ရက် ညသန်းခေါင်အချိန်မှစတင်ကာ လစ်ဗျား၌ အပစ်အခတ်ရပ်စဲရန် ယခုရက်သတ္တပတ်အတွင်း တောင်းဆိုခဲ့ကြရာ ပထမတွင် ဟက်ဖ်တာက ဆက်လက်တိုက်ခိုက်ရန် အလေးပေးခဲ့သော်လည်း ဇန်နဝါရီ ၁၁ ရက်တွင် ဟက်ဖ်တာ၏ တပ်ဖွဲ့က အပစ်အခတ်ရပ်စဲရေး ပြုလုပ်ရန် သဘောတူလိုက်သည်။

သို့သော်လည်း အတိုက်အခံဘက်က အပစ်အခတ်ရပ်စဲမှု ချိုးဖောက်သည့် လုပ်ရပ်တစ်ခုခုရှိလာခဲ့လျှင် ပြင်းပြင်းထန်ထန် တုံ့ပြန်မည်ဖြစ်ကြောင်း ကာလီဖာဟက်ဖ်တာ၏ တပ်ဖွဲ့က သတိပေးခဲ့ကြောင်း ဖာရက်ဇ်အယ်လ်ဆာရက်ဂျ် ဦးဆောင်သည့် ထရီပိုလီအခြေစိုက် အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့၏ ဖော်ပြချက်အရ သိရသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီကြောင်း ဟက်ဖ်တာ၏ ကြေညာချက် မထွက်ပေါ်မီ သမ္မတပူတင်နှင့် ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်တို့သည် ဇန်နဝါရီ ၁၁ ရက်က မော်စကို၌ တွေ့ဆုံခဲ့ကြပြီး လစ်ဗျားနိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းနိုင်ရေး နိုင်ငံတကာက ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းတောင်းဆိုခဲ့သည်။

ဒုတိယဆီးရီးယားနိုင်ငံကဲ့သို့ ဖြစ်လာနိုင်သည်ဟု ဘာလင်က သတိပေးထားသည့် လစ်ဗျားပဋိပက္ခအတွင်း ဂျာမနီနှင့် ရုရှားနှစ်နိုင်ငံလုံးက ကြားဝင်ဖျန်ဖြေသူများအဖြစ် ပါဝင်ဆောင်ရွက်နေကြသည်ဖြစ်ရာ ကရင်မလင်၌ တွေ့ဆုံဆွေးနွေးခဲ့မှုအတွင်း လစ်ဗျားပဋိပက္ခက အဓိကခေါင်းစဉ်ဖြစ်ခဲ့သည်။

**အေအက်ဖ်ပီ**

---

## ဗြိတိန်သံအမတ်ကြီးကို ထိန်းသိမ်းခဲ့သည့်အတွက် အမေရိကန်နှင့် ဗြိတိန်တို့က အီရန်ကို အပြစ်တင်

**တီဟီရန် ဇန်နဝါရီ ၁၂**

အီရန်နိုင်ငံမြို့တော်တွင် နိဝင်ဘာလအတွင်း ဖြစ်ပွားခဲ့သော အစိုးရဆန့်ကျင်ဆန္ဒပြပွဲဖြစ်ပွားစဉ်အတွင်း အီရန်နိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးကို ခေတ္တထိန်းသိမ်းခဲ့မှုနှင့် စပ်လျဉ်း၍ ဇန်နဝါရီ ၁၁ ရက်က အီရန်ကို အမေရိကန်နှင့် ဗြိတိန်တို့က အပြစ်တင်ခဲ့ကြသည်။

ဗြိတိန်သံအမတ်ကြီး ရော့မက်ကဲသည် ယူကရိန်းလေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ရသူများအတွက် ရည်စူးကျင်းပသည့် အောက်မေ့ဖွယ်အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြကြသည်။ ယင်းအခမ်းအနားမှာ ရုတ်တရက်ဆိုသလို အစိုးရဆန့်ကျင်ဆန္ဒပြပွဲအဖြစ်သို့ ပြောင်းလဲသွားပြီး သံအမတ်ကြီးကိုလည်း ယင်းပွဲတွင် ပါဝင်သည်ဟု သံသယရှိသည့်အတွက် ထိန်းသိမ်းခဲ့သည်။

ဗြိတိန်သံအမတ်ကြီးကို အကျိုးအကြောင်းရှင်းပြခြင်းမရှိဘဲ ဖမ်းဆီးထိန်းသိမ်းခြင်းမှာ အပြည်ပြည်ဆိုင်ရာ ဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒိုမနစ် ရက်ဘ်ကပြောသည်။

အီရန်အစိုးရသည် လက်ရှိအခြေအနေတွင် လမ်းဆုံ၌ ရောက်နေကြောင်း၊ ယခုအတိုင်းဆက်သွားပါက စီးပွားရေးနှင့်နိုင်ငံရေးအရ အထီးကျန်ဆန်သည့် အခြေအနေသို့ရောက်သွားနိုင်သလို တင်းမာမှုများကို လျှော့ချပါက သံတမန်လမ်းကြောင်းအတိုင်း ရှေ့ဆက်သွားနိုင်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ မော်ဂန်အော်တာဂတ်စ်ကလည်း အီရန်နိုင်ငံ၏ အပြုအမူမှာ ဗီယင်နာကွန်ဗင်းရှင်းကို ချိုးဖောက်ရာရောက်ကြောင်း ဝေဖန်ခဲ့သည်။ အီရန်နိုင်ငံအနေဖြင့်သံတမန်စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်နှင့် ဗြိတိန်အစိုးရကို တရားဝင်တောင်းပန်မှုပြုလုပ်ရန်လည်း တောင်းဆိုခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## အမေရိကန်သမ္မတ၏ စစ်ရေးဆိုင်ရာ ဆုံးဖြတ်ပိုင်ခွင့်ကို ကန့်သတ်ရန် အောက်လွှတ်တော် ဆုံးဖြတ်

**ဝါရှင်တန် ဇန်နဝါရီ ၁၂**

အီရန်အပေါ် နောက်ထပ် စစ်ရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဆုံးဖြတ်ပိုင်ခွင့်ကို ကန့်သတ်ရန် ရည်ရွယ်သည့် ဆုံးဖြတ်ချက်တစ်ခု အမေရိကန်အောက်လွှတ်တော်က ချမှတ်လိုက်ကြောင်း သိရသည်။

ဒီမိုကရက်တစ်အမတ်အများစု လွှမ်းမိုးသည့် အောက်လွှတ်တော်က အဆိုပါဆုံးဖြတ်ချက်အပေါ် မဲပေးခဲ့ကြသည်။ အီရန်ထိပ်တန်းတပ်မှူး ကာဆမ်ဆိုလန်းမန်းနီကို အမေရိကန်က နှိမ်နင်းခဲ့ပြီးနောက် ထိုသို့မဲပေးမှုဖြစ်လာခဲ့သည်။ သမ္မတ ထရမ့်သည် လွှတ်တော်နှင့် တိုင်ပင်ညှိနှိုင်းမှုမရှိဘဲ ဒရုန်းယာဉ်ဖြင့် တိုက်ခိုက်ရန် အမိန့်ပေးခဲ့ကြောင်း၊ ထရမ့်၏ လုပ်ရပ်များသည် နိုင်ငံကို စစ်မက် အန္တရာယ်အတွင်းသို့ ကျရောက်စေနိုင်ကြောင်း အတိုက်အခံ ဒီမိုကရက်တစ်များက စွပ်စွဲခဲ့ကြသည်။

လွှတ်တော်က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်၌ သမ္မတထရမ့်က လွှတ်တော်၏ခွင့်ပြုချက် မရရှိဘဲ အီရန်အပေါ် စစ်ရေးအရ တိုက်ခိုက်မှုများ လုပ်ဆောင်ခွင့် မရှိကြောင်း တားမြစ်ထားသည်။ အဆိုပါ ဆုံးဖြတ်ချက်ကြောင့် ရီပတ်ဘလစ်ကန်အများစုရှိသည့် အထက်လွှတ်တော်၌ အငြင်းပွားဖွယ်ဖြစ်လာနိုင်ပြီး အထက်လွှတ်တော်က ခွင့်ပြုခဲ့ပါကလည်း သမ္မတထရမ့်က ဗီတိုအာဏာဖြင့် ပယ်ချနိုင်ဖွယ်ရှိကြောင်း အမေရိကန်မီဒီယာများက ဖော်ပြခဲ့သည်။ **အင်န်အိတ်ချ်ကေ**

---

## ဗင်နီဇွဲလားနိုင်ငံမှ ရွှေ့ပြောင်းလာသည့်ကလေးများကို ပိုမိုထောက်ပံ့ရန် ယူနီဆက်ဖ် သံတမန်တိုက်တွန်း

**ဂျီနီဗာ ဇန်နဝါရီ ၁၂**

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ သံတမန်နှင့် ဗြိတိန်သရုပ်ဆောင်တစ်ဦးဖြစ်သူ လီယန်နီဆင်သည် ဗင်နီဇွဲလားနိုင်ငံမှ ရွှေ့ပြောင်းလာသည့် ကလေးများနှင့် ဒုက္ခသည်များအတွက် ပိုမိုအကူအညီပေးကြရန် တိုက်တွန်းခဲ့ကြောင်း ဘရာဇီးနှင့် ဗင်နီဇွဲလားနိုင်ငံ နယ်စပ်သို့ ရောက်ရှိလာစဉ် ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဇန်နဝါရီ ၁၀ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် နီဆင်က ၎င်း၏လေးရက်တာခရီးစဉ်အတွင်း ဗင်နီဇွဲလားနိုင်ငံမှ ရွှေ့ပြောင်းလာသည့် ကလေးငယ်များ၊ မိသားစုများနှင့်တွေ့ဆုံခဲ့ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ကလေးများအတွက် အကူအညီ ပိုပေးကြရန်လည်း တောင်းဆိုခဲ့သည်။ ၎င်းနှင့်စကားပြောဆိုခဲ့သည့် ကလေးများနှင့် မိသားစုများမှာ အားနည်းချို့တဲ့နေကြကြောင်း၊ ပိုင်ဆိုင်မှုများ အားလုံးထားပြီး ထွက်ပြေးလာရသည့်အတွက် ကြောက်ရွံ့မှုများ ရှိနေဆဲဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့သည်။ ရွှေ့ပြောင်းလာသည့် ကလေးများမှာ လုံခြုံစိတ်ချရသည့် နေရာတွင် ပညာသင်ကြားရန်၊ ကျန်းကျန်းမာမာ ကြီးပြင်းလာရန် အခွင့်အရေးရှိကြောင်း၊ ဘရာဇီးတွင် ၎င်းတို့ဘဝသစ် ပြန်လည်စတင်နိုင်ကြောင်း ပြောကြားခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံသားများအား ခိုလှုံသူအဖြစ် လျှောက်ထားရန်နှင့် နေထိုင်ခွင့်ရရန် မည်သို့မည်ပုံလျှောက်ထားရမည်ကိုလည်း သတင်းအချက်အလက်များ မျှဝေပေးထားပြီး လိုအပ်ပါက ကာကွယ်ဆေးလည်း ထိုးပေးသည်။ လက်တင်အမေရိကနိုင်ငံများသည် ဗင်နီဇွဲလားမှ ရွှေ့ပြောင်းနေထိုင်သူနှင့် ဒုက္ခသည် ၃ ဒသမ ၉သန်းကို လက်ခံထားရပြီး ယင်းဖြစ်ရပ်မှာ ကမ္ဘာပေါ်တွင် အကြီးဆုံးရွှေ့ပြောင်းနေထိုင်မှုပင်ဖြစ်သည်ဟု ယူနီဆက်ဖ်ကပြောသည်။



ယူနီဆက်ဖ်သံတမန် လီယန်နီဆင် ရွှေ့ပြောင်းနေထိုင်သူများ မှတ်ပုံတင်သည့်စခန်းမှ ကလေးတစ်ဦးနှင့်အတူ တွေ့ရစဉ်။

ဗင်နီဇွဲလားနိုင်ငံမှ ထွက်ပြေးလာသူ မိသားစုအရေအတွက်မှာ တဖြည်းဖြည်း မြင့်တက်လာပြီး ယခုနှစ်အတွင်းတွင် ဗင်နီဇွဲလားမှ ရွှေ့ပြောင်းလာသူများ အပါအဝင် ကလေး ၁ ဒသမ ၉သန်းမှာ အကူအညီများ လိုအပ်လျက်ရှိသည်။ **ဆင်ဟွာ**

---

## ယူကရိန်းလေယာဉ်ကို ပစ်ချခဲ့မှုအတွက် နစ်နာကြေးပေးရန် အီရန်ကို ယူကရိန်းတောင်းဆို

**ကီယက်ဗ် ဇန်နဝါရီ ၁၂**

ယူကရိန်းလေယာဉ် ပျက်ကျစေခဲ့သည့် ဒုံးကျည်ပစ်ခတ်မှုတွင် အပြစ်ရှိသူကို အပြစ်ပေးရန်နှင့် လေယာဉ်ပျက်ကျမှုအတွင်း အသက်ဆုံးရှုံးခဲ့သူများအတွက် နစ်နာကြေးပေးရန် ယူကရိန်းနိုင်ငံက ယမန်နေ့တွင် တောင်းဆိုခဲ့ကြောင်း သိရသည်။



ယူကရိန်းသမ္မတ ဇလန်းစကီး

ထို့ပြင် လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ အမှုမှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးမှုတွင် ပူးပေါင်းဆောင်ရွက်ခဲ့မှုအတွက် ယူကရိန်းက အီရန်ကို ချီးမွမ်းခဲ့သည်။ ယင်းကိစ္စကို အီရန်သမ္မတ ဟက်ဆန်ရိုဟာနီနှင့်အတူ ဆွေးနွေးရန်ရှိကြောင်း ယူကရိန်းသမ္မတ ဗိုလိုဒိုမီယာဇလန်းစကီးက ပြောခဲ့သည်။ ယခုဖြစ်စဉ်၌ အီရန်အနေဖြင့် အပြစ်ကျူးလွန်သူကို တရားစွဲဆိုရန် ဆောင်ရွက်မည်ဟု မျှော်လင့်ကြောင်း၊ အသက်ဆုံးရှုံးခဲ့သူများအတွက် နစ်နာကြေးပေးရန်နှင့် သေဆုံးသူတို့၏ အလောင်းများကို ပြန်ပို့ပေးရန် တောင်းဆိုကြောင်း သမ္မတက ဖေ့ဘုတ်ပေါ်၌ ရေးသားဖော်ပြခဲ့သည်။

အီရန်သည် ယူကရိန်းခရီးသည်တင်လေယာဉ်ကို ပြီးခဲ့သည့် ဇန်နဝါရီ ၈ ရက်က မရည်ရွယ်ဘဲ ဒုံးကျည်ဖြင့် ပစ်ချမိခဲ့သည့်အတွက် ခရီးသည် ၁၇၆ ဦး သေဆုံးခဲ့ရကြောင်း ဇန်နဝါရီ ၁၁ ရက်တွင် ဝန်ခံပြောကြားခဲ့သည်။ ဒုံးကျည်ဖြင့် မတော်တဆ မှားယွင်းပစ်ခတ်မိခဲ့သည့် ကိစ္စအတွက် လွန်စွာ စိတ်မကောင်းဖြစ်ရကြောင်းကိုလည်း သမ္မတရိုဟာနီက ဖော်ပြခဲ့သည်။

လေယာဉ်ပျက်ကျမှုကို စုံစမ်းစစ်ဆေးရာတွင် အီရန်က ယူကရိန်းကျွမ်းကျင်သူများထံသို့ သတင်းဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းများနှင့် အခြားအထောက်အထားပစ္စည်းများအပါအဝင် လုံလောက်သည့်အချက်အလက်များကို ပေးအပ်ကာ စုံစမ်းစစ်ဆေးမှုတွင် ယူကရိန်းနှင့်အတူ ထိရောက်စွာပူးပေါင်းပါဝင်ခဲ့ကြောင်း သမ္မတဇလန်းစကီး၏ ရုံးက ထုတ်ပြန်ခဲ့သည်။ **အေအက်ဖ်ပီ**

# လှိုင်းဂယက်တွေကြားထဲက ပြင်သစ်သမ္မတရဲ့ ပင်စင်စနစ်ပြုပြင်ပြောင်းလဲမှု

**ခြူးစန္ဒီနွေး**

ပြည်တွင်းမှဆန္ဒပြမှုတွေကြောင့် အကျပ်ရိုက်နေတဲ့ ပြင်သစ်နိုင်ငံအတွက် အစိုးရဟာ ဆန္ဒပြသူတွေနဲ့ညှိနှိုင်းနိုင်ဖို့အရေး ကြိုးပမ်းမှုတစ်ရပ်ပြုလုပ်ခဲ့ပါတယ်။ ထောင်နဲ့ချီတဲ့ ပြင်သစ်ပြည်သူတွေဟာ ပါရီမြို့တော်အပါအဝင် တခြားသော မြို့ကြီးတွေမှာ လမ်းမပေါ်ထွက်ဆန္ဒပြမှုတွေ ပြုလုပ်လာတဲ့အခါမှာတော့ အစိုးရအနေနဲ့ လိုက်လျောမှုတစ်ခု ပြုလုပ်ပေးခဲ့ရပါတယ်။



ဇန်နဝါရီ ၁၁ ရက်က ပါရီမြို့၌ ဆန္ဒပြနေကြသူများကို တွေ့ရစဉ်။

## အစိုးရ၏ လိုက်လျောမှု

အစိုးရရဲ့ ပင်စင်စနစ်ပြုပြင်ပြောင်းလဲရေးနဲ့ ပတ်သက်ပြီး ဆန္ဒပြသူတွေရဲ့တောင်းဆိုမှုကို ဇန်နဝါရီ ၁၁ ရက်မှာ လိုက်လျောပေးခဲ့ပါတယ်။ ပြင်သစ်မှာ အပြည့်အဝ ပင်စင်ယူရမယ့်အချိန်ကို ၆၂ နှစ်လို့ သတ်မှတ် ထားရာကနေ ၆၄ နှစ်လို့ ပြောင်းလဲသတ်မှတ်ဖို့ အစိုးရဘက်က ကြိုးစားခဲ့ပေမယ့် ဆန္ဒပြမှုတွေကြောင့် ဒီအဆိုပြုမှုကို ဖျက်သိမ်းဖို့ လိုက်လျောပေးခဲ့ရပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ မတူညီတာကတော့ ပြင်သစ်နိုင်ငံမှာ တစ်ဦးတစ်ယောက်ချင်းစီရဲ့ ပင်စင်နဲ့ပတ်သက်ပြီး အစိုးရဟာ အဓိကအခန်းကဏ္ဍကနေ ပါဝင်ပါတယ်။ ပင်စင်ယူရမယ့်အသက်အရွယ်ကို တိုးမြှင့်လိုက်တဲ့အတွက် ပြည်သူတွေကို ဒေါသပိုမိုထွက်စေခဲ့ပါတယ်။

## ရက်ရောမှုအရှိဆုံးစနစ်

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်ကတော့ သက်သာချောင်ချိမှုတွေ အများကြီးရှိတဲ့ ပင်စင်စနစ်ကို အားကောင်းစေဖို့ဆိုရင် ပြင်သစ်နိုင်ငံသားတွေအနေနဲ့ အချိန်ကြာကြာ အလုပ်လုပ်သင့်တယ်လို့ တစိုက်မတ်မတ်ပြောဆိုခဲ့ပါတယ်။ ပြင်သစ်နိုင်ငံရဲ့ ပင်စင်စနစ်ဟာဆိုရင် ကမ္ဘာပေါ်မှာ ရက်ရောမှုအရှိဆုံးစနစ်ဖြစ်ပြီး ဒီစနစ်ကြောင့်လည်း အစိုးရဟာ ၁၉ ဘီလီယံ လိုငွေပြနေပါတယ်။

ဇန်နဝါရီ ၁၁ ရက်မှာတော့ ပြင်သစ်သယ်ယူပို့ဆောင်ရေးအလုပ်သမားတွေရဲ့ သပိတ်ဟာ ခြောက်ပတ်မြောက်ရှိလာပြီဖြစ်ပြီး သမ္မတမက်ခရွန်ဦးဆောင်တဲ့အစိုးရဟာ ပင်စင်ယူရမယ့် အသက်အပိုင်းအခြား ပြင်ဆင်ကန့်သတ်မှုကို နောက်ဆုတ်ပေးမယ်လို့ ကြေညာခဲ့ပါတယ်။ ဒါပေမယ့် အလုံးစုံပယ်ဖျက်လိုက်တာတော့ မဟုတ်ပါဘူး။ ဘဏ္ဍာရေးစနစ်အရ ငွေကြေးပြဿနာမပေါ်ပေါက်သေးသရွေ့ ရွှေ့ဆိုင်းထားတာဖြစ်ပြီး ယခုအချိန်ကစပြီး ဧပြီလကုန်အထိသာ ဖြစ်ပါတယ်။

## ဆန္ဒပြမှုတွေ လျော့ကျဦးမှာမဟုတ်

လိုငွေပြမှုအတွက် မပြင်ဆင်နိုင်ဘူးဆိုရင် အစိုးရဟာ ပင်စင်ယူရမယ့် အသက် ပြင်ဆင်မှုကို လက်လျှော့မှာ မဟုတ်ပါဘူး။ အစိုးရဘက်က ဒီလိုမျိုးလိုက်လျောမှုတွေ ပြုလုပ်ခဲ့ပေမယ့် သပိတ်မှောက်မှုတွေ၊ ဆန္ဒပြမှုတွေကတော့ရပ်ဆိုင်းသွားဦးမှာ မဟုတ်ပါဘူး။ ရန်လိုတဲ့ အလုပ်သမားသမဂ္ဂတွေအထူးသဖြင့် မီးရထားနဲ့ပြင်သစ် မြေအောက်ရထားအလုပ်သမားတွေကတော့ သမ္မတ မက်ခရွန်ရဲ့ ပြုပြင်ပြောင်းလဲရေး အစီအစဉ်တွေ လုံးဝလက်လျှော့သွားအောင်အထိ တောင်းဆိုနေကြပါတယ်။

လမ်းမပေါ်ထွက် တောင်းဆိုမှုတွေဟာ ဇန်နဝါရီ ၁၁ ရက်မှာတော့ ပိုပြီးတော့ ပြင်းထန်လာတာကို တွေ့ရပါတယ်။ ရန်လိုပြီး အကြမ်းဖက်လိုစိတ်ရှိတဲ့ ဆန္ဒပြသူတွေဟာ လုံခြုံရေးရဲတွေနဲ့ ပဋိပက္ခတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ပါရီမြို့ အရှေ့ပိုင်းမှာ အပျက်အစီးတွေဖြစ်ပေါ်ခဲ့ရပါတယ်။ ဘဏ်ခွဲတစ်ခု ဖျက်ဆီးခံရပြီး ဘတ်စ်ကားဂိတ်တစ်ခုလည်း မီးရှို့ဖျက်ဆီးခံခဲ့ရပါတယ်။ ဆန္ဒပြပွဲမှာလူပေါင်း ၁၅၀၀၀၀ ပါဝင်တယ်လို့ အလုပ်သမားသမဂ္ဂက ပြောပါတယ်။

## ရိုးသားမှုမရှိ

သမ္မတမက်ခရွန်ရဲ့ ပြုပြင်ပြောင်းလဲရေးအစီအစဉ်တစ်ခုလုံး မရုပ်သိမ်းသရွေ့တော့ ဆက်လက်ပြီး ဆန္ဒပြနေရဦးမှာပဲလို့ ပါလီမန်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ အီရစ်ကိုကူရယ်က ပြောပါတယ်။ အစိုးရဘက်က လိုက်လျောချက်ကိုတော့ ပြင်သစ်ဝန်ကြီးချုပ် အက်ဒဝက်ဖိလစ်ပီက ကြေညာခဲ့တာပဲဖြစ်ပါတယ်။ ပြင်သစ်ဒီမိုကရက်တစ် အလုပ်သမားအဖွဲ့အစည်း စီအက်ဖ်ဒီတီကတော့ အငြိမ်းစားယူရမယ့် အသက်အပိုင်းအခြားကို အစိုးရက ပြင်ဆင်သတ်မှတ်တာနဲ့ပတ်သက်ပြီး ရုပ်သိမ်းပေးဖို့ အစဉ်တစိုက်ဆိုသလို တောင်းဆိုခဲ့သူလည်း ဖြစ်ပါတယ်။

အခုအစိုးရဘက်က လိုက်လျောမှုပြုလုပ်ခဲ့တဲ့အခါမှာတော့ အစိုးရဟာ ညှိနှိုင်းဖို့ ဆန္ဒရှိတယ်ဆိုတာကို တွေ့မြင်နေရတယ်လို့ ပြောလာပါတယ်။ လက်ယာစွန်းရောက်ခေါင်းဆောင် မရင်းလီပန်ကတော့ အစိုးရရဲ့ အပြုအမူဟာ ရိုးသားမှုမရှိဘဲ စေ့စပ်ညှိနှိုင်းဖို့ နည်းဗျူဟာသက်သက်သာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

## အကောင်အထည်ဖော်ဖို့ မလွယ်ကူ

တခြားသော အတိုက်အခံခေါင်းဆောင်တွေလိုပါပဲ လီပန်ဟာလည်း အစိုးရ ရဲ့ ပြုပြင်ပြောင်းလဲရေးအစီအစဉ်အားလုံး ရုပ်သိမ်းပေးဖို့တောင်းဆိုခဲ့ပါတယ်။ ဒီပြုပြင်ပြောင်းလဲမှုမှာတိကျတာ ဘာတစ်ခုမှမရှိဘူးလို့ သူက ဆက်ပြောပါတယ်။ သမ္မတ မက်ခရွန်ကတော့ သူပြင်ဆင်ဖို့စီစဉ်ခဲ့တဲ့ ပင်စင်စနစ်ဟာ မျှတမှုရှိတယ်လို့ ပြောခဲ့ပါတယ်။

အခုဆိုရင် ပုဂ္ဂလိကနဲ့ အများပြည်သူလုပ်ငန်းတွေမှာ လုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေဟာ သူတို့ရဲ့အကောင်းဆုံးအလုပ်လုပ်ခဲ့တဲ့နှစ်တွေက လစာအပေါ်အခြေခံပြီး ပင်စင်အကျိုးခံစားခွင့်ရရှိမှာပဲ ဖြစ်ပါတယ်။ အစီအစဉ်အမျိုးပေါင်း ၄၀ ကျော်ပါဝင်ပြီး ပင်စင်ယူအသက်အရွယ်နဲ့ ခံစားခွင့်အမျိုးမျိုးဖြစ်နေတဲ့ ပင်စင်စနစ်ကို သမ္မတမက်ခရွန်က ရိုးရှင်းအောင်ပြုလုပ်လိုပါတယ်။ သမ္မတ မက်ခရွန်ရဲ့ ပြုပြင်ပြောင်းလဲရေးအစီအစဉ်တွေကို အကောင်အထည်ဖော်ဖို့ကတော့ မလွယ်ကူလှပါဘူး။

## လိုငွေပြမှု မြင့်တက်နိုင်

ပုဂ္ဂလိကနဲ့ အများပြည်သူလုပ်ငန်းတွေမှာ လုပ်ကိုင်နေကြတဲ့ သန်းနဲ့ချီတဲ့ အလုပ်သမားတွေဟာ သမ္မတ မက်ခရွန်ရဲ့ အစီအစဉ်ဟာ ပင်စင်စနစ်ရဲ့ အကျိုးရှိတဲ့အရာတွေကို ဖယ်ရှားပစ်မှာ၊ လူတွေကို အချိန်ကြာဖိအားပေးပြီးခိုင်းစေမှာ၊ သူတို့အငြိမ်းစားယူတဲ့အခါမှာ ရရှိမယ့်ငွေကြေး ဖြတ်တောက်ခံရမှာတွေ ဖြစ်လာနိုင်တယ်လို့ သတိပေးခဲ့ကြပါတယ်။ ပြင်သစ်နိုင်ငံဟာ လွန်ခဲ့တဲ့ဆယ်စုနှစ်တုန်းကလည်း တရားဝင်အနားယူရမယ့် အသက်အပိုင်းအခြားကို ၆၀ ကနေ ၆၂ အထိတိုးမြှင့်ခဲ့ပါတယ်။

ဒါပေမယ့် ချမ်းသာတဲ့နိုင်ငံတွေနဲ့ယှဉ်ရင် ဒီပမာဏဟာ အနိမ့်ဆုံးပါပဲ။ ဥပမာအားဖြင့် ဗြိတိန်နိုင်ငံမှာဆိုရင် ပင်စင်ယူရမယ့်အသက်အရွယ်ဟာ ၆၆နှစ်ဖြစ်ပြီး ၆၇ အထိလည်း တိုးမြှင့်နိုင်ပါတယ်။ အခုပြင်သစ်နိုင်ငံရဲ့ပင်စင်စနစ်အရ နိုင်ငံရဲ့ပင်စင်လိုငွေပြမှုဟာ ၂၀၂၅ ခုနှစ်ရောက်တဲ့အခါ ၁၇ ဒသမ ၂ ဘီလီယံအထိ ရောက်ရှိသွားနိုင်တယ်လို့ ပြီးတဲ့နှစ် နိုဝင်ဘာလအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

## စီးပွားရေးထိခိုက်

ပြင်သစ်နိုင်ငံဟာ ကာလရှည်ကြာဆန္ဒပြမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့အခါမှာတော့ စီးပွားရေးကိုလည်း ထိခိုက်လာပါတယ်။ ခရစ္စမတ်ကာလတုန်းကဆိုရင် မီးရထားအလုပ်သမားတွေရဲ့ သပိတ်ကြောင့် အားလပ်ရက်ကာလမိသားစုတွေဆီပြန်မယ့်သူတွေ အကျပ်တွေ့ခဲ့ရပါတယ်။ ပြင်သစ်သမ္မတကိုယ်တိုင်လည်း ခရစ္စမတ်ကာလကို မဖျက်ဆီးကြဖို့ တောင်းဆိုခဲ့ရပါတယ်။

၂၀၁၉ ဒီဇင်ဘာ ၅ ရက်မှာတော့ လူပေါင်း ၈၀၆၀၀၀ ကို လမ်းပေါ်ထွက်ပြီး ဆန္ဒပြအောင် အလုပ်သမားသမဂ္ဂခေါင်းဆောင်တွေက လုပ်ဆောင်နိုင်ခဲ့ပါတယ်။ မီးရထားပြေးဆွဲမှု ရပ်တန့်သွားပြီး ကျောင်းတွေလည်း ပိတ်ခဲ့ရပါတယ်။ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုလည်း ရှိခဲ့ပါတယ်။

## မကျေမနပ်ဖြစ်ခဲ့ကြ

မီးရထားအလုပ်သမားတွေ၊ ရှေ့နေတွေ၊ ကျောင်းဆရာတွေ ၊သူနာပြုတွေလည်း သမ္မတ မက်ခရွန်ရဲ့ ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို မကျေမနပ်ဖြစ်ခဲ့ကြပါတယ်။ အခုပြင်သစ်ဝန်ကြီးချုပ်ရဲ့ ကြေညာမှုနဲ့အတူ ဆန္ဒပြသူတွေအတွက် လိုက်လျောမှုတွေပြုလုပ်ခဲ့ပြီး ညှိနှိုင်းဖို့ကြိုးစားတဲ့အစိုးရရဲ့ ကြိုးပမ်းမှု အောင်မြင်သွားရင်တော့ ဆန္ဒပြပွဲတွေ ချုပ်ငြိမ်းသွားနိုင်ပါတယ်။

ဒါပေမယ့် ညှိနှိုင်းမှုတွေကို သမဂ္ဂခေါင်းဆောင်တွေ လုပ်နိုင်ပါ့မလား ဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာပါပဲ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

---

## နိုင်ငံတကာသတင်းတိုထွာ

### အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်ရေးအတွက် ရုရှားနှင့် ဂျာမနီတို့ အတူလုပ်ဆောင်သွားမည်

**မော်စကို ဇန်နဝါရီ ၁၂**

အမေရိကန်နှင့် အီရန်တို့ကြား တင်းမာမှုများမြင့်တက်နေချိန် အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်ရေးအတွက် ဂျာမနီဝန်ကြီးချုပ်အင်ဂျလာမာကယ်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ အတူတကွလုပ်ဆောင်သွားမည်ဟု သဘောတူခဲ့ကြသည်။

အင်ဂျလာမာကယ်နှင့် ပူတင်တို့သည် ဇန်နဝါရီ ၁၁ ရက်က မော်စကို၌ တွေ့ဆုံခဲ့ကြသည်။ ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ယူကရိန်းလေယာဉ်ပျက်ကျမှုမှာ အီရန်၏ မှားယွင်းပစ်ခတ်မှုဟု ဝန်ခံခဲ့ခြင်းကို အသိအမှတ်ပြုကြောင်း စေ့စပ်သေချာသည့် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်လည်း မာကယ်ကတောင်းဆိုခဲ့သည်။ ထို့အပြင် အဖြေရှာနိုင်ရေးလုပ်ဆောင်နိုင်သမျှကို ပြုလုပ်ရန်လိုအပ်ကြောင်းလည်းမာကယ်က ပြောကြားခဲ့သည်။ ရုရှားသမ္မတ ပူတင်ကလည်း အီရန်နှင့် အမေရိကန်တို့သည် ထိပ်တိုက်တွေ့ကြုံမည့်ကိစ္စများကိုရှောင်ရှားရန် တိုက်တွန်းခဲ့သည်။ မရှောင်ရှားနိုင်ပါက အရှေ့အလယ်ပိုင်းဒေသအတွက်သာမဟုတ်ဘဲ တစ်ကမ္ဘာလုံးကပ်ဘေးနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### ယူကရိန်းလေယာဉ်ပျက်ကျမှုအတွက် တာဝန်ရှိသူများကို အပြစ်ပေးမည်ဟု အီရန် ကတိပြုပြောကြား

**ကိဗ်ယက် ဇန်နဝါရီ ၁၂**

ယူကရိန်းလေယာဉ်ကို မှားယွင်းပစ်ချခဲ့မှုအတွက် အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက တောင်းပန်ခဲ့ပြီး ယင်းဖြစ်ရပ်အတွက် တာဝန်ရှိသူများကို အပြစ်ပေးမည်ဟု ကတိပြုပြောကြားခဲ့ကြောင်း သိရသည်။

အီရန်သမ္မတနှင့် စကားပြောဆိုပြီးနောက် ယူကရိန်းသမ္မတ ဗိုလိုဒီမာဇီလန်စကီးက လေယာဉ်ကို မှားယွင်းပစ်ချခဲ့မှုအတွက် အီရန်ဘက်မှဝန်ခံမှုသည် မှန်ကန်သည့် ဦးတည်ချက်ပင်ဖြစ်သည်ဟု ၎င်း၏ တရားဝင်တွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။ သေဆုံးသွားသူများ၏ ရုပ်အလောင်းကို မည်သူမည်ဝါဖြစ်သည်ဟု ခွဲခြားပြီး ယူကရိန်းသို့ ပြန်ပို့ရန်လည်း မစ္စတာ ဇီလန်စကီးက တောင်းဆိုခဲ့သည်။ ပြစ်မှုကျူးလွန်ခဲ့သူများမှာ သေချာပေါက်တာဝန်ယူရမည်ဖြစ်ပြီး နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တရားဝင်ပြုလုပ်သွားမည်ဟု ပြောကြားခဲ့သည်။ လေယာဉ်ပျက်ကျမှုအတွက် တာဝန်ရှိသူများကို အပြစ်ပေးမည်ဟုလည်း အီရန်သမ္မတက ယူကရိန်းသမ္မတကို အခိုင်အမာပြောဆိုခဲ့သည်။

ယူကရိန်းနိုင်ငံသားများ၏ အလောင်းများကိုလည်း အဖြစ်နိုင်ဆုံး မြန်မြန်ပြန်လည်ပေးပို့သွားမည်ဟု အီရန်သမ္မတက ပြောကြားခဲ့သည်။ အီရန်လက်နက်ကိုင်တပ်ဖွဲ့၏ ရည်ရွယ်ချက်မရှိဘဲ မှားယွင်းပစ်ခတ်မှုကြောင့် ယူကရိန်းလေယာဉ်ပျက်ကျခဲ့ရခြင်းဖြစ်ကြောင်း အီရန်သမ္မတက ဇန်နဝါရီ ၁၁ ရက်တွင် ပြောကြားခဲ့သည်။ ယင်းသို့ မှားယွင်းပစ်ခတ်မှုကြောင့် ခရီးသည်နှင့်လေယာဉ်အမှုထမ်း ၁၆၇ ဦး သေဆုံးခဲ့ရသည်။

**ဆင်ဟွာ**

## မကွေးမြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မကွေး ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အထောက်အကူဖြစ်စေရန်အတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ဇန်နဝါရီ ၁၀ ရက်က မကွေးမြို့ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမသစ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို က ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က ပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အဖွဲ့အစည်းအဝေး အမှတ်စဉ်(၂၃/၂၀၁၈)၏ သဘောတူညီချက်အရ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန လက်အောက်သို့ ဖွဲ့စည်း တာဝန်ထမ်းဆောင်စေခဲ့ပြီး ဖြစ်ကြောင်း၊ လက်ရှိ နိုင်ငံတော်က ဦးတည်လျှောက်လှမ်းနေသည့် နိုင်ငံရေးစနစ် နှင့် လိုက်လျောညီထွေဖြစ်စေမည့် အုပ်ချုပ်ရေးယန္တရားကို တည်ဆောက်နိုင်ရန် နှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပြီး ပြောင်းရွှေ့ ခဲ့ခြင်းဖြစ်ကြောင်း၊ ဌာနရှိ ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းအလိုက် သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း စိတ်ဓာတ်နှင့် ခံယူချက်များ ပြောင်းလဲကြရမည်ဖြစ်ပြီး မိမိတို့၏ ကျင့်ဝတ်သိက္ခာ မြင့်မားရေး၊ ဌာန၏ လုပ်ငန်းတာဝန်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး အတွက် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်လျက် ယခု အလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ စိတ်ဓာတ်နှင့် ခံယူချက်များ ပြောင်းလဲရေး၊ ကျင့်ဝတ်သိက္ခာ မြင့်မားရေး ခေါင်းစဉ်များကို မကွေး၊ မင်းဘူးနှင့် သရက်ခရိုင် အုပ်ချုပ်ရေးမှူး များက ဆွေးနွေးခဲ့ကြပြီး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး ခေါင်းစဉ်ကို ပခုက္ကူနှင့် ဂန့်ဂေါခရိုင် အုပ်ချုပ်ရေးမှူးများက ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ခေါင်းစဉ်ရှစ်ခုကို မဲနှိုက်၍ မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီး အရာရှိများက အဖွဲ့ ရှစ်ဖွဲ့ခွဲပြီး အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် အပြန်အလှန်မေးမြန်း ခြင်းများ ဆောင်ရွက်ခဲ့ကာ စိတ်ဓာတ်နှင့် ခံယူချက် ပြောင်းလဲရေး၊ ကျင့်ဝတ် သိက္ခာ မြင့်မားရေး၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး စသည့် ခေါင်းစဉ်များနှင့် အုပ်စုလိုက်ဆွေးနွေးချက်များအပေါ် ဝန်ထမ်းဟောင်း ဦးမောင်မောင်ဝင်းက ဖြည့်စွက်ဆွေးနွေးခဲ့သည်။

**သန်းနိုင်ဦး(ငဖဲ)**

## ဖလမ်းမြို့နယ် တလန်ရောန်ကျေးရွာ ကျောင်းဆောင်သစ်ဖွင့်လှစ်

**ဖလမ်း ဇန်နဝါရီ ၁၂**

ဖလမ်းမြို့နယ် တလန်ရောန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ဆောင်သစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၀ ရက်က အဆိုပါကျောင်း၌ ပြုလုပ်ရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်းနှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါအဆောက်အအုံသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ်သိန်း ၈၀၀ ဖြင့် Chin Dairialကုမ္ပဏီက ပေ (၁၂၀×၃၀)Steel Structure ဖြင့် တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

**ဂျွန်( ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်နှင့် ပြည်နယ်ဝန်ကြီးများ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

## ရေတာရှည်မြို့နယ် ကြံသနွယ်ကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

**ပဲခူး ဇန်နဝါရီ ၁၂**

ရေတာရှည်မြို့နယ် ကြံသနွယ်ကျေးရွာတွင် ယမန်နေ့က ကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီး ဦးအောင်ဇော်နိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကျော်ကျော်နှင့် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးရဲဝဏ္ဏတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြသည်။

ရေတာရှည်မြို့နယ် ကြံသနွယ် ကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းထောက်ပံ့ငွေကျပ် ၄ ဒသမ ၅ သန်းဖြင့် ၁ ဒသမ ၅ မိုင်ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁ /၀.၄ ကေဗွီ (၂၀၀) ကေဗွီအေ ထရန်စဖော်မာ တစ်လုံးတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာနေ ပြည်သူများက ထည့်ဝင် ငွေကျပ် ၃၉ ဒသမ ၆ သန်းဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ ခြင်းဖြစ်သည်။

**တင်စိုး(ပဲခူး)**



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများ ကျေးရွာလျှပ်စစ်မီးလင်းရေး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

## ကျေးရွာ မူလတန်းကျောင်းဆောင်သစ် ဒီးမော့ဆိုမြို့နယ်၌ ဖွင့်လှစ်

**ဒီးမော့ဆို ဇန်နဝါရီ ၁၂**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ထောက်ပံ့ကူညီမှုနှင့် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့၏ ငြိမ်းချမ်း ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်းမှ ရန်ပုံငွေများ နှင့် ပြည်သူများ၏ထည့်ဝင်ငွေဖြင့် ဒီးမော့ဆိုမြို့နယ် ဟိုဖိတ်ကျေးရွာ အခြေခံ ပညာ မူလတန်းလွန်ကျောင်း၌ ဆောက်လုပ်ခဲ့သော ကျောင်းဆောင်သစ် ဖွင့်ပွဲကို ဇန်နဝါရီ ၁၀ ရက်က ကျင်းပသည်။

ကျောင်းဆောင်ဖွင့်ပွဲတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို က ပြည်နယ်အတွင်း၌ တိုးတက်လာသော ကျောင်းသား ကျောင်းသူဦးရေအရ ကျောင်းဆောင်သစ်များစွာ လိုအပ်လျက်ရှိကြောင်း၊ အမှန်တကယ်လိုအပ်နေသည့် နေရာများတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက မြေပြင် အခြေအနေမှန်ကို ဖော်ထုတ်ပြီး ကျောင်းဆောင်သစ်များ ဆောက်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းပေးခဲ့ သည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ယခု ဖွင့်လှစ်ခဲ့သော ကျောင်းဆောင်သစ် သည် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းနှင့်အတူ အစိုးရနှင့် ပြည်သူများ ပူးပေါင်းမှု ကြောင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပြီး ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်း ကြရန်လိုကြောင်း အမှာစကားပြောကြားသည်။

ကျောင်းဆောင်သစ်ကို နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့က ပညာရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၇၄ သိန်းကို ကျေးရွာနေပြည်သူများထံ လှူဒါန်းခဲ့ကာ ပြည်နယ်အစိုးရကလည်း ကျောင်းဆောင်ကို ပြုပြင်ထိန်းသိမ်းရန်အတွက် ရန်ပုံငွေ ကျပ်သိန်း ၅၀ ကို ကျေးရွာသို့ပေးအပ်၍ ဘင်ခရာအဖွဲ့၊ ခနုအိုးစည်အဖွဲ့၊ ပန်းဖွားအကအဖွဲ့နှင့် ကဗျာလွတ်အကအဖွဲ့တို့ကိုလည်း ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းစီ ပေးအပ်ခဲ့သည်။

ကျောင်းဆောင်သစ်ကို ပြည်နယ်ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေ၊ နိပ္ပွန်ဖောင်ဒေးရှင်းမှ စီမံကိန်းဒါရိုက်တာ၊ ပြည်နယ် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူးနှင့် ပြည်နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ကျောင်းဆောင်သစ်ကို နိပ္ပွန်ဖောင်ဒေးရှင်းမှ ထောက်ပံ့ငွေ ကျပ် ၄၂၂ သိန်းကျော်နှင့် ကျေးရွာနေ ပြည်သူများ စုပေါင်းထည့်ဝင် ငွေကျပ် ၇၃ သိန်းကျော်တို့ဖြင့် တည်ဆောက်ခဲ့ပြီး အလျား ပေ ၉၀၊ အနံ ပေ ၃၀ ကျယ်ဝန်းကာ အဆောက်အအုံအပြင် ဆရာစားပွဲနှင့် ကုလားထိုင်များ၊ စာရေးစားပွဲနှင့် ထိုင်ခုံများ၊ ငါးခန်းတွဲ ရေလောင်းအိမ်သာတစ်လုံးနှင့် အခြား လိုအပ်သည်များလည်း ပါဝင်ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

## ဆေးလိပ်ငွေ့ကင်းစင်ရှမ်းပြည်နယ်တစ်ခွင် အစီအစဉ်အရ ကျောင်းအခြေပြု မီနီမာရသွန် ယှဉ်ပြိုင်



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ် ပြိုင်ပွဲဝင်များအား သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးစဉ်။

**လွိုင်လင် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ ၂၀၂၀ ပြည့်နှစ် ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင် အစီအစဉ်အရ ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲကို ယမန်နေ့က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ် တက်ရောက်ခဲ့ပြီး သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

အဆိုပါပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၈၈ ဦး ဝင်ရောက် ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ များသည် လွိုင်လင်ခရိုင် အားကစားကွင်းရှေ့မှ ပင်လုံမြို့ဘက်အထွက် သစ်တော ပျိုးဥယျာဉ်အထိ၊ ထိုမှ တစ်ဆင့် ခရိုင်အားကစားကွင်းအတွင်းသို့ ပြန်လည်ပန်းဝင် ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား လွိုင်လင် မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သီ၊ ခရိုင်ပညာရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ / အဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်း

**မြစ်ကြီးနား ဇန်နဝါရီ ၁၂**

အမျိုးသားလွှတ်တော်အစည်းအဝေးများတွင် ကိုယ်စားလှယ်များ၏ မေးမြန်းခဲ့ ကြသည့် မေးမြန်းဖြေကြားမှုများအပေါ် အစိုးရ၏ ကတိကဝတ်များနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ဌာန ဆိုင်ရာများ/ အဖွဲ့အစည်းများ၏ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် တက်ရောက်ခဲ့ပြီး အမျိုးသားလွှတ်တော်အစိုးရအဖွဲ့၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ကော်မတီ အနေဖြင့် အမျိုးသားလွှတ်တော်အစည်းအဝေးများအတွင်း မေးခွန်းများ မေးမြန်း ဖြေကြားခဲ့မှုများနှင့် ပတ်သက်၍ ကွင်းဆင်းတွေ့ရှိချက်၊ သုံးသပ်ဆောင်ရွက်မှု များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး နေမှုများကို ရှင်းလင်းပြောကြားသည်။

အမျိုးသားလွှတ်တော်အစည်းအဝေးများအတွင်း ကချင်ပြည်နယ်အတွင်းရှိ မဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့နှင့် ပတ်သက်သည့် မေးခွန်း ၆၂ ခုကို ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် ပတ်သက်သည့် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၊ စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာနဆိုင်ရာ မေးခွန်း ၁၇ ခုတို့အတွက် မေးမြန်း ဖြေကြားခဲ့မှုများအပေါ် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ များကဆောင်ရွက်ထားရှိသည့် အခြေအနေများအပေါ် ရှင်းလင်းတင်ပြ ဆွေးနွေး ကြရာ လွှတ်တော်ကိုယ်စားလှယ်များက ထပ်မံသိလိုသည့် ကိစ္စရပ်များကို မေးမြန်း ဆွေးနွေးခဲ့ကြသည်။

ညှိနှိုင်းဆွေးနွေးမှုများနှင့် ပတ်သက်၍ ကော်မတီဥက္ကဋ္ဌက ပေါင်းစပ် ဆောင်ရွက်ရမည့်လုပ်ငန်းများအပေါ် ကွင်းဆင်းစစ်ဆေးသည့်အချက်များ နှင့် သိလိုသည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖြေရှင်း ဆောင်ရွက်ရသည့်လုပ်ငန်းများနှင့် ပတ်သက်၍ ဌာနဆိုင်ရာများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မူဆယ်နယ်စပ်၌ ဖရဲအရောင်းအဝယ်သွက်၍ ဈေးကောင်းရ



**မူဆယ် ဇန်နဝါရီ ၁၂**

မူဆယ်နယ်စပ်တွင် တရုတ်နှစ်သစ်ကူးကာလအတွင်း ဖရဲအရောင်းအဝယ်သွက်ပြီး ယခင်ဈေးထက် အနည်းငယ်ပို၍ ရရှိနေကြောင်း သိရသည်။

တရုတ် - မြန်မာနယ်စပ် မူဆယ်(၁၀၅) မိုင်တွင် နှစ်နိုင်ငံသစ်သီးရောင်းဝယ်ရေးကို အရှေ့မြောက်တံခါး အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အသီးရောင်းဝယ်ကွင်းတွင် ရာသီချိန်ရောက်တိုင်း ဖရဲ၊ သခွား၊ သရက်အပါအဝင် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချခွင့်ရှိသည့် အသီးမှန်သမျှကို နံနက် ၇ နာရီ မှ ၁၀ နာရီခန့်အထိ ဝယ်ယူရောင်းချနေခြင်းဖြစ်ပြီး အသီးကားများ အနည်းအများပေါ်မူတည်၍ ဝယ်လိုအားကောင်းလျှင် ကောင်းသလို အချိန်ကို တိုးမြှင့်ရောင်းချပေးရကြောင်း သိရသည်။

"စိုက်ပျိုးတဲ့နေရာမှာ တစ်ဧကကို စုစုပေါင်းငွေ ကျပ်သိန်း ၅၀ ဝန်းကျင်လောက်အထိ ကုန်ကျပါတယ်။ ချောင်းဦးမြို့နယ်ကနေ မူဆယ်နယ်စပ်ကို ပြန်လည်ရောင်းဖို့အတွက်လည်း ကားခအနေနဲ့ ၁၂ ဘီးဆိုရင် ၁၀ သိန်း၊ ၆ ဘီးဆိုရင် ကျပ်ခုနစ်သိန်းပေးရသလို ခရီးအကွာအဝေးပေါ်မူတည်ပြီးလည်း ကားခတွေပေးရတာ ဖြစ်ပါတယ်။ အသီးရောင်းကွင်းထဲကိုရောက်လို့၊ အသီးစင်အောက်ထိုးပြီး ရောင်းချပြန်တော့လည်း အသီးက အနာအဆာပါလို့၊ အရောင်အဆင်း မရှိလို့၊ အရည်အသွေး မကောင်းလို့ဆိုပြီး ရောင်းမဖြစ်တာတွေလည်း ရှိခဲ့ဖူးပါတယ်။ တရုတ်နှစ်သစ်ကူးကလည်း နီးပြီဆိုတော့ ပထမပေါ်တဲ့ အသီးတွေထက်တော့ ဈေးနှုန်းလေးကတော့ အနည်းငယ်ပို ရပါတယ်"ဟု ဖရဲ၊ သခွား စိုက်ပျိုးရောင်းချသူ ဦးအောင်စောက ပြောသည်။

တရုတ် နှစ်သစ်ကူးပွဲတော်ကာလဖြစ်သော်လည်း ရွှေလီ၊ ကျယ်ဂေါင်၊ ဝမ်တိန်၊ မူဆယ်စသည့် အနီးဝယ်လက်များ နေ့စဉ်လိုလိုလာရောက်ဝယ်နေသေးသည့် အတွက် ဖရဲဈေးကွက် အနေအထားမှာ ယခင် ဖရဲသီး ဈေးနှုန်းများထက် ပို၍ ဈေးကောင်းရှိနေကြောင်း သိရသည်။

ခွာညိုပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်က "ဖရဲ၊ သခွား ရောင်းဈေးမြင့်တက်လာသော်လည်း တရုတ်ငွေဈေးကျဆင်းမှုဟာ စိန်ခေါ်မှုတစ်ခု ဖြစ်နေပါတယ်။ တစ်ဖက်ကကြည့်ရင် မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်လာတာလို့ မြင်ရမှာဖြစ်သော်လည်း ကုန်ပစ္စည်းတွေကတော့ ကျလာမှု မရှိပါဘူး။ ဖရဲ၊ သခွားဈေးတန်းမှာ အဝင်နည်းနေပေမယ့် ဈေးထပ်မတက်သလို ဂျပ်ဖာဖရဲတွေ ပိုအေးသွားတာက သတိထားသင့်တဲ့ ဈေးကွက်ပါ"ဟု ပြောသည်။

လက်ရှိအနေအထားအရ ဖရဲ၊ သခွားဈေးများမှာ ၈၅ ရောင်းတန်းဝင် ထိပ်စ ၁၅ တန်အစီးပြတ် ယွမ် ၃၈၀၀၀ မှ ယွမ် ၄၄၀၀၀ အထိ၊ ဒုန်းကျဉ်ဖရဲသီး (၂၁၁)ယွမ် ၃၅၀၀၀ မှ ယွမ် ၄၃၀၀၀ အထိ၊ အညံ့သီး ယွမ် ၁၅၀၀၀ မှ ယွမ် ၂၀၀၀၀ အထိ၊ အစေ့မဲ့တစ်တန် ယွမ် ၃၀၀၀ မှ ယွမ် ၃၃၀၀ အထိ၊ ထျန့်ဝမ်သီးတစ်တန် ယွမ် ၃၂၀၀ မှ ယွမ် ၃၅၀၀ အထိ၊ အသေးစများ ယွမ် ၂၂၀၀ မှ ယွမ် ၃၀၀၀ အထိ၊ ရွှေဝါသခွား ၁ ကီလို ၃ဒသမ ၅ယွမ်မှ ၅ယွမ်၊ ဝူခုံး(၁၇)ယွမ် ၁ ကီလို ၄ ဒသမ ၅ ယွမ် ဝူခုံး(၂၅)ယွမ် ၁ ကီလို ၅ ဒသမ ၅ ယွမ်မှ ၆ ယွမ်၊ ပိုက်သီး ၃ ဒသမ ၄ ယွမ်မှ ၅ ယွမ်၊ ရွှေဖရဲသခွား ၃ ဒသမ ၅ ယွမ်မှ ၅ ယွမ်အထိ ရရှိခဲ့သည်ဟု သိရပြီး ဇန်နဝါရီ ၈ ရက်တွင် ဖရဲသီးကား ၂၆၄ စီး၊ သခွားကားအစီး ၆၀၊ ပြောင်းဖူးကား တစ်စီးတို့ ဝင်ရောက်ရောင်းချခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**သန့်ဇင်(မူဆယ်)**

## ချင်းအမျိုးသားနေ့အခမ်းအနားကို ထန်တလန်မြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ဟားခါး ဇန်နဝါရီ ၁၂**

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်မည့် (၇၂)နှစ်မြောက် ပြည်နယ်အဆင့် ချင်းအမျိုးသားနေ့အခမ်းအနားကို ထန်တလန်မြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ချင်းအမျိုးသားနေ့အခမ်းအနားကို ချင်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေးအတွက် ရည်ရွယ်လျက် ဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ဖလမ်းမြို့၌ လည်းကောင်း၊ ၂၀၁၈ ခုနှစ် နှစ်(၇၀) ပြည့်နှင့် ၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားများကို ဟားခါးမြို့၌ လည်းကောင်း ကျင်းပခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၀ ပြည့် နှစ်တွင် ထန်တလန်မြို့၌ ကျင်းပမည့် ချင်းအမျိုးသားနေ့သည် အစိုးရသစ်လက်ထက်တွင် စတုတ္ထအကြိမ်မြောက် ကျင်းပမည့်အခမ်းအနားဖြစ်ကြောင်း သိရသည်။

ချင်းတိုင်းရင်းသားတို့၏ အမြတ်တနိုးတန်ဖိုးထားသည့် ချင်းအမျိုးသားနေ့တွင် ရှေးအစဉ်အဆက်နေထိုင်လာခဲ့ကြသော ချင်းလူမျိုးတို့၏ အဆင့်ဆင့်ပြောင်းလဲလာခဲ့သည့် လူနေမှုဘဝ၊ ရိုးရာဝတ်စားဆင်ယင်မှုများကို ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ပြခန်းများ ခင်းကျင်းပြသခြင်း၊ ချင်းရိုးရာခေါင်းကြွပွဲ အပါအဝင် ချင်းတိုင်းရင်းသားမျိုးနွယ်စုများ၏ မတူညီသော ရိုးရာယဉ်ကျေးမှု အကပဒေသာများ၊ ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲများ၊ ရိုးရာတေးသရုပ်ဖော် အကများဖြင့် ကျင်းပသွားမည်ဖြစ်သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ချင်းတောင်တန်းပေါ်မှ ထူးခြားသောရွာကလေး

ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်မြို့၏ အရှေ့ဘက်ပင်လယ်ရေ မျက်နှာပြင် အမြင့် ၅၂၅၅ပေရှိ သာယာလှပသော ချင်းတောင်တန်းကြီးပေါ်တွင် တည်ရှိနေပြီး အသန့်ရှင်းဆုံးဟု အမိပ္ပာယ်ရှိသည့် ရှောင်စောန်း Siangsawn ကျေးရွာလေးမှာ ထူးခြားလှသောရွာလေးတစ်ရွာဟု တင်စားခေါ်ဝေါ်နိုင်ပေသည်။

အိမ်ခြေ ၉၁ အိမ်၊ လူဦးရေ ၃၃၀ မှီတင်းနေထိုင်လျက်ရှိကြသည့် ရှောင်စောန်းရွာအဝင်မုခ်ဦးတွင် ထင်ရှားစွာ ရေးဆွဲသတိပေးထားသည့် "ဆေးလိပ်မသောက်ရ၊ ကွမ်းယာမစားရ၊ ဆေးရည်မငုံရ၊ ခိုင်နီးမငုံရ၊ ကွမ်းပေါင်းမစားရ" ဟူသည့် သတိပေးချက်များက ဤရွာလေး၏ထူးခြားချက်ဖြစ်သလို "ဆေးလိပ်ကင်းစင် ဒို့ရှောင်စောန်း၊ အရက်ကင်းစင် ဒို့ရှောင်စောန်း၊ မူးယစ်ကင်းစင် ဒို့ရှောင်စောန်း"ဟူသည့် ရည်မှန်းချက်များကို အလေးအမြတ်ထားမှုများကပင် ရှောင်စောန်း ရွာသူရွာသားများအတွက် လေးစားစံပြုဖွယ်ရာပင် ဖြစ်လေသည်။



လက်ဖက်၊ မျောက်ငို၊ မြေထောက်ပဲ၊ မုန်လာဥနီ၊ အာလူးစသည့် သီးနှံများကို အဓိကထားစိုက်ပျိုးကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး ဘာသာတရားကိုင်းရှိုင်းသည့် ရှောင်စောန်းကျေးရွာအား ၂၀၁၇ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် စံပြကျေးရွာအဖြစ်နိုင်ငံတော်က အသိအမှတ်ပြုပေးခဲ့သည်။ **(ဝဲပုံ)**

စံပြကျေးရွာလေးတစ်ရွာဟူသည့် ဂုဏ်ဒြပ်နှင့် လျော်ညီစွာ ကျေးလက်ဆေးပေးခန်း၊ ကျေးလက်စာကြည့်တိုက်၊ သမဝါယမအသင်းလီမိတက်၊ အခြေခံပညာမူလတန်းကျောင်း၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး စသည့်အခြေခံအဆောက်အအုံများဖြင့် ပြည့်စုံလှသလို တီးတိန်ချင်း ရှေးဟောင်းယဉ်ကျေးမှုနေအိမ်ပြတိုက်၊ ခံ့ညားထည်ဝါသော နာရီစင်၊ အထိမ်းအမှတ် ကျောက်တိုင်အမျိုးမျိုး၊ ဘာသာရေးအဆောက်အအုံမျိုးစုံတို့ဖြင့် စည်ကားထည်ဝါလှသည့် ရှောင်စောန်းကျေးရွာလေး၏ ဂုဏ်သတင်းမှာ ရှောင်စောန်းပျိုဖြူတို့၏ လက်ရာအကွက်ယဉ်၊ အဆင်လှ အသားနုချောသည့် ရက်ကန်းထည်လေးများနှင့်အတူ မွှေးပျံ့လျက်ရှိရာ သာယာလှပသည့် တောင်ဇလပ်တို့ဖူးပွင့်ရာ ချင်းတောင်တန်းကြီးပေါ်မှ ထူးခြားလှသည့် ရှောင်စောန်းကျေးရွာလေးသို့ တစ်ခေါက်တစ်ခါ အလည်အပတ်သွားရောက်ရင်း လေ့လာနိုင်ကြပါစေကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**မောင်ယဉ်ကျေး**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂-၁-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀/၉၈၅ ကျပ် | ၉၈၅/၁၀၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၀/၁၀၀၀ ကျပ် | ၁၀၀၀/၁၀၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၂၀/၉၀၅ ကျပ် | ၉၃၀/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၁၀၀၀ ကျပ် | ၁၀၃၅/၁၀၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၈၄ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၄၆ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၉ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၃၇ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၅၄ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၀ . ၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၄ . ၂၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၈၈၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၇ . ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၃ . ၇၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၀၆၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၅၀၀ | ၁၃၇၃ | ၁၅၄၅၂၀၀၀ |
| MTSH | ၃၈၅၀ | ၃၈၀၀ | ၇၁၃၈ | ၂၇၁၆၇၃၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၄ | ၃၂၄၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၅၄၂ | ၁၂၁၉၅၀၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၈၅၄ | ၂၃၉၁၄၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ စားပွဲထိုးဘဝ



ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

**ဒီဆောင်းပါးရဲ့ ခေါင်းစဉ်ကို အကြံပြုသူက ကျွန်တော့်ရဲ့ ဆရာမ ဒေါ်ညွန့်ညွန့်ရင်။ ကျွန်တော်ပထမနှစ် ဥပစာဝိဇ္ဇာတန်းမှာ ဘောဂဗေဒဘာသာကို ပို့ချပေးခဲ့သူ။ ကျွန်တော် နည်းပြဆရာဖြစ်လာတော့ ဆရာမရဲ့ခင်ပွန်း ဆရာဦးမြတ်သိန်းနဲ့ ရင်းနှီးလာခဲ့တယ်။ ဘောလုံးအတူ ကန်ကြတယ်၊ ခြေလျင်တောင်တက်ခရီးတွေ ထွက်ခဲ့ကြတယ်။ ဆရာက အုန်းတောဆောင် အဆောင်မှူးဖြစ်တော့ အဆောင်နေကျောင်းသားတွေကို ညဘက်မှာစာသင်ရင်း ပိုပြီးရင်းနှီးခဲ့တယ်။**

## စီးပွားရေး တက္ကသိုလ်ရဲ့ ဆရာကန်တော့ပွဲ

တစ်နေ့က ကျွန်တော်တို့သုံးဦး စီးပွားရေး တက္ကသိုလ် ၁၉၆၆–၇၀ ခုနှစ် ကျောင်းသား ကျောင်းသူတွေရဲ့ အာစရိယပူဇော်ပွဲမှာ ဆုံခဲ့တယ်။ ဒီဇင်ဘာလဟာ စီးပွားရေးတက္ကသိုလ်ရဲ့ ဆရာကန်တော့ပွဲကာလ။ စုပေါင်းပြီးလုပ်ကြသလို အတန်းလိုက်လည်း ကျင်းပကြတယ်။ ဖိတ်စာပေးရင်း ဩဝါဒစကားပြောပေးဖို့လည်း မေတ္တာရပ်ခံခဲ့တယ်။ ကျွန်တော်က ၁၉၆၆–၇၀ ကျောင်းသား ကျောင်းသူတွေနဲ့ ရင်းနှီးတယ်။ ၁၉၆၆ ခုနှစ်မှာ သူတို့က စီးပွားရေးတက္ကသိုလ်ကို ရောက်လာခဲ့ကြသလို ကျွန်တော်က နည်းပြဆရာဖြစ်ခဲ့တယ်။ ဝါဏိဇ္ဇဗေဒဌာနမှာ။ ဒါပေမယ့် ခန့်စာမှာ သုတေသနဌာနလို့ ဖော်ပြထားတယ်။ ဌာနမှာတော့နှစ်ဦး။ တစ်ဦးက ပါမောက္ခ ဒေါက်တာရော်နယ်ပင်လေး။ သူ့မှာ ပါမောက္ခရာထူးသာရှိပြီး ဌာနမရှိဘူး။ ကျွန်တော့်မှာတော့ နည်းပြဆရာဖြစ်ပြီး သုတေသနဌာန ဆိုပေမယ့် ဝါဏိဇ္ဇဗေဒဌာနမှာ အလုပ်လုပ်ရတာ။ ကျွန်တော်နဲ့အတူ ငါးဦးလည်း နည်းပြဆရာတွေ ဖြစ်ခဲ့တယ်။ နှစ်ဦးကတော့ ကွယ်လွန်ခဲ့ပြီ။ တစ်ဦးကတော့ ကနေဒါနိုင်ငံမှာ။ ဒေါ်စိုးစိုးအောင်၊ ဒေါ်အေးအေးနဲ့ ကျွန်တော်တို့ကတော့ မြန်မာပြည်မှာ။

ဆရာကန်တော့ပွဲကို ကန်တော်ကြီးအနီး အထက်ပန်းဆိုးတန်းလမ်းက Rose Garden Hotal မှာ ကျင်းပခဲ့တယ်။ ဖိတ်စာထဲမှာ မနက် ၉ နာရီခွဲလို့ ဖော်ပြထားပေမယ့် ကျွန်တော်က မိတ်ဟောင်းဆွေဟောင်းတွေနဲ့တွေ့ဖို့ ၉ နာရီ မထိုးခင်ရောက်ခဲ့တာ။ ဆရာကန်တော့ပွဲမှာ ကန်တော့ခံရုံသက်သက်မဟုတ်ဘဲ တစ်ယောက်နဲ့ တစ်ယောက် ပြန်လည်တွေ့ဆုံကြပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောမကုန်အောင်ပါပဲ။ ၁၉၇၀ ပြည့်နှစ်မှာ ဘွဲ့ရထားသူတွေဖြစ်ကြတာမို့ သူတို့တစ်တွေ အသက်အရွယ်ဟာ ၇၀ နဲ့ ၇၀ ကျော်တွေ၊ မငယ်ကြတော့ဘူး။ တချို့တွေကို မြင်မြင်ချင်းမှတ်မိပေမယ့် တချို့ကိုတော့ ရုတ်တရက် မသိနိုင်တော့ဘူး။ နှစ်ပေါင်း ၄၀ ကျော်ဆိုတော့လည်း ဒီလိုဖြစ်မှာပါပဲ။ ဒါပေမယ့် သူတို့ရဲ့ အင်္ကျီတွေအပေါ်မှာ နာမည်တွေရေးထားတာမို့ အဆင်ပြေလှတယ်။ နယ်ပယ် အသီးသီးမှာ အောင်မြင်ခဲ့သူတွေများတယ်။ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်၊ လုပ်ငန်းရှင်တွေ ပါဝင်ကြတယ်။ ဒါပေမယ့် အောင်မြင်မှုကို ရာထူးတစ်ခုတည်းနဲ့ မတိုင်းတာသင့်ပါဘူး။ အောင်မြင်မှုဆိုတာ မိမိကိုယ်တိုင် ကျေနပ်မှုရှိ မရှိဆိုတာနဲ့ ဆုံးဖြတ်သင့်ပါတယ်။

## လုပ်ဖော်ကိုင်ဖက်တွေ ပြန်ဆုံတွေ့ကြ

ခန်းမကြီးတစ်ခန်းနဲ့ အခန်းငယ်တွေရှိတာမို့ အခမ်းအနားမစမီ ကန်တော့ခံဆရာ ဆရာမတွေကို အခန်းတစ်ခန်းထဲမှာ ဧည့်ခံခဲ့တယ်။ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ပြန်တွေ့ရတော့ ကြည်နူးမိပါတယ်။ အားလုံး လိုလိုက အငြိမ်းစားတွေဖြစ်တယ်။ ကျွန်တော်သာ ကိုယ့်ဒုက္ခနဲ့ ကိုယ်မို့ အလုပ်နဲ့လက်က မပြတ်ဘူး။ အလုပ်များသလားလို့ အမေးခံရရင် ကျွန်တော်က များအောင်လုပ်နေတာလို့ ပြန်ဖြေမိတယ်။ ဆရာကြီး ဦးမြတ်သိန်းက လေဖြတ်ထားတာမို့ သတိထားပြီး လှုပ်ရှားရတယ်။ စိတ်ကတော့ အရင်အတိုင်းပဲ။ ဆရာ့ရဲ့ အစ်မက ကျွန်တော့်ရဲ့ ဆရာမဖြစ်တဲ့ ဒေါ်ရီရီမြင့်။ အမေရိကန်နိုင်ငံနာမည်ကြီး တက္ကသိုလ်တစ်ခုဖြစ်တဲ့ Stanford က MBA ဘွဲ့ရခဲ့သူ။ အခုထိနယ်ပယ်အသီးသီးမှာ လှုပ်ရှားနေတုန်း။ နောက်တစ်ဦးက ဒေါက်တာ ဒေါ်ခင်အုန်းသန်း။ သူ့ကိုကျွန်တော်က သိပ်အားကျခဲ့တယ်။ ဆရာဦးခင်ညိုကတော့ စီးပွားရေးတက္ကသိုလ် လေ့လေ့ာ် အသင်းမှာ ရင်းနှီးခဲ့တယ်။ ကန်တော့ပွဲကို တက်လာတဲ့ သူတွေကိုကြည့် ရင်း မလာနိုင်တဲ့၊ မရှိတော့တဲ့သူတွေကို သတိရမိတယ်။ အသက် ၇၀ ကျော်သူတွေရဲ့ ဆရာ ဆရာမတွေဖြစ်ကြတာမို့ အသက်တွေက ကြီးကုန်ကြပြီ။ မကြာမီက ဆရာကြီး ဦးတင်ထွန်း ဆုံးသွားခဲ့တယ်။

နှစ်စဉ်ဒီပွဲကို သူက တက်နေကျ။ အခမ်းအနားမစမီ ကျောင်းသား ကျောင်းသူတွေက ခန်းမထဲမှာ သီချင်းတွေဆိုပြီး ဖြေဖျော်နေကြတာ။ ငယ်မူပြန်ပြီး အားရပါးရဆိုနေကြတာ။ တချို့ကတော့ နားထောင်ကောင်းသလို တချို့ကျပြန်တော့ ဝါသနာကို မတားနိုင်လို့ ထင်ပါရဲ့။ သူတို့ဆိုတဲ့ သီချင်းတွေကလည်း သူတို့ခေတ်က သီချင်းတွေ၊ နားထောင်ရင်း ငယ်ငယ်တုန်းကအဖြစ်တွေကို အမှတ်ရနေမိတယ်။

အခမ်းအနားစတဲ့အချိန် ကန်တော့ခံ ဆရာ ဆရာမတွေကို ခန်းမထဲဖိတ်ခဲ့ပါတယ်။ ခန်းမထဲရောက်တော့ ကန်တော့မယ့်သူတွေက ကြမ်းပေါ်မှာခင်းထားတဲ့ ကော်ဇောပေါ်မှာ နေရာယူနေကြတယ်။ ကန်တော့ချိုးတိုင်ပြီး ကန်တော့ကာ ဆရာ ဆရာမတွေကို လက်ဆောင်ပေးကြပြီးမှာ ကျွန်တော်နဲ့ ဒေါ်စိုးစိုးအောင်တို့က ဩဝါဒစကားပြောကြတယ်။ ကျွန်တော်ကတော့ ဘာပြောမလဲဆိုတာကို ကြိုတင်ပြီး စဉ်းစားထားတယ်။ အမှန်တော့ ဒီပွဲတွေမှာ အလေးအနက်တွေပြောတာထက် တိုတိုနဲ့ လိုရင်း မျှဝေဖို့သာ။ ကျွန်တော်မကြာခဏ ပြောသလို ဆရာကန်တော့ပွဲတွေတက်ရရင် သိပ်ကြောက်တာရှိတယ်။ မဆုံးနိုင်တဲ့ မိန့်ခွန်းတွေကြားရမှာ။ တချို့တွေက မပြီးနိုင်တော့ဘူး။ ကိုယ့်အကြောင်းကိုယ်ပြောပြီး အချိန်ကုန်နေတယ်။ ကြိုတင်ပြီး ပြင်တာမဟုတ်ဘဲ စိတ်ထဲပေါ်လာသမျှကို ပြောတော့တာပါပဲ။ အရိပ်အခြည်လည်း အကဲခတ်တာ မရှိဘူး။

## ၁၀ မိနစ်စာ ဩဝါဒစကား

ကျွန်တော်ကတော့ ၁၀မိနစ်အတွင်း ကိုယ်ပြောချင်တာ မျှဝေချင်တာကို ပြင်ဆင်ခဲ့တယ်။ ၁၀ မိနစ်ဆိုတာတောင် များလှပြီ။ မိနစ် ၃၀ ပြောကြတဲ့သူတွေကိုတော့ အံ့ဩမိတယ်။ မေတ္တာစေတနာများလွန်းလို့၊ ပြောစရာတွေ များလွန်းလို့ အချိန်ယူတာလို့ပဲ လက်ခံလိုက်ပါတယ်။ အချိန်နဲ့ပတ်သက်လာရင် တလောက ဂျပန်နိုင်ငံမှာ ပြုလုပ်တဲ့ သုတေသနတွေ့ရှိချက်ကို သတိရမိတယ်။

သုတေသနရဲ့ ဦးတည်ချက်က တစ်ပတ်အလုပ်ရက် ငါးရက်အစား တစ်ရက်လျှော့ပြီး လေးရက်သတ်မှတ်ရင် ကုန်ထုတ်စွမ်းအားအပေါ် လွှမ်းမိုးမှုကိုတိုင်းတာဖို့ ဖြစ်တယ်။ အလုပ်လုပ်ရက်တစ်ရက် လျှော့လိုက်တဲ့အခါ ကုန်ထုတ်စွမ်းအား ၄၀ ရာခိုင်နှုန်း တိုးလာကြောင်း၊ တစ်ပတ်မှာ သုံးရက်နားတာမို့ အလုပ်လုပ်တဲ့ လေးရက်မှာ စိတ်ရောကိုယ်ပါ အားထည့်နိုင်ကြောင်း တွေ့ရှိခဲ့တယ်။ သုတေသနရဲ့ နောက်ဆက်တွဲတွေ့ရှိချက်က အစည်းအဝေးတွေကိုလုပ်တဲ့အခါ မိနစ် ၃၀ ထက် မကျော်ရဆိုတဲ့ အချက်ပဲ။ ကျွန်တော်က ဒီတွေ့ရှိချက်ကို သိပ်သဘောကျတယ်။

ကျွန်တော်တို့မှာတော့ အစည်းအဝေးတွေဟာ အချိန်သတ်မှတ်မှု မရှိကြဘူး။ အစည်းအဝေးစမယ့် အချိန်ကိုသာ ဖိတ်စာထဲပါပြီး အစည်းအဝေးပြီးရမယ့် အချိန်ကို မသတ်မှတ်ထားတော့ ကာလဟာ အကန့်အသတ်မရှိ ဖြစ်နေတော့တယ်။

## အငြိမ်းစားရင်း အလုပ်လုပ်ကြမယ်

အသက် ၇၀ တွေကို ဘယ်လိုဩဝါဒပေးမလဲ။ တချို့တွေက ကိုယ့်ထက်အတွေ့အကြုံရှိသူတွေ၊ ရင့်ကျက်သူတွေ။ ဒါကြောင့်တိုတိုနဲ့လိုရင်း မျှဝေခဲ့တယ်။ ကျွန်တော်တို့ လူ့အသိုင်းအဝိုင်းမှာ အရွယ်သုံးပါးအကြောင်း အမြဲသတိပေးလေ့ရှိတယ်။ ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ် ဥစ္စာရှာ၊ တတိယအရွယ် တရားရှာ။ ဒီအယူအဆ အတွေးအခေါ်ကို ကျွန်တော်ကတော့ လက်မခံဘူး။ အဲဒါကြောင့် တတိယအရွယ်ရောက်နေကြသူတွေကို တရားရှာရုံမဟုတ်ဘဲ ပညာရှာဖို့၊ ဥစ္စာရှာဖို့ တိုက်တွန်းခဲ့တယ်။ သူတို့ဟာ စီးပွားရေးပညာကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ လောက်က လေ့လာခဲ့တယ်။ အခုချိန်မှာ ပညာရပ် အသစ်တွေ အများကြီးပေါ်ပေါက်လာတာမို့ ခေတ်နဲ့အညီ သိအောင်၊ တတ်အောင်ကြိုးစားဖို့လိုကြောင်း သတိပေးခဲ့တယ်။ ဥစ္စာရှာမှုနဲ့ ပတ်သက်လာရင် ငွေရမှုတစ်ခုတည်း မဟုတ်ဘဲ ကိုယ်တတ်တာ၊ သိတာကိုမျှဝေဖို့ လိုအပ်တယ်။ လုပ်စရာတွေ အများကြီးရှိနေတဲ့အချိန်မှာ အငြိမ်းစားနေတာက သဘာဝမကျဘူး။ ဒါကြောင့် working retirement လို့ ပြောနေတဲ့ အငြိမ်းစားရင်း အလုပ်လုပ်ကြဖို့ တိုက်တွန်းကြတယ်။ အခုဆိုရင် ဝန်ထမ်းတွေဟာ အသက် ၆၀ ပြည့်ရင် အငြိမ်းစားပေးခြင်းခံရတယ်။ အမှန်တော့ အခုခေတ်မှာ လူ့သက်တမ်းဟာ မြင့်မားလာတယ်။ အသက် ၈၀၊ ၉၀ အထိ နေနိုင်ကြတယ်။ ဒီတော့ အသက် ၆၀ ပြည့်တာနဲ့ အငြိမ်းစားပေးတာဟာ သဘာဝမကျဘူး။ အလုပ်လုပ်ဖို့ ပြောတဲ့နေရာမှာ မနက် ၉ နာရီက ညနေ ၅ နာရီဆိုတဲ့ အလုပ်မျိုး မဆိုလိုပါဘူး။ မိမိပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ ကိုယ့်အတွေ့အကြုံ၊ ကိုယ့်ပညာတွေကို အသုံးချနိုင်တယ်။

တလောက "Rewire nor retine" ဆိုတဲ့ စာအုပ်တစ်အုပ်ဖတ်ခဲ့ရတယ်။ အဓိပ္ပာယ်က အငြိမ်းစားယူမယ့်အစား မိမိရဲ့ အတွေးအခေါ်တွေကို ပြောင်းလဲဖို့လိုကြောင်း ဖော်ထုတ်ခဲ့တယ်။ လျှပ်စစ်မီးကြိုးအဟောင်းကို အသစ်နဲ့ ပြောင်းသလို အငြိမ်းစားနဲ့ပတ်သက်ပြီး အတွေးအခေါ်တွေ ပြုပြင်ဖို့၊ အထူးသဖြင့်မိမိကိုယ်မိမိ ဆင်ခြင်ဖို့အရေးကြီးတယ်။ အငြိမ်းစားယူပြီးချိန်မှာ အလုပ်ကို ရွေးလို့ရတယ်။ ငွေရတာကို အခြေခံဖို့မလိုတော့ဘဲ မိမိစိတ်ဝင်စားတာ၊ မိမိဝါသနာပါတာတွေကို လွတ်လွတ်လပ်လပ်လုပ်ခွင့်ရှိတယ်။ နဂိုကတည်းက အငြိမ်းစားဖြစ်နေတာမို့ ဘယ်သူ့ကိုမှ ကြောက်ရွံ့စရာမလိုတော့ဘူး။ အလုပ်ဖြုတ်မှာလည်း စိတ်ပူစရာမလိုတော့ဘူး။ အရင်ကတည်းက အလုပ်မရှိတော့တာ။ ဒီတော့မှန်တာကို ပြောရဲတယ်။ တင်ပြရဲတယ်။

## အသက်ရှင်နေသရွေ့ လုပ်နိုင်သမျှလုပ်ကြဖို့

အသက် ၆၀ ကျော်တွေ တဖြည်းဖြည်းများလာတာမို့ အနောက်နိုင်ငံတွေမှာ ငွေရောင်စီးပွားရေးလို့ခေါ်တဲ့ silver economy ကို အသိအမှတ်ပြုလာတယ်။ အသက်ကြီးတဲ့သူတွေဟာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေးနဲ့ နိုင်ငံရေးဘဝတွေမှာ ပိုပြီးလှုပ်ရှားနေကြတယ်။ တပည့်တွေကို စိတ်မလျှော့ဖို့အားပေးခဲ့တယ်။ အိုရမှာ၊ နာရမှာ၊ သေရမှာသိပေမယ့် အသက်ရှင်နေသရွေ့ ကိုယ်လုပ်နိုင်သမျှ လုပ်ပြီး လူ့အသိုင်းအဝိုင်းမှာ အလုပ်အကျွေးပြုဖို့ အားပေးခဲ့တယ်။ ဒေါ်စိုးစိုးအောင်ကလည်း တိုတိုတုတ်တုတ်နဲ့ ဩဝါဒပေးခဲ့တယ်။ ကျေးဇူးတင်စကားပြောတဲ့ ဇနီးမောင်နှံကတော့ သူတို့ဖြတ်သန်းခဲ့တဲ့ ဘဝအကြောင်း ပြောကြားခဲ့တယ်။

ကန်တော့ပွဲအခမ်းအနားပြီးတော့ နေ့လယ်စာစားဖို့ စောစောကဧည့်ခံခဲ့တဲ့ အခန်းထဲ ဆရာ ဆရာမတွေရွှေ့ခဲ့ကြတယ်။ ကျွန်တော်က အခမ်းအနားပြီးပြီးချင်း စားပွဲပေါ်မှာ အဆင်သင့်ဖြစ်နေမယ်ထင်တာ။ ကျွန်တော်တို့ နေရာယူမှ စားပွဲခင်း ခင်းကြ၊ ပန်းကန်ခွက်ယောက်ကို ပြင်ဆင်ကြလုပ်နေတာ။ စားပွဲထိုး ကြည့်ရတာလည်း အေးအေးဆေးဆေးပဲ။ ကိုယ့်ဆရာ၊ ဆရာမတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ ကြည့်လိုက်တော့ အခြေအနေတွေက သိပ်မကောင်းဘူး။ အားလုံးက ဆာနေကြတာ။ ဒါနဲ့ တာဝန်ခံကျောင်းသား ကျောင်းသူတွေကို မြန်မြန်လုပ်ဖို့ သတိပေးခဲ့တယ်။ သူတို့ကလည်း အားနာနေတယ်။ မီးဖိုချောင်ထဲသွားပြီး နှိုးဆော်ကြတယ်။ နောက်ဆုံး အစားအသောက်တွေ ရောက်လာတော့ ကျွန်တော်က စားပွဲထိုးတွေကို အစားအသောက်တွေသာချ။ ငါကိုယ်တိုင်စားပွဲထိုးမယ်လို့ ပြောခဲ့တယ်။ ပြောတဲ့အတိုင်း ဆရာကြီး ဦးမြတ်သိန်း၊ ဆရာမ ဒေါ်ညွန့်ညွန့်ရင်၊ ဒေါက်တာ ခင်အုန်းသန်း၊ ဒေါ်စိုးစိုးအောင်၊ ဒေါ်ဆင်းသိင်္ဂီ၊ ဒေါ်ခင်ခင်သိန်းတို့ကို ကိုယ်တိုင်စားပွဲထိုးခဲ့တယ်။ ကုသိုလ်ရပါတယ်။ ကိုယ်လည်း စားရတယ်။ ကျွန်တော် စားပွဲထိုးတာမြင်ပြီး နောက်ဆောင်းပါးအတွက် ခေါင်းစဉ်ရပြီလို့ ဆရာမက သတိပေးခဲ့တယ်။ စားသောက်ပြီးတော့ ဆရာကြီးနဲ့ဆရာမကို သူတို့စီးမယ့် မော်တော်ယာဉ်အထိ လိုက်ပို့ခဲ့တယ်။

## မေတ္တာတရားနဲ့ ကျန်ရှိချိန်တွေ ကုန်ဆုံးကြမယ်

ဒီနှစ်ကန်တော့ပွဲမှာ စားပွဲထိုးဖြစ်ခဲ့တာကို ဂုဏ်ယူမိတယ်။ ကိုယ့်ဆရာ၊ ဆရာမတွေကို အခုလို ပြုစုခွင့်ရတာကို ကျေးဇူးတင်ရပါတယ်။ တရားလည်း ရမိတယ်။ လုပ်ဖော်ကိုင်ဖက်တွေက မငယ်ကြတော့ဘူး။ ကျန်းမာရေး ချို့တဲ့နေကြပြီ။ တပည့်တွေမှာလည်း ဒီအတိုင်းပဲ။ အမှတ်တမဲ့ဖြစ်တဲ့ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားကို မျက်ဝါးထင်ထင် ကြုံခဲ့ရတာ ဖြစ်ပါတယ်။ ဆင်ခြင်ခွင့် ရခဲ့တယ်။ လူတွေဟာ ကံတရားကြောင့်လား၊ လုပ်ဆောင်မှုတွေကြောင့်လား။ တာထွက်တူပေမယ့် တာဝင်ခါနီးချိန်တွင် မတူညီကြဘူး။ ပုံစံအမျိုးမျိုး၊ အခြေအနေအမျိုးမျိုး။ အတန်းအတူတူ တက်ကြခဲ့ပေမယ့် နှစ်ပေါင်း ၅၀ နီးချိန်မှာ မတူညီကြတော့ဘူး။ လုပ်ဖော်ကိုင်ဖက်တွေလည်း အခုလိုပါပဲ။ တူညီတာက ထားရှိတဲ့သံယောဇဉ်၊ ရင်းနှီးမှု၊ သံဝေဂတွေရသလို အလိုလိုအသက်ငယ်သွားသလို ခံစားရပြန်ရော။ လွန်ခဲ့တဲ့နှစ်တွေကို ပြန်ပြောင်းအမှတ်ရမိတာ။ ကျွန်တော်က နောင်နှစ်မှာ ပြန်ဆုံကြဖို့လည်း သတိပေးခဲ့တယ်။ ပြန်ဆုံရာမှာလည်း တာဝန်မကြီးစေချင်ဘူး။ အမှန်တော့ လက်အုပ်ချီပြီး ကန်တော့ရုံနဲ့ ကျေနပ်ရပါတယ်။ အကျွေးအမွေးဆိုရင်လည်း ပေါ့ပေါ့ပါးပါး ဖြစ်စေချင်တာ။ စေတနာနဲ့ပြုစုပေးတာကို အသိအမှတ်ပြုပါတယ်။ လက်ဆောင်ပစ္စည်းတွေ ပေးတာကိုလည်း ကျေးဇူးတင်မိတယ်။ ဒါပေမယ့် တာဝန်တော့ကြီးလှတယ်။ ဟိုတယ်စရိတ်ကလည်း မသေးလှဘူး။ ဒါကြောင့် တက္ကသိုလ်မဏ္ဍာရုံမှာ ရေနွေးကြမ်းနဲ့ ဘူးသီးကြော်ကို ကျွေးစေချင်တာ။ ဒါက သူတို့ တာဝန်ပေါ့အောင်။ အဆင်ပြေတဲ့သူတွေရှိသလို အားထည့်ရမယ့်သူတွေ ရှိနေတော့ အားနာမိတယ်။

ဒါပေမယ့် သူတို့ရဲ့စေတနာက အတိုင်းမသိဆိုတော့ နောင်နှစ်မှာလည်း ဟိုတယ်မှာပဲ ဆုံဖြစ်မယ်လို့ ထင်ရတယ်။ နောင်နှစ်မှာ ရှိမရှိဆိုတာက ဘယ်သူမှ အတတ်မပြောနိုင်ဘူး။ အနိစ္စကို ကြိုတင်သိဖို့ မဖြစ်နိုင်တာ။ ဒါကြောင့်လည်း တွေ့တုန်းမှာ ရှိတုန်း တစ်ယောက်နဲ့တစ်ယောက် မေတ္တာထားကြပြီး နေတတ်ဖို့သာ၊ မေတ္တာတရားနဲ့ ကျန်ရှိတဲ့အချိန်တွေမှာ လှုပ်ရှားကြရမှာသာ ဖြစ်ပါတယ်။တပည့်တွေရော၊ လုပ်ဖော်ကိုင်ဖက်တွေရော၊ ဆရာ ဆရာမတွေပါ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းရှိကြပါစေလို့ မေတ္တာပို့အပ်ပါတယ်။ ။

**“အငြိမ်းစားယူပြီးချိန်မှာ အလုပ်ကို ရွေးလို့ရတယ်။ ငွေရတာကို အခြေခံဖို့မလိုတော့ဘဲ မိမိစိတ်ဝင်စားတာ၊ မိမိဝါသနာပါတာတွေကို လွတ်လွတ်လပ်လပ်လုပ်ခွင့်ရှိတယ်။ နဂိုကတည်းက အငြိမ်းစားဖြစ်နေတာမို့ ဘယ်သူ့ကိုမှ ကြောက်ရွံ့စရာမလိုတော့ဘူး။ အလုပ်ဖြုတ်မှာလည်း စိတ်ပူစရာမလိုတော့ဘူး။ အရင်ကတည်းက အလုပ်မရှိတော့တာ။ ဒီတော့မှန်တာကို ပြောရဲတယ်။ တင်ပြရဲတယ်။”**

# MPT ဆင်းကတ်သက်တမ်း (SIM Lifecycle) အကြောင်းကို သုံးစွဲသူများသိရှိစေရန် သတင်းထုတ်ပြန်

**ရန်ကုန် ဇန်နဝါရီ ၁၂**

MPT ဆင်းကတ်များကို သုံးစွဲသူများအနေဖြင့် ဆင်းကတ်တစ်ခု၏ လည်ပတ်မှုဖြစ်စဉ်နှင့် သက်တမ်းတို့ကို သိရှိနားလည်စေရန် ဆင်းကတ်သက်တမ်း (SIM Lifecycle) အကြောင်းကို MPT က ဇန်နဝါရီ ၉ ရက်တွင် သတင်းထုတ်ပြန်ကြေညာခဲ့သည်။

MPT ဆင်းကတ်များကို မှတ်ပုံတင်ဝယ်ယူပြီးနောက် သုံးစွဲသူများသည် ရက်ပေါင်း ၁၈၀ အတွင်း ပထမဆုံးအကြိမ် ဖုန်းခေါ်ဆိုခြင်း၊ စာတိုပေးပို့ခြင်း၊ USSD အသုံးပြုခြင်း သို့မဟုတ် ဖုန်းငွေဖြည့်ခြင်းစသည့် လုပ်ဆောင်ချက်တစ်ခုခုကို ပြုလုပ်၍ ဆင်းကတ်ကို Activate ပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ ရက်ပေါင်း ၁၈၀ အတွင်း ဤသို့ လုပ်ဆောင်ခြင်းမရှိခဲ့ပါက ဆင်းကတ်သည် အထွက်ဖုန်း ခေါ်ဆိုခြင်းနှင့် အဝင်ဖုန်း လက်ခံခြင်းတို့ကို လုံးဝလုပ်မရနိုင်သည့် အနေအထား (Cooling Stage)သို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

Activate ပြုလုပ်ပြီးလျှင် ဆင်းကတ်သည် ၃၆၅ ရက်သက်တမ်းရှိသည့် သက်ဝင်မှုအနေအထားသို့ ရောက်ရှိသွားမည်ဖြစ်သော်လည်း သုံးစွဲသူများအနေဖြင့် ဆင်းကတ်ကို အသက်ဝင်မှု ရှိနေစေရေးအတွက် ရက်ပေါင်း ၆၀ အတွင်း ဖုန်းငွေဖြည့်သွင်းမှုတစ်ကြိမ် ပြုလုပ်ရန် လိုအပ်ပြီး မလုပ်ခဲ့ပါက အဆိုပါ ဆင်းကတ်သည် အဝင်ဖုန်းခေါ်ဆိုမှုကိုသာ လက်ခံနိုင်သည့် အနေအထားသို့ ရောက်ရှိသွားမည်ဖြစ်ကြောင်း၊ အထွက်ဖုန်းခေါ်ဆိုခြင်း၊ စာတိုပေးပို့ခြင်း၊ မိုဘိုင်းဒေတာနှင့် အခြားသော အခပေး ဝန်ဆောင်မှုများကို သုံးစွဲနိုင်တော့မည်မဟုတ်ကြောင်း သိရသည်။

အဝင်ဖုန်းလက်ခံခြင်းသာ ပြုလုပ်နိုင်သည့် အနေအထားသို့ ရောက်နေသည့် ဆင်းကတ်တစ်ခုကို ရက်ပေါင်း ၃၀ ကာလအတွင်း ဖုန်းငွေဖြည့်သွင်းခြင်းဖြင့် ပြန်လည်အသက်ဝင်စေနိုင်မည်ဖြစ်ပြီး အကယ်၍ အဆိုပါကာလအတွင်း ဖုန်းငွေဖြည့်သွင်းခြင်း မပြုလုပ်ခဲ့ပါက အဝင်ဖုန်းလက်ခံခြင်းကိုပါ မလုပ်နိုင်တော့သည့် အနေအထားသို့ ရောက်ရှိသွားမည်ဖြစ်သည်။

ဤအနေအထားသို့ ရောက်ရှိနေသည့် ဆင်းကတ်တစ်ခုကို နောက်ထပ် ရက်ပေါင်း ၆၀ အတွင်း၌ ဖုန်းငွေဖြည့်သွင်းခြင်းဖြင့် ဆက်လက်အသုံးပြုသွားနိုင်ရန် သုံးစွဲသူများအနေဖြင့် e-load ကို အသုံးပြု၍ ငွေဖြည့်ခြင်း (သို့မဟုတ်) အခြားတစ်ယောက်အား ဖုန်းနံပါတ်သို့ ငွေဖြည့်သွင်းပေးစေခြင်းဖြင့် ပြန်လည်အသက်သွင်းနိုင်မည်ဖြစ်သည်။ သတ်မှတ်ရက် ၆၀ အတွင်း ဖုန်းငွေမဖြည့်လျှင်မူ ဆင်းကတ်သည် အသုံးပြု၍မရနိုင်တော့သည့် (Cooling Stage)သို့ ရောက်ရှိသွားမည်ဖြစ်သည်။

Cooling Stage သို့ရောက်ရှိနေသည့် ဆင်းကတ်ကို ပြန်လည်ရယူလိုသည့် သုံးစွဲသူများအနေဖြင့် နီးစပ်ရာ MPT အမှတ်တံဆိပ် အရောင်းဆိုင်များသို့ သွားရောက်ပြီးမှသာ ဆင်းကတ်အသုံးပြုခွင့် ပြန်လည်လျှောက်ထားခြင်းနှင့် ဖုန်းငွေဖြည့်သွင်းခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်ကြောင်း၊ နောက်ဆုံး သတ်မှတ်ထားသော စည်းမျဉ်းများအရ လုံးဝအသုံးမပြုနိုင်သည့် အနေအထား(Cooling Stage)သို့ ရောက်ရှိနေသည့် ဆင်းကတ်တိုင်းကို နောက်ထပ် ရက်ပေါင်း ၆၀ ကျော်ပြီးပါက အော်ပရေတာက Recycle အဖြစ်သတ်မှတ်ကာ အခြားသုံးစွဲသူတစ်ဦးထံ ပြန်လည်ရောင်းချပေးနိုင်ကြောင်း သိရသည်။

MPT ၏ pre-paid စနစ်ကို အသုံးပြုနေသည့် သုံးစွဲသူများအနေဖြင့် *124# ကို ခေါ်ဆိုခြင်း (သို့မဟုတ်) 1331 သို့ "BAL"ဟု စာတို(SMS)ပေးပို့ခြင်းဖြင့် မိမိ၏ ဆင်းကတ်သက်တမ်းကို စစ်ဆေးနိုင်ကြောင်း၊ ငွေတစ်ကြိမ်ဖြည့်ပြီးတိုင်း ဆင်းကတ်သက်တမ်းသည် ငွေဖြည့်သည့်ရက်မှစ၍ တစ်နှစ် သက်တမ်းတိုးမည်ဖြစ်ကြောင်း၊ ဆင်းကတ်သက်တမ်းနှင့် သက်ဆိုင်သည့် အသေးစိတ်အချက်အလက်များကို MPT ၏ တရားဝင် ဝက်ဘ်ဆိုက်ပေါ်တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဆင်းကတ်သက်တမ်းသည် MPT ၏ post-paid စနစ်သုံး ဆင်းကတ်များနှင့် မသက်ဆိုင်ကြောင်း MPT မှ ထုတ်ပြန်ချက်အရ သိရသည်။ **သူရဖြိုး**

# မြန်မာနိုင်ငံအဆင့် World Robot Games 2020 ပြိုင်ပွဲတွင် ပါဝင်မည့် အသင်းများကို ထုတ်ပြန်ကြေညာ

**ရန်ကုန် ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် Clash of Robots Team(COR) တို့ ပူးပေါင်း၍ "World Robot Games (Myanmar)2020" ပြိုင်ပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park ပင်မဆောင်၌ ဇန်နဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဂျူနီယာအဆင့်ပြိုင်ပွဲနှင့် စီနီယာအဆင့် ပြိုင်ပွဲအတွက် အသင်းများ၏ စာရင်းကို ဇန်နဝါရီ ၅ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။




Rugby Robot ပြိုင်ပွဲအတွက် စက်ရုပ်များကို Steet show တစ်ခုတွင် ပြသနေစဉ်။ (ဓာတ်ပုံ-Clash of Robots Team)

ပြိုင်ပွဲတွင် တက္ကသိုလ်အဆင့် စီနီယာတန်းအတွက် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအမျိုးအစားနှစ်ခုမှာ Rugby Robot နှင့် On-Water Robot ပြိုင်ပွဲများဖြစ်ပြီး အခြေခံပညာအဆင့် ဂျူနီယာတန်းအတွက် ယှဉ်ပြိုင်ရမည့်ဂိမ်းမှာ Line Tracing ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြရန်အတွက် ICT ဆိုင်ရာ သင်တန်းကျောင်းများနှင့် အစိုးရပညာရေးဆိုင်ရာကျောင်းများမှ ကျောင်းသား ကျောင်းသူများ အပါအဝင် သိပ္ပံနှင့် နည်းပညာများကို လေ့လာသူများအား ဒီဇင်ဘာ ၁၃ ရက်အထိ ဖိတ်ခေါ်ထားခဲ့ပြီးနောက် အသင်းများကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

တက္ကသိုလ်အဆင့် စီနီယာတန်း Rugby Robot ပြိုင်ပွဲတွင် အသင်း ၁၂ သင်းနှင့် On-Water Robot ပြိုင်ပွဲတွင် အသင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အသက် ၁၀ နှစ်မှ ၁၆ နှစ်အတွင်း အခြေခံပညာအဆင့် ဂျူနီယာတန်း Line Tracing ပြိုင်ပွဲ၌ အသင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဂျူနီယာတန်းအတွက် Line-tracing Robot ဂိမ်းမှာ စက်ရုပ်ဂိမ်းပြိုင်ပွဲ အများစုတွင် ယှဉ်ပြိုင်လေ့ရှိသည့် ဂိမ်းအမျိုးအစားတစ်ခုဖြစ်ပြီး Rapid marching, accurate supply, materials classification စသဖြင့် မတူညီသည့် Challenge ပုံစံ အဆင့်ဆင့်ကို ယှဉ်ပြိုင်၍ Challenge တစ်ခုချင်းစီအတွက် ရမှတ်များသတ်မှတ်ပြီး အမှတ်ပေးမည်ဖြစ်သည်။

စီနီယာတန်းအတွက် On-water Robot Game မှာ ရေလမ်းကြောင်းများတွင် သယ်ဆောင်ရမည့် ပစ္စည်းများကို စတင်သယ်ယူရမည့်နေရာမှ ပို့ဆောင်ပေးရမည့်နေရာများသို့ သတ်မှတ် စည်းမျဉ်းစည်းကမ်းများအတိုင်း စက်ရုပ်များသုံး၍ သယ်ယူပို့ဆောင်ပေးခြင်းဖြင့် အမှတ်ရရှိမည့် ပြိုင်ပွဲအမျိုးအစားဖြစ်သည်။

စီနီယာတန်းအတွက် အခြားဂိမ်းတစ်မျိုး ဖြစ်သော Rugby Robot ဂိမ်းမှာ အမေရိကန်နိုင်ငံမှ ရက်ဘီဘောလုံးကစားနည်းကို စက်ရုပ်လေးရုပ် ပါဝင်သည့် အသင်းအဖြစ် ပြောင်းလဲ ကစားရခြင်းဖြစ်ပြီး ရက်ဘီဘောလုံးပြိုင်ပွဲကစားနည်းအတိုင်းကစား၍ တစ်ဘက်အသင်း၏ သတ်မှတ်ဂိုးစည်းကို ကျော်လွန်လျှင် လေးမှတ် ရရှိမည်ဖြစ်ပြီး ပထမဆုံး အမှတ်ကိုးမှတ် ကျော်လွန်သည့်အသင်းက အနိုင်ရရှိမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ၏ နည်းပညာ တီထွင်ဆန်းသစ်မှုများ ရှိလာရန်၊ သိပ္ပံနည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာ ဘာသာရပ်များ တိုးတက်စေရန်နှင့် ပြိုင်ပွဲမှတစ်ဆင့် လက်ဆင့်ကမ်း ပြန့်ပွားနိုင်ရန် ရည်ရွယ်လျက် World Robot Games (Myanmar)2020 ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ World Robot Games (Myanmar) 2020 ပြိုင်ပွဲမှာ World Robot Games ပြိုင်ပွဲအတွက် ပြည်တွင်းအဆင့် ကျင်းပခြင်းဖြစ်ကြောင်းနှင့် ပြိုင်ပွဲကို ဦးဆောင်စီစဉ်သည့် Clash of Robots Team အနေဖြင့် ပြိုင်ပွဲအကြောင်း မိတ်ဆက်ရှင်းလင်းသည့် Street Show များနှင့် Robot Kits များ အသုံးပြုပုံကို ရှင်းပြသည့် Mini camp များကိုလည်း ပြိုင်ပွဲဝင်မည့် အသင်းများအတွက် ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**သူရဖြိုး**

# ဟွာဝေးရဲ့ တန်ဖိုးနည်းဖုန်း မော်ဒယ်သစ်တစ်ခု ဖြစ်လာမယ့် Y6s(2019)

Y6s(2019)ဟာ ဟွာဝေးရဲ့ တန်ဖိုးနည်းဖုန်းစီးရီးဖြစ်တဲ့ Y စီးရီးထဲက နောက်ဆုံးထွက်ဖြစ်ပြီး 2019 ဆိုပေမယ့် ၂၀၂၀ ဇန်နဝါရီလထဲမှာမှ နိုင်ငံတကာဈေးကွက်မှာ စတင်ပြသတာဖြစ်သလို ပြည်တွင်းဈေးကွက်ကိုလည်း ရောက်မလာသေးဘဲ pre-order လက်ခံနေဆဲသာ ဖြစ်ပါတယ်။ ထူးခြားတဲ့ စွမ်းဆောင်ရည်နဲ့ လုပ်ဆောင်ချက်တွေ မပါပေမယ့် ဈေးနှုန်းပိုင်း သိပ်မများတာကြောင့် အရည်အသွေးနဲ့ ဈေးနှုန်း မျှတပြီး ဖေ့စ်ဘုတ်ကို နည်းနည်းပါးပါး အသုံးပြုရုံနဲ့ ဓာတ်ပုံရိုက်ရုံလောက် သုံးကြမယ့် လူကြီးပိုင်းတွေအတွက် သင့်တော်တဲ့ ဖုန်းအမျိုးအစား ဖြစ်ပါတယ်။ ဂိမ်းကစားချင်တဲ့ လူငယ်တွေအတွက်တော့ သိပ်အဆင်ပြေမှာမဟုတ်ပါဘူး။

မျက်နှာပြင်အကျယ်ဟာ ၆ ဒသမ ၀၉ လက်မရှိလို့ အရွယ်အစား ကြီးမားပြီး Resolution က 720 x 1560 pixels ရှိလို့ ရုပ်ထွက်အရည်အသွေးလည်း အတော်အသင့် ကောင်းမွန်ပါတယ်။ Screen ကတော့ LCD screen ဖြစ်ပြီး ဖရိမ်နဲ့ နောက်ဘက်ကာဗာကတော့ ပလတ်စတစ်ဖြစ်ပါတယ်။ ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်ပြီး ဖုန်းကွန်ရက်အတွက် GSM နဲ့ အင်တာနက်ကွန်ရက်အတွက် 4G ကို ထောက်ပံ့ပေးပါတယ်။

အန်းဒရွိုက်ဗားရှင်းကတော့ 9.0(Pie)ကို ဟွာဝေးရဲ့ UI ဖြစ်တဲ့ EMUI 9.1 နဲ့ တွဲထားပါတယ်။ Chipset ကတော့ တန်ဖိုးနည်းဖုန်းဖြစ်တာကြောင့် Mediatek MT6765 Helio P35 သာ ပါဝင်ပါတယ်။ CPU က Cortex-A53 Octa-core CPU ကို သုံးထားပြီး RAM က 3GB ဖြစ်ပါတယ်။ အင်တာနယ်မင်မိုရီကတော့ နိုင်ငံတကာဈေးကွက်မှာ 32GB နဲ့ 64GB လို့ နှစ်မျိုး ထွက်ထားပြီး လတ်တလော ပြည်တွင်းဈေးကွက်မှာတော့ 64GB ကိုပဲ pre-order နဲ့ ရောင်းချနေပါတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးဖို့ အပေါက်သီးသန့် ပါဝင်ပြီး 512GB အထိ ထောက်ပံ့ပေးထားတာက အားသာချက်တစ်ခုဖြစ်ပါတယ်။

ကင်မရာပိုင်းကတော့ တန်ဖိုးနည်းဖုန်းဖြစ်တာကြောင့် နိမ့်တယ်လို့ ဆိုနိုင်ပါတယ်။ ပင်မကင်မရာကို အနည်းဆုံး Dual ကင်မရာတွေကနေ ကင်မရာ သုံးလုံး၊ လေးလုံးတွေ ထုတ်နေချိန်မှာ Y6s ဟာ ၁၃ မဂ္ဂါပစ်ဇယ် ကင်မရာတစ်လုံးတည်းသာ ပါပြီး ဆယ်လ်ဖီကင်မရာကလည်း ၈ မဂ္ဂါပစ်ဇယ် ကင်မရာတစ်လုံးတည်း ဖြစ်ပါတယ်။

ဘက်ထရီပိုင်းမှာတော့ 3020 mAh Li-Po ဘက်ထရီဟာ ဈေးနှုန်းနဲ့ယှဉ်ရင် ထိုက်တန်ပြီး လက်ဗွေစနစ်ပါတာကလည်း ကောင်းမွန်တဲ့အချက်တစ်ခုဖြစ်ပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ အပြာရောင်နဲ့ အနက်ရောင် နှစ်မျိုးရနိုင်ပြီး ပြည်တွင်းဈေးကွက်မှာ လက်ရှိ pre-order ရောင်းချနေတဲ့ ဈေးနှုန်းကတော့ ကျပ် ၁၇၀၀၀၀ ဝန်းကျင် ရှိပါတယ်။ **သူရဖြိုး**




# ကွန်ပျူတာပညာရှင်အသင်းက Practical Server Virtualization သင်တန်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ ခေတ်မီဒေတာစင်တာပိုင်းဆိုင်ရာ နည်းပညာသင်တန်းတစ်ခုဖြစ်သည့် Practical Server Virtualization လက်တွေ့သင်တန်း အမှတ်စဉ် (၁၅)ကို ၂၀၂၀ ဇန်နဝါရီ ၁၈ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းသို့ Virtualization and Data Center အကြောင်း စိတ်ဝင်စားသူများနှင့် Microsoft Windows Server and VMware ESXi, vSphere, vCenter and vMotion အကြောင်းတို့ကို နားလည်လိုသူများ တက်ရောက်နိုင်ကြောင်းနှင့် မွမ်းမံသင်ခန်းစာအနေဖြင့် Windows ဆာဗာအကြောင်းကိုလည်း ထည့်သွင်းပြောကြားသွားမည် ဖြစ်ကြောင်း သိရသည်။

သင်တန်းပြီးဆုံးပါက Server Virtualization for Data Center Services ကို အခြေခံ သိရှိနားလည်ပြီး Infra Virtualization ၏ လုပ်ငန်းဆောင်တာများကို သိရှိသွားမည်ဖြစ်သည့်အပြင် ဘာသာရပ်ဆိုင်ရာ အခေါ်အဝေါ်များနှင့် ကုမ္ပဏီသို့မဟုတ် အဖွဲ့အစည်းများတွင် မရှိမဖြစ်လိုအပ်သော Digital Transformation, Resource Allocation, Availability, Scalability and Security Concepts များကိုလည်း စနစ်တကျ သိရှိနားလည်ပြီး အသုံးချနိုင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလမှာ ဇန်နဝါရီ ၁၈ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ(အပတ်စဉ် စနေ၊ တနင်္ဂနွေ နှစ်ရက်) နေ့လယ် ၁ နာရီမှ ညနေ ၅ နာရီအထိ (စုစုပေါင်း သင်တန်းချိန် နာရီ ၃၀)ဖြစ်ကာ ဆရာ ဦးညဏ်လင်းထက်က သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းကြေးမှာ ကျပ် ၁၂၀၀၀၀ ဖြစ်ပြီး MCPA အသင်းဝင်များအတွက် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း သက်သာမည်ဖြစ်ကြောင်း၊ သင်တန်းတွင် လိုအပ်မည့် ebook များ၊ Tools များ၊ ဗီဒီယိုနှင့် သင်ခန်းစာ Link များကို အခမဲ့ ပေးသွားမည်ဖြစ်ပြီး Dell Server များဖြင့် သင်ကြားသွားမည်ဖြစ်သဖြင့် သင်တန်းတက်ရောက်မည့်သူများသည် ကိုယ်ပိုင် Laptop များယူဆောင်လာရန် မလိုကြောင်း၊ သင်တန်းအတွက် ဇန်နဝါရီ ၁၇ ရက် နေ့လယ် ၁၂ နာရီ နောက်ဆုံးထား၍ MCPA ရုံးခန်းသို့ လာရောက် စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်အချက်များကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ ဖုန်း-၀၁-၆၅၂၂၇၆ နှင့် ၀၉-၅၀၆၇၁၆၈ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

# ဆွာချောင်းပိတ်၍ နွေစပါး ဧက ၃၀၀ ကျော်ရေပေးဝေ



**ရေတာရှည် ဇန်နဝါရီ ၁၂**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းတမံမှ နွေစပါးစိုက်ဧက ၈၀၀၀ ကျော်ကို ရေများပေးဝေလျက်ရှိပြီး ကျေးရွာအုပ်စု ရှစ်ခုတွင် ယခုအခါ စိုက်ပျိုးပြီး၊ စိုက်ပျိုးနေဆဲဖြစ်သည်ကို တွေ့ရှိရသည်။

ထို့အတူ ဆွာချောင်းနှင့် သိုင်းချောင်းစီးဆင်းရေဖြင့် ချောင်းမြောက်ဘက်ခြမ်းရှိ တောင်သူများ နွေစပါး စိုက်ပျိုးနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆွာမင်းလမ်းကျေးရွာအုပ်စု စီပင်အေးကျေးရွာအနီး၌ စက်ယန္တရားများဖြင့် သဲတမံပြုလုပ်၍ ရေသိုလှောင်ခြင်းလုပ်ငန်းများအားလုံး ဇန်နဝါရီ ၅ ရက်တွင် ပြီးစီးသွားခဲ့ပြီး အဆိုပါ ချောင်းပိတ်ရေဖြင့် သစ်ယာကုန်း၊ စိမ့်ဝိုင်း၊ ဆီဆုံကုန်း၊ ရွှေသပြေ၊ မြောက်လွတ် ကုန်းကျေးရွာဝန်းကျင်ရှိ ကွင်းအမှတ် ၆၁၉၊ ၆၂၀(က)၊ ၆၂၁(ဂ)တို့တွင် နွေစပါး စိုက်ဧက ၃၀၀ ကျော်ကို ရေပေးဝေနေပြီဖြစ်သည်။ (ယာပုံ)

သန်းလွင်

# ကော့ကရိတ်မြို့အတွင်း နိုးထလာသော မွေးမြူရေးလုပ်ငန်းများ

ကရင်ပြည်နယ် ခေါနတောင်ခြေရှိ ကော့ကရိတ်မြို့သည် ပြည်နယ်အတွင်း မြို့နယ်များအနက်မှ ဒုတိယအကြီးဆုံး ခရိုင်မြို့ ဖြစ်သည်။ ကရင်တိုင်းရင်းသားရိုးရာ တောင်သူလယ်လုပ် ဓားမခုတ်ဟူသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာလည်း မငြိမ်းချမ်းခြင်းနှင့်အတူ လယ်တော၊ ယာတောများ ဖြစ်ပွားကုန်သည်။

မငြိမ်းချမ်းခြင်းနှင့်အတူ တရားမဝင်မှောင်ခိုကုန်သွယ်မှုနောက်တွင် တိုင်းရင်းသားများ စီးမျောပါသွားခဲ့သည်။

ဒီမိုကရေစီအစိုးရလက်ထက်တွင် ပြည်နယ်အတွင်း ငြိမ်းချမ်းတည်ငြိမ်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့လာခြင်းတို့ကြောင့် စွန့်ဦးတီထွင်ရင်းနှီးမြှုပ်နှံသောလုပ်ငန်းများ တိုးပွားလာသည်ကို မြင်တွေ့ရသည်။

နို့စားနွားမွေးမြူရေးခြံမှာ ကော့ကရိတ်မြို့ အမှတ် ၁ ရပ်ကွက် ရွှေကြက်မင်းဘုရားလမ်းနှင့် အာရှအဝေးပြေးလမ်းအကြား ကျိုက်ခုံကျေးလက်လမ်းပေါ်တွင် တည်ရှိသည်။ ၂၀၁၅ ခုနှစ်တွင် ဖရီရှန်နို့စားနွားမ ခုနစ်ကောင်နှင့် စတင်ခဲ့ကြောင်း၊ ရန်ကုန်မြို့ မင်္ဂလာဒုံငွေစင်ပုလဲနို့ထုတ်လုပ်ရေးမှ ဖရီရှန်နွားမ ၁၀ ကောင် ထပ်မံဝယ်ယူဖြည့်သွင်းပြီး စတင်သည်မှ ယနေ့တိုင်စက်ဖြင့် နို့ညှစ်ခဲ့ကြောင်း၊ ယခုအခါ အကောင်ပွားများဖြင့် ဖရီရှန်အကြီး/အသေးအကောင် ၆၀ ကျော် မွေးမြူထားပြီး နို့ညှစ်နွားမကြီး အကောင် ၂၀ မှ နေ့စဉ် နွားနို့သန့်စင်လီတာ ၂၀၀ ထွက်ရှိကာ တစ်လီတာကျပ် ၁၀၀၀ နှုန်းဖြင့် ကော့ကရိတ်မြို့နှင့် မြဝတီမြို့များသို့ ဖြန့်ချိနေ ကြောင်း တာဝန်ခံ စောဝင်းကိုက ပြောသည်။



ဖရီရှန်နွားများ မျိုးထိုးခြင်း၊ကျန်းမာရေးစောင့်ရှောက်ခြင်းကို ကော့ကရိတ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူပင် ကော့ကရိတ်မြို့ ရုံးကြီးနောက်ကွက်သစ်တွင် လူနေအိမ်ပေါ်တင်၍ ဆိတ်အကောင် ၄၀ ခန့် စီးပွားဖြစ်မွေးမြူထားသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)** ရန်ကုန်မြို့မှ အဝယ်ကိုယ်စားလှယ်များဖြင့် ကျေးလက်တောရွာဆိတ်ခြံများအထိ လိုက်လံဝယ်ယူလျက်ရှိသည်။

ယခင်က ကရင်ကျေးရွာများတွင် ကျွဲများကို ခိုင်းစေခြင်းမပြုဘဲ အကောင်ပွားသာ မွေးမြူခဲ့ကြသည်။

အဆိုပါ မွေးမြူရေးလုပ်ငန်းရှင်များ၏ ကူညီသောတောင့်တမှုမှာ လုပ်ငန်းတိုးချဲ့ရန် အတွက် SME ခေါ် အသေးစား၊ အလတ်စားနှစ်ရှည်ချေးငွေများရရှိရန် ပြည်နယ်အစိုးရနှင့် နိုင်ငံတော်မှ ပံ့ပိုးပေးစေလိုကြောင်း ပြောကြားကြသည်။

တင်ဝင်းလှိုင်(ကော့ကရိတ်)
ဓာတ်ပုံ- ရဲညွန့်(စိုက်ပျိုးရေး)

## ဧရာဝတီမြစ်ကမ်းနံဘေး စိုက်ပျိုးမြေများတွင် တောင်သူများအလှည့်ကျ စိုက်ပျိုး

**ပခုက္ကူ ဇန်နဝါရီ ၁၂**
ပခုက္ကူမြို့နယ် ကုက္ကိုလှကျေးရွာအနီး ဧရာဝတီမြစ်ကမ်းနံဘေးရှိ စိုက်ပျိုးမြေလယ်ကွက်များတွင် မဲစနစ်ဖြင့် စားသောက်ကုန်သီးနှံများကို တစ်နှစ်စီအလှည့်ကျ စိုက်ပျိုးကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ဧရာဝတီမြစ်မှ မြစ်ရေကိုအသုံးပြုပြီး မြစ်ကမ်းနံဘေးတွင် စိုက်ပျိုးလယ်ယာမြေ ခုနစ် ဧကနီးပါးကို ပခုက္ကူမြို့နယ် ကုက္ကိုလှကျေးရွာ တောင်သူများက စားသုံးကုန်သီးနှံများ စိုက်ပျိုးကြရကြောင်း တောင်သူဦးအေးမြင့်က ပြောသည်။ လယ်ကွက်များတွင် ကြက်သွန်နီ၊ ပဲအမျိုးမျိုး၊ ပြောင်းနှင့် မေမြို့ပန်းများ အဓိကစိုက်ပျိုးကြကြောင်း သိရသည်။ မဲစနစ်ဖြင့် စိုက်ပျိုးခွင့်သတ်မှတ်ကြပြီး သုံးနှစ်တစ်ကြိမ် မဲနှိုက်ခွင့်ရရှိကြောင်း တောင်သူများထံမှ သိရသည်။

ဆလိုင်းကိုကီး



ဧရာဝတီမြစ်ကမ်းဘေးမှ သီးနှံစိုက်ခင်းများ။



# ဂန့်ဂေါ၌ ကုလားပဲသီးနှံ ပိုမိုစိုက်ပျိုးလာ

**ဂန့်ဂေါ ဇန်နဝါရီ ၁၂**
ဂန့်ဂေါမြို့နယ်အတွင်း ကုလားပဲကို ယခင်နှစ်များက ဧက ၅၀၀ မှ ၇၀၀ ခန့် အတွင်းသာ စိုက်ပျိုးခဲ့ရာမှ ယခုနှစ်ဆောင်းရာသီတွင် ၂၆၄၅ ဧကစိုက်ပျိုးထားရာ ဧက ၂၀၀၀ ခန့် ပိုမိုတိုးချဲ့ စိုက်ပျိုးလာကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကုလားပဲကို မိုးစပါးအပြီး လယ်သီးထပ်အဖြစ် လည်းကောင်း၊ စပါးမရိတ်မီ သီးကြိုအဖြစ် ရေလိုက်ကြသည့် လက်ဆင့်ကမ်းသီးနှံပုံစံဖြင့် လည်းကောင်း စိုက်ပျိုးနိုင်ကြောင်း၊ ရေလိုက်ကြသည့် စနစ်မှာ မြေပြုပြင်စရိတ် ကုန်ကျမှုမရှိခြင်း၊ အစိုဓာတ်မမီမည်ကို စိုးရိမ်ရန်မလိုခြင်းတို့ကြောင့် ပိုမိုကြိုက်နှစ်သက်ကြကြောင်း တောင်သူတစ်ဦးက ပြောသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများကလည်း ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေသည့် သီးနှံများ၊ သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး တောင်သူများနှင့် တွေ့ဆုံပညာပေးဆွေးနွေးလျက်ရှိကြောင်း ဒုတိယဦးစီးမှူး ဦးမြင့်ဇော်က ပြောသည်။

၁၄၄

အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့် လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး
သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်များ ဖြစ်ကြသည့် **"အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့ကို
**ဦးမောင်သိန်း** နှင့် **"အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ"** ဘွဲ့ကို ဇနီး **ဒေါ်ခင်ညွန့်** တို့အား
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ**မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက်
အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊
သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်သော သာသနာပြု ဇနီးမောင်နှံ ဖြစ်ပါစေကြောင်းဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးစိုင်းမျိုးဝင်း + ဒေါ်နန်းခင်မြင့်ရီ
EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP)

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့်
လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်များ ဖြစ်ကြသည့် **"အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ"**
ဘွဲ့ကို EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP)နှင့်
EXCELLENT FORTUNE FOUNDATION (EFF FOUNDATION) တို့၏ Chairman & Founder **ဦးစိုင်းမျိုးဝင်းနှင့်**
**"အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ"** ဘွဲ့ကို ဇနီး **ဒေါ်နန်းခင်မြင့်ရီ** Senior Vice Chairman & Co-Founder တို့အား
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ** ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်
အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့်
မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို
ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်သော သာသနာပြု ဇနီးမောင်နှံ ဖြစ်ပါစေကြောင်း
ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းစာဆရာအသင်း**

---

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့်
လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်များ ဖြစ်ကြသည့် **"အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ"**
ဘွဲ့ကို EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP)နှင့်
EXCELLENT FORTUNE FOUNDATION (EFF FOUNDATION) တို့၏ Chairman & Founder **ဦးစိုင်းမျိုးဝင်းနှင့်**
**"အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ"** ဘွဲ့ကို ဇနီး **ဒေါ်နန်းခင်မြင့်ရီ** Senior Vice Chairman & Co-Founder တို့အား
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ** ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်
အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့်
မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို
ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်သော သာသနာပြု ဇနီးမောင်နှံ ဖြစ်ပါစေကြောင်း
ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**FORTUNE PLAZA @ Myanmar Expo Hall**
**ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

**ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးခင်မောင်စိုး(ငြိမ်း)(မန်နေဂျင်းဒါရိုက်တာ၊ မြဝတီထရေးဒင်းလီမိတက်)-ဒေါ်ဝင်းကြည်တို့၏သား**

### ဗိုလ်ကြီးချမ်းသာစိုး

**B.Sc, M.Sc(Electronic),D.S.A**

**နှင့်**

**ရန်ကုန်မြို့နေ ဗိုလ်ချုပ်ဖေယျကျော်ထင် စိုးဝင်း(ငြိမ်း)- ဒေါ်ဖြူဖြူမြင့်တို့၏သမီး**

### မအိခင်ဇာစိုး

**B.Sc(Geology),MBA((ILU,Myanmar,UBIS,Switzerland)**

တို့၏ ၁၁-၁-၂၀၂၀ရက်(စနေနေ့)NOVOTEL YANGON MAX HOTEL(Yangon Ballroom) ပြည်လမ်း၊ ရန်ကုန်မြို့၌ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် ကိုယ်တိုင်ကြွရောက်ချီးမြှင့်၍ မင်္ဂလာအောင်စံပယ်ပန်းကုံး၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော် ဒုတိယသမ္မတ(၁) သရေစည်သူ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ငွေးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာ အကြီး အကဲများနှင့်ဇနီးများ၊ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၃) မှ သူငယ်ချင်းများနှင့်ဇနီးများအားလည်းကောင်း၊ မင်္ဂလာဘိသေကမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးတေးသီချင်း သီဆိုဖျော်ဖြေပေးပါသော တေးသံရှင်ဟေမာနေဝင်းနှင့် ဥက္ကာဦးသာ တေးဂီတအဖွဲ့အားလည်းကောင်း၊ ဤမင်္ဂလာပွဲအားအစစအရာရာအဆင်ပြေ ချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှဲစွာကျေးဇူး ဥပကာရအထူးတင်ရှိပါသည်။

**နှစ်ဖက်သော မိဘများနှင့်**
**ဗိုလ်ကြီးချမ်းသာစိုး-မအိခင်ဇာစိုး**

## အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀) ဖြင့် **သုဓမ္မသိင်္ဂီဒေါ်ခိုင်သက်မွန်** ဒါရိုက်တာ (ဆုထူးပန်ကျောက်မျက်ကုမ္ပဏီ)အား **သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်**ကို ထိုက်ထိုက်တန်တန် ထပ်မံချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ရှေ့အနာဂတ်တွင်လည်းဆက်လက်၍ ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် ချစ်သောမိသားစုနှင့်အတူ နိုင်ငံနှင့်လူမျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒေါ်အိတာ**
**ဆုထူးပန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်**
**ဗန်းမောက်မြို့နယ်**

## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

## ဒေါက်တာထွန်းထွန်းဦး (မဟာသဒ္ဓမ္မဇောတိကဓဇ)

အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာ၊ သန်လျင်မြို့(ရန်ကုန်)၏ ဒုဥက္ကဋ္ဌ ဒေါက်တာထွန်းထွန်းဦး အားယခုလို နိုင်ငံတော်မှ ထိုက်ထိုက်တန်တန် သာသနာ့ဘွဲ့တံဆိပ်တော်တခုဖြစ်သည့် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ချီးမြှင့်ခံရခြင်းအပေါ် အတိုင်းထက်အလွန် ဝမ်းမြောက်မိပါကြောင်းနှင့် ဘာသာအကျိုး သာသနာအကျိုး လူမှုအကျိုးများကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်လှူဒါန်းနိုင်ပါစေကြောင်း။

**ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့**
**အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာ**
**သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး**

## လူပျောက်ကြော်ငြာ

ကိုပီတာစိုး ၉/ခမစ(နိုင်) ၀၀၂၅၃၅၏ ဇနီး မမြင့်စန္ဒာ ၉/အမရ(နိုင်)၁၄၁၄၀၄သည် နေအိမ်မှ စိတ်ဆိုး၍ ဆင်းသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်၊ သွေးဆောင်ဖြားယောင်းခြင်း၊ လက်ခံထားသူအား ဥပဒေအရ အရေးယူဆောင်ရွက်မည်။

အကြောင်းကြားပေးသူအားထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

**ကိုပီတာစိုး**
**ဖုန်း-၀၉-၉၅၄၄၄၀၅၄၉၊ ၀၉-၇၇၆၃၀၂၉၀၂**
**အကွက်(၁၃)၊ အောင်ပင်လယ်၊ မန္တလေးမြို့**

### ဖခင်အမည်မှန်

ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ အထက(အင်းမ) တက္ကသိုလ်ဝင်တန်း(ခ) မှ မောင်ဝေလင်းဦး၏ဖခင် ဦးလင်းလင်း၏ အမည်မှန်မှာ ဦးလင်းအောင် ၇/သကန(နိုင်) ၁၃၁၅၃၂ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးစိန်မြင့်၏သမီး မစုလှိုင်ဝင်းအား ယနေ့မှစ၍ မဆုပိုပိုဟန်ဟု ပြောင်းလဲခေါ်ပါရန်။ **မဆုပိုပိုဟန်**

### ဖခင်အမည်မှန်

ကျောင်းကုန်းမြို့နယ်၊ ဆိပ်ဖူးနီအုပ်စု၊ အင်းဂတေချောင်ကျေးရွာနေ မောင်နိုင်လင်းသူ၊ မောင်ထက်ဝေလင်း နဝမတန်းနှင့် မသဇင်ဖြိုး ဆဋ္ဌမတန်း တို့၏ဖခင် ဦးပေါက်စနှင့် ဦးဇေဇေဦး ၁၄/ကကန(နိုင်) ၁၄၁၂၅၁တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဖယ/၂၆၄၂၇, Honda Dream 125 (M/C) ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းထွန်း ၁၄/အမန(နိုင်)၁၅၅၄၃၅ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ ဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4C/9460, Mitsubishi Canter L/T ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုမော် ၃/ဘအန(နိုင်)၀၀၅၁၈၀ ကဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

### အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

နမ့်ခမ်းမြို့၊ အထက(၁) တတိယတန်း(B)မှ မောင်အောင်ထက်လင်း၏ အမည်မှန်မှာ မောင်ကျော်ဆန်းအောင် ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂-၆-၂၀၀၄ ဖြစ်ပါကြောင်း။

**မောင်ကျော်ဆန်းအောင်**

### ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၁) တတိယတန်း(B)မှ မောင်ကျော်ဆန်းအောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ယီ ၁၃/နခန(နိုင်) ၀၄၉၈၀၁ ဖြစ်ပါကြောင်း။

**ဦးမြင့်ယီ**

### ဆောက်လုပ်ရေးဝန်ကြီးဌာန
### လမ်းဦးစီးဌာန
### ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တင်ဒါအမှတ်-၄/၂၀၁၉-၂၀၂၀)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင်လက်အောက်ရှိ မြို့နယ်များတွင် ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ပြည်ထောင်စု /တိုင်းဒေသကြီး ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အအုံလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံး ပစ္စည်းများအား သက်ဆိုင်ရာလမ်းအပိုင်းအလိုက် အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူပြီး (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| | |
|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - ၂၉-၁-၂၀၂၀ရက် |
| တင်ဒါပိတ်မည့်ရက်/အချိန် | - ၁၃-၂-၂၀၂၀ ရက်(ညနေ ၄:၃၀ နာရီ) |
| တင်ဒါဖွင့်မည့်ရက်/အချိန် | - ၁၄-၂-၂၀၂၀ရက် (မွန်းလွဲ ၁နာရီ) |
| တင်ဒါဖွင့်မည့်နေရာ | - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင်၊ တာငါးဆယ်မြောက်ရပ်၊ ဈေးကလေးလမ်း၊ ဟင်္သာတမြို့ |

၂။ လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင်၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးအရာရှိရုံးများ တွင် ၂၉-၁-၂၀၂၀ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါကော်မတီ**
**လမ်းဦးစီးဌာန**
**ဟင်္သာတခရိုင်**
(၀၄၄-၂၁၀၃၃)

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 23W/51918 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းအေး ၉/တသန(နိုင်) ၁၀၁၄၀၃ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

### ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၅/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၄၈)၊ မြေယာအမှတ်(248)၊ မြေဧရိယာ( ၀ ဒသမ၀၅၅)ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဗိုလ်ကြီး ခင်မောင်မြင့် ၉/မနမ(နိုင်) ၀၈၄၂၆၇မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက်အမှတ်(၁၄-က၊ ထုံးဘို)၊ ဦးပိုင်အမှတ်(၃၅-က + ၃၅-ခ)၊ မြေယာအမှတ်(126- A+ 126-B, 150)၊ မြေဧရိယာ(၀ဒသမ ၂၉၄)ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်နှစ်ခုပေါင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်စန်းစန်းဝင်း ၉/မမန(နိုင်) ၀၀၅၁၄၈မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါ ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍(၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7M/5748 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှေသာကြီး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 4C/9460, Mitsubishi Canter L/T ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုမော် ၃/ဘအန(နိုင်)၀၀၅၁၈၀ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ ဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၅)ရပ်ကွက်၊ အကွက်အမှတ် ၁၃၆-B၊ ထန်းကုန်းကွင်း၊ ဦးပိုင်အမှတ် M/၁၁၄, M/ ၁၁၅၊ ဧရိယာ (၀ဒသမ ၁၁၀)ဧကရှိမြေအား ဦးတင်အောင်မြင့် အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် အောက်ပါရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပုသိမ်မြို့**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ ကံဖျားရပ်၊ ထုံးဖိုလမ်း၊ အမှတ်(၁၂)နေ ဦးမျိုးဝင်း(ခ)ဦးသားသားနှင့် ဒေါ်အေးကြူတို့၏သမီး မမေဇူလိုင်မိုး(ခ)ရှောင်ရင်းသည် မိသားစုအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုလုံးဝ(လုံးဝ)တာဝန်မယူပါကြောင်း အသိပေးကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးမျိုးဝင်း(ခ)ဦးသားသား၊ ဒေါ်အေးကြူ**

## အထူးလိုက်လျောစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာအမှတ် - ၂/၂၀၂၀ အရ

**ဦးစိန်ဝင်း (မန်နေဂျင်းဒါရိုက်တာ)**

ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီလီမိတက်သည်

**လူမှု ထူးချွန်တံဆိပ် (ပထမဆင့်)** ကို

ထိုက်ထိုက်တန်တန်ချီးမြှင့်ခြင်းခံရသဖြင့်အထူးပင်လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါသည်။

နောင်တွင်လည်း သက်ရှည်ကျန်းမာစိတ်ချမ်းသာစွာဖြင့် မိသားစုတပည့်သားသမီးများနှင့်အတူနိုင်ငံတော်အကျိုး၊

သာသနာအကျိုးကိုဆတက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်းဆောက်ရွက်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဖေဖေဦးကိန်း + မေမေဒေါ်လီရင် မောင်ကိန်းရွှေဆိုင်**
**ညီအစ်ကိုမောင်နှမများ မိသားစု**

## အထူးလိုက်လျောစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာအမှတ် - ၁/၂၀၂၀ အရ

**အဂ္ဂမဟာ သီရိသုဓမ္မဇောတဓရဘွဲ့** ရရှိသော

**ဦးရှိန်းမျိုးဝင်း** နှင့်

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့** ရရှိသော

**ဇနီး – ဒေါ်နန်းခင်မြင့်ရီ** တို့သည်

ဘွဲ့တံဆိပ်တော်များကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

နောင်တွင်လည်း သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် မိသားစု တပည့်သားသမီးများနှင့်အတူ

နိုင်ငံတော်အကျိုး သာသနာ အကျိုးတို့ကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးစိန်ဝင်း၊ ဒေါ်ခင်သန်းကြည် မိသားစု**
**ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီ**

## အထူးလိုက်လျောစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာအမှတ် - ၂/၂၀၂၀ အရ

**ဦးစိန်ဝင်း (မန်နေဂျင်းဒါရိုက်တာ)**

ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီလီမိတက်သည်

**လူမှု ထူးချွန်တံဆိပ် (ပထမဆင့်)** ကို

ထိုက်ထိုက်တန်တန်ချီးမြှင့်ခြင်းခံရသဖြင့်အထူးပင်လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါသည်။

နောင်တွင်လည်း သက်ရှည်ကျန်းမာစိတ်ချမ်းသာစွာဖြင့် မိသားစုတပည့်သားသမီးများနှင့်အတူ နိုင်ငံတော်အကျိုး၊

သာသနာအကျိုးကိုဆတက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်းဆောက်ရွက်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ကျောက်စိမ်းတောင်ဝန်ထမ်းများမိသားစု၊ ဖြိုးသီဟကျော်ဝန်ထမ်းများမိသားစု၊**
**ပြည်တန်ရတနာဝန်ထမ်းများမိသားစု၊ လုံးခင်းအောင်မြေဝန်ထမ်းများမိသားစု**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/1854 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး၊ (လားရှိုးမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17W/83342 Yamaha Fino (4DO),M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခမ်းခင် ၁၃/လရန(နိုင်)၀၂၄၁၇၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုးမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/1673 Toyota Corolla Fielder S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျန်ရန်းစောင် ၁၃/လရန(နိုင်)၀၆၂၄၄၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုးမြို့)**

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ (၂၀)၊ မောသီရိတိုးချဲ့-၂၊ ဦးပိုင်အမှတ် ၉၂၊ မြေချိန်ဧရိယာ ၀ဒ၁၁မ၀၉၆ဧက၊ မြေဂရန်အမှတ်တွဲအမှတ် ၂၄၃.၅/၂၀၁၃-၁၄(A)ကို ဒေါ်မြဝင်းမှ အမည်ပေါက်ပိုင်ဆိုင်ပြီး ၁၀-၁၀-၂၀၁၉ရက်တွင် ဒေါ်မြဝင်းမှ ဦးဟန်စေး ၁၃/လရန(နိုင်)၀၆၇၉၇၇အား လားရှိုးမြို့နယ် စာချုပ်စာတမ်းအမှတ် ၅၄၅၊/၂၀၁၉ဖြင့် ရောင်းချခဲ့ပြီး ဦးဟန်စေးမှ မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် သတင်းစာတွင်ပါသည့်ရက်မှစ၍ ရက်ပေါင်း ၂၀အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၇)၊ မောသီရိတိုးချဲ့-၁၊ ဦးပိုင်အမှတ် ၄၉၇ မြေချိန်ဧရိယာ ၀ဒ၁၁မ၀၆၉ဧက၊ မြေဂရန်အမှတ်တွဲအမှတ် ၀၃၀.၅/၂၀၁၃-၂၀၁၄ ကို ဒေါ်ဆွမ်လွတ်ထုမှ အမည်ပေါက်ပိုင်ဆိုင်ပြီး ၈-၉-၂၀၁၉ရက်တွင် ဒေါ်ဆွမ်လွတ်ထုမှ မကွေးဖိန် ၁၃/လရန(နိုင်)၂၂၂၀၃၈အား လားရှိုးမြို့နယ် စာချုပ်စာတမ်းအမှတ် ၅၄၂၊/၂၀၁၉ဖြင့် ရောင်းချခဲ့ပြီးမကွေးဖိန်မှ မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် သတင်းစာတွင်ပါသည့် ရက်မှစ၍ ရက်ပေါင်း ၂၀အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ပဲခူးမြို့ ဓမ္မဒူတတောရသာသနာ့ရိပ်သာ (၃) ရက် တရားစခန်း ဖွင့်မည်

ပဲခူးမြို့၊ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရသာသနာ့ရိပ်သာ ပဓာန နာယက ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရာဘိဝံသ ဟောပြောပြသမည့် ဓမ္မာနုပဿနာသတိပဋ္ဌာန် (၂) ညအိပ် (၃) ရက် တရားကျင့်သုံးပွဲများကို ဓမ္မဒူတတောရသာသနာ့ရိပ်သာတွင် အောက်ဖော်ပြပါနေ့ရက်များ၌ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။ တရားစခန်း ဝင်လိုသူများသည် -

၁။ ဓမ္မဒူတတောရ သာသနာ့ရိပ်သာ (ပဲခူး) တွင် တရားစခန်း မဝင်ဖူးသေးသော ယောဂီအသစ် ဖြစ်ရမည်။
၂။ တရားအားထုတ်နိုင်သော ကျန်းမာရေး ပြည့်စုံသူ ဖြစ်ရမည်။
၃။ ရိပ်သာမှ ချမှတ်ထားသော စည်းကမ်းများ လိုက်နာနိုင်သူဖြစ်ရမည်။
၄။ မှတ်ပုံတင် မိတ္တူ ပါရမည်။
၅။ မိမိအသုံးအဆောင်များ ယူဆောင်လာရပါမည်။

**ကျင်းပပြုလုပ်မည့်နေ့ရက်များ**

**၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၇-၁၈-၁၉)**
**၂၀၂၀ ပြည့်နှစ်၊ မတ်လ (၂၇-၂၈-၂၉)**
**၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၃-၄-၅)**
**၂၀၂၀ ပြည့်နှစ်၊ မေ (၂၉-၃၀-၃၁)**

**အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ပါသည်။**

ရုံးခန်း - ၀၉ ၇၈၅ ၁၀၄ ၆၆၉
ကိုသော်ခန့်ဇင် - ၀၉ ၇၉၀ ၅၆၆ ၃၄၃

**မှတ်ချက်။ ။ ယောဂီ (၁၅၀) ဦးသာ လက်ခံပါမည်။**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၁၂-၂၀၁၉ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၀)ပါ လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အိမ်မြေရောင်းဝယ်ခြင်း စာချုပ်မှ ဝယ်ယူပိုင်ဆိုင်သူ၏ အမည်အား ဦးရွှင်ဇင်မြင့်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်မဲမြို့၊ ရပ်ကွက်(၃)၊ မန့်နားရပ်၊ အကွက်မှတ်(၂၈)၊ ဦးပိုင်အမှတ်(၄/ခ)၊ မြေရေိယာ ၀ ဒသမ ၀၇၂ဧကေ၊ ပိုင်ရှင်အမည်ဦးမိုင်ဆိုင် အမည်ပေါက် မြေငှားဂရန်သည် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလိုပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးစိုင်းမြတ်**
ဖုန်း-၀၉-၆၉၆၁၉၇၉၆၂

### မွေးသက္ကရာဇ်မှန်

ကျောက်မဲမြို့၊ အလက(ခွဲ)၊ အမက(၉)မှ အလယ်တန်းပြဆရာမ ဒေါ်ဖရော်သျှာမိန်း ၁၃/နဆန(နိုင်)၀၄၂၇၁၇၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၆-၁၉၈၅ ဖြစ်ပါကြောင်း။ **ဒေါ်ဖရော်သျှာမိန်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/61419 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးထက်ထက်နိုင် ၉/ပဘန(နိုင်)၂၁၄၄၉၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/3645၊ Toyota Hilux Surf KZM 185 S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော် ၁၂/သကတ(နိုင်)၀၅၁၁၉၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### မဟာဒွါရနိကာယ(သာသနဝေပုလ္လ)စာမေးပွဲကြီးကျင်းပမည်

(ဒသမ)အကြိမ် ဓမ္မာနုဓမ္မမဟာဒွါရနိကာယ(ရန်ကုန်) သာသနဝေပုလ္လစာမေးပွဲကြီးကို (၁၃၈၁ခုနှစ် တပို့တွဲ လဆန်း(၁) ရက်နေ့မှ ၆ရက်အထိ) ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၂၅ ရက်မှ ၃၀ရက်အထိ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ် ၁၄ရပ်ကွက်၊ ကျောက်ကုန်း၊ မဟာဗောဓိလမ်း၊ မဟာဓမ္မိကာရုံ-ပရိယတ္တိစာသင်တိုက် (ကျိုက်ပိ) မဟာဝိဇယကာရီ (၅)ထပ် ဗိမာန်တော်ကြီး၌ ရန်ကုန်စည်ပင်နယ်အတွင်း၊ သီတင်းသုံးနေထိုင်ကြသော မဟာဒွါရဂိုဏ်းဝင်ရဟန်း၊ သာမဏေများလာရောက်စာမေးပွဲဖြေဆိုကြမည်ဖြစ်ပါသည်။ စာအောင်ဘွဲ့နှင်းသဘင်ကို တပို့တွဲလဆန်း ၇ရက် ၃၁-၁-၂၀၂၀ရက်(သောကြာနေ့) ၁၀:၀၀ နာရီတွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား သိစေအပ်ပါသည်။

**စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့**
**ဘဒ္ဒန္တဇာနေယျ**
**၁၂/ရကန(သ)၀၀၁၆၅၆**
**မဟာဓမ္မိကာရုံ-ပရိယတ္တိစာသင်တိုက်(ကျိုက်ပိ)**
**မဟာဗောဓိလမ်း၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၆၁၄၆၅၉**

### (ပဥ္စမ)အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားခြင်း

မူလတန်းကျောင်းမှစတင်ခဲ့သော သထုံမြို့နယ်၊ အ.ထ.က ကြာပန်းကျောင်းသား/ကျောင်းသူဟောင်းများနှင့် ဆရာကြီး/ဆရာမကြီးများ ပြန်လည်တွေ့ဆုံကြမည့် "ပဥ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနား"ကို ၁၉-၁-၂၀၂၀ရက် တနင်္ဂနွေနေ့၊ ညနေ(၆)နာရီတွင် အ.ထ.က ကြာပန်းကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အ.ထ.ကကြာပန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်အပူဇော်ခံပေးကြပါရန်နှင့် အဝေးရောက် ကျောင်းသား၊ ကျောင်းသူဟောင်းများမှ မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြပါရန် အသိပေး နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၅၂၆၇၇၃၀၊ ၀၉-၄၂၅၃၂၃၅၅၀၊ ၀၉-၄၂၅၂၈၈၀၈၆၊ ၀၉-၇၇၁၁၀၂၁၁၃**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11U/2813 ယာဉ်လက်ဝယ်ရှိသူ ကျော်ဆက်လင်း ၁၂/မဘန(နိုင်) ၁၂၆၄၅၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်၊ သံဃာအပါး(၃၀၀၀)ခန့် သီတင်းသုံးသော မစိုးရိမ်တိုက်သစ် စာအောင်ဆု ထာဝရငွေပဒေသာပင် ကျပ်သိန်း(၁)သောင်းစီမံကိန်းစတင်အကောင်အထည်ဖော်လျက်ရှိပါသည်

ဆက်သွယ်လှူဒါန်းရန်-
(၁) နာယကဆရာတော်များ ဖုန်း-၀၉-၂၀၀၂၆၂၅(-၄-၃) (၄) ဦးသန်းငွေအောင်(ဂေါပက) ဖုန်း-၀၉-၂၀၀၉၇၉၀
(၂) ဦးလှအောင်(ဂေါပက) ဖုန်း-၀၉-၂၀၀၃၂၂၉ (၅) ဦးကင်းဝန်(ဂေါပက) ဖုန်း-၀၉-၃၃၀၂၁၃၇
(၃) ဦးမြဖော်(ဂေါပက) ဖုန်း-၀၉-၂၀၀၇၃၆၄ (၆) ဦးကျော်ဇေယျ(ဂေါပက) ဖုန်း-၀၉-၂၀၀၃၈၅၅
အလှူရှင်များ၏ လှူဒါန်းငွေများကို(လစဉ်အလိုက်)သတင်းစာများမှ ဖော်ပြပေးသွားပါမည်။
ယခင်နေ့မှအဆက်-

| စဉ် | အလှူရှင် | အလှူငွေ |
|---|---|---|
| ၂၀၁ | ဦးမောင်မောင်နိုင်-ဒေါ်သန်းဟန်"အောင်သူကြီးအော့ဖ်ဆက်" ၃၂လမ်း၊ ၆၆x၆၇ကြား၊ မန္တလေး | 100000 |
| ၂၀၂ | ဦးမောင်ချို၏မွေးနေ့အလှူအခန်း-၉၀၇တာဝါ(B)Jynetions mile | 100000 |
| ၂၀၃ | ဦးအောင်ယုကောင်း(ခ)ဦးယုကင်းအားရည်စူး၍ ဒေါ်ကြင်ထို သားသမီးမြေးမြစ်တစ်စု အမှတ် ၃၃၂၊ ကမ်းနားလမ်း၊ လသာမြို့နယ်၊ ရန်ကုန် | 100000 |
| ၂၀၄ | ဒေါ်ခင်ဖြူဖြူသက်၏ မွေးနေ့အလှူမြို့သစ်၊ မန္တလေး | 100000 |
| ၂၀၅ | မိခင်ကြီးဒေါ်သန်းသန်းအားရည်စူး၍ ဦးအုန်းဆောင်-ဒေါ်ခင်စန်းရွှေ၊ မြေး-မောင်စံလူထူး၊ ၅၉လမ်း စက်မှု-၁၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး | 100000 |
| ၂၀၆ | နှစ်ဖက်မိဘများနှင့်ဦးထွန်းမြင့်တို့အားရည်စူး၍ ဒေါ်ရင်ရင်ရွှေနှင့်သားသမီးများကောင်းမှု ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန် | 100000 |
| ၂၀၇ | ကိုကောင်းမြတ်ဦး-မလမင်းခြူး၊ သမီးမထက်ထက်နိုင်မိသားစု ရွှေဘုန်းရှိန်ရပ်၊ မဟာအောင်မြေ၊ မန္တလေး | 100000 |
| ၂၀၈ | ဒေါက်တာအံ့ထက်ဝေ-မမေသူဇော် လက်ထပ်မင်္ဂလာ(၁)နှစ်ပြည့်အလှူရုက္ခဗေဒဌာန မန္တလေးတက္ကသိုလ် | 100000 |
| ၂၀၉ | ဦးမင်းဒင်(သား)ကိုသန်းနိုင်အားရည်စူး၍-ဒေါ်ကြင်စု မိသားစုကောင်းမှု မြင်းခြံမြို့၊ အမှတ်(၁၉)ရပ်ကွက် | 100000 |
| ၂၁၀ | ကွယ်လွန်သူကိုငြိမ်းမင်းထက်အားရည်စူး၍ ဦးဇော်မင်းသန်း-ဒေါ်အေးအေးသန့်၊ သား-ကိုညီမင်းထက်-မဇင်မာနွယ်၊ မြေး-မရွှေပိုးဝါ၊ မဥသြချို၊ မြင်းခြံ အမှတ်(၁၉) | 100000 |
| ၂၁၁ | ဦးမြင့်သောင်း-ဒေါ်ခင်ချိုဦးမိသားစုကောင်းမှု လှည်းကူး၊ ရန်ကုန် | 100000 |
| ၂၁၂ | ပဋ္ဌာန်းအလင်းရောင်ဝတ်ရွတ်အသင်းကောင်းမှုမန္တလေး | 100000 |
| ၂၁၃ | ဦးမျိုးမောင်မောင်(ခ)လေးဖြူ-မနီနီဝင်း၊ သားကိုထွန်းအောင်ကျော်၊ ကိုညီညီထွန်း ဟ/၉-၁၅၊ ခရပ်ကွက်၊ ပြည်ကြီးတံခွန် | 100000 |
| ၂၁၄ | ကိုကျော်စိုးလင်း-မမေသူဟန်၊ သမီး-လင်းဝတီကျော်၊ မေသွန်းစံမိသားစု | 100000 |
| ၂၁၅ | ဒေါ်ကျန်အားရည်စူး၍ သမီး-မမော် အကွက်၄၀၆ သပြေညွန့် မန္တလေး | 100000 |
| ၂၁၆ | ဦးအေးကျော်-ဒေါ်ဝင်းခင် မိသားစုကောင်းမှု တောင်သမန်၊ ရွှေလုံဗိုလ်ရပ်၊ အမရပူရမြို့ | 100000 |
| ၂၁၇ | ဒေါ်ပုတင်၊ သမီး-မမို့မို့လွင် အမှတ်-၇၀၊ ၃၈လမ်း၊ ၈၁x၈၂ကြား မဟာအောင်မြေ၊ မန္တလေး | 100000 |
| ၂၁၈ | မိဘဘိုးဘွားဆရာသမားဆွေမျိုးတို့ကို ရည်စူး၍ ဦးစိန်ဝင်း-ဒေါ်ခင်အုန်းကြည်မိသားစု၊ ဒေးဝန်းရပ်၊ မန္တလေး | 100000 |
| ၂၁၉ | ဦးထွန်းရွှေ-ဒေါ်ခင်နွဲ့သားသမီးမြေးတစ်စု၊ မကွေးမြို့ | 100000 |
| ၂၂၀ | ဦးခင်မောင်-ဒေါ်တင် အမှတ်-၈၁၊ နံ့သာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန် | 100000 |
| ၂၂၁ | ဖခင်ကြီးဦးစိန်မြင့်-မိခင်ကြီးဒေါ်ဘေဘီတို့ကိုရည်စူး၍ သားသမီးများကောင်းမှု၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာ၊ ရန်ကုန် | 100000 |
| ၂၂၂ | ဦးလှမျိုး-ဒေါ်ချိုချိုထွန်း၊ သမီး-မမြတ်မိုမိုသိမ့်၊ သား-မောင်ဖွဲ့မြတ်လင်း မိသားစု လက်ဝဲမြင်းတိုင်ရပ်၊ ငယ်တိုး ကျေးရွာအုပ်စု၊ အမရပူရမြို့ | 100000 |
| ၂၂၃ | ဦးလှထွန်း-ဒေါ်စိမ်းမြ၊ သား-မောင်ခင်မောင်စိန်၊ မောင်ညီညီထွန်း၊ သမီးမသီတာထွန်း လက်ဝဲမြင်းတိုင်ရပ်၊ ငယ်တိုးကျေးရွာအုပ်စု၊ အမရပူရမြို့ | 100000 |
| ၂၂၄ | တနင်္ဂနွေဆွမ်းလောင်းအသင်းအိုးတော်ရပ်ကွက်၊ အမရပူရမြို့ | 100000 |
| ၂၂၅ | ဦးမျိုးအောင်-ဒေါ်ကြူကြူစန်း၊ သမီး-မဖွန်သဲကို၊ မမေသဲကို ရောင်ခြည်အသံချဲ့စက် မိသားစု ၅၈လမ်း၊ မန္တလေး | 100000 |
| ၂၂၆ | ဦးချစ်လှိုင်(ရွှေပန်းထိမ်)-ဒေါ်တင်အေးနှင့်အစ်ကိုကြီးဦးမြင့်အောင်တို့အားရည်စူး၍ သမီးမကျော့ကျော့လှိုင် မသွယ်သွယ်လှိုင်၊ မဥမ္မာလှိုင်မိသားစု မန္တလေး | 100000 |
| ၂၂၇ | ဖခင်ကြီးဦးမောင်မောင်မြင့်(ခ)ဦးမြင့်ခိုင်အားရည်စူး၍ သမီး-မလဲ့ရည်မြင့်ခိုင်၊ မြေး-မသော်တာရွှန်းလဲ့ဖော် ၈၉လမ်း၊ ၃၆x၃၇ကြား၊ မန္တလေး | 100000 |
| ၂၂၈ | ဦးတင်မြင့်-ဒေါ်ရီရီမိသားစု ပုသိမ်ကြီးမြို့ | 100000 |
| ၂၂၉ | ဒေါ်သန်းရီ အကွက် ၂၈၇တိမ်ပြာတန်း ချမ်းအေးသာစံ၊ မန္တလေး | 100000 |
| ၂၃၀ | မိဘနှစ်ပါးအားရည်စူး၍ ဦးလှမြင့်-ဒေါ်ခင်သန်းမြင့် မိသားစု(ဏ)၅/၁၇ ၆၅လမ်း၊ မြို့သစ်(၁)၊ မန္တလေး | 100000 |
| ၂၃၁ | ဦးဇော်ဝင်း-ဒေါ်စန်းစန်းကြည် ၁၀၁၂ မာန်ပြေ၄လမ်း သာကေတမြို့ | 100000 |
| ၂၃၂ | ကွယ်လွန်သူခင်ပွန်းဦးဘမြင့်နှင့် သားမောင်သိန်းနိုင်အားရည်စူး၍ ဒေါ်တင်အေးမိသားစု ၁၀၁၀၊ မာန်ပြေ ၄လမ်း သာကေတမြို့ | 100000 |
| ၂၃၃ | ဦးဇော်ဇော်ထွန်း-ဒေါ်စန်းစန်းမြင့်နှင့် သားမောင်စွမ်းထွန်းဇော် ၁၀၁၀မာန်ပြေ ၄လမ်း၊ သာကေတမြို့ | 100000 |
| ၂၃၄ | ကွယ်လွန်သူဦးသံတိုင်အားရည်စူး၍ ဦးမျိုးချစ်-ဒေါ်မူမူသန်း၊ သားမောင်အံ့မင်းမြတ် | 100000 |
| ၂၃၅ | ဦးသိန်းဝင်း-ဒေါ်နှင်းနွယ်၊ သားသက်နိုင်ဦး၊ သမီး-မသဲနုအောင် ပဲလှော်ချောင် မန္တလေး | 100000 |
| ၂၃၆ | ကိုဇော်စိုး-မသဲမာ၊ သမီး-မအိမ့်ချိုသာဇော်၊ မအိမ့်နဒီဇော်၊ ဒေးဝန်းအရှေ့မန္တလေး | 100000 |
| ၂၃၇ | အရှင်ဝိမလ၏ (၂၉)နှစ်ပြည့် မွေးနေအလှူ မစိုးရိမ်တိုက်သစ်/ဓမ္မယာနကျောင်း | 100000 |
| ၂၃၈ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးကျော်(ပါမောက္ခဌာနမှူး သမိုင်း-ငြိမ်း) ဇနီး-ဒေါ်ခင်စိုးမြင့်မိသားစု လှည်းတန်း၊ ကမာရွတ်၊ ရန်ကုန် | 100000 |
| ၂၃၉ | ဦးရွှေဝ-ဒေါ်ခင်နွဲ့ရီ၊ ဦးထွန်းချို၊ ဒေါ်ခင်မေ၊ ဒေါ်ခင်လှမိသားစုကောင်းမှု၊ ဘုရင့်နောင်ရပ်ကွက်၊ တပ်ကုန်းမြို့ နေပြည်တော် | 100000 |
| ၂၄၀ | ဦးပင့်ဇန်-ဒေါ်ကြင်မှီအားရည်စူး၍ သမီးဒေါ်ရှုကြည် မိသားစုကောင်းမှု တောင်ဥက္ကလာ၊ ရန်ကုန် | 100000 |
| ၂၄၁ | ဦးမောင်တာ-ဒေါ်နန်းထွမ်းလူ မန္တလေး | 100000 |
| ၂၄၂ | ဒေါ်တင်ဦး၊ ၃၅လမ်း၊ ၅၇x၅၈ကြား မန္တလေး | 100000 |
| ၂၄၃ | ဒေါ်ခင်မိုးဝင်း၊ သား-ကိုတင်ကိုအောင် မိသားစု မိတ္ထီလာမြို့သစ် | 100000 |
| ၂၄၄ | ဦးစောငြိမ်းချမ်း-ဒေါ်ရင်ရင်သန်းမိသားစု မိုးညှင်းမြို့နယ်၊ ညောင်ကုန်းရွာ | 100000 |
| ၂၄၅ | ဦးအောင်မိုး-ဒေါ်မေကျော့ခိုင် မိသားစုမန္တလေး | 100000 |
| ၂၄၆ | ဦးအုန်းရွှေM.P.P.E(ငြိမ်း)မိသားစုကောင်းမှု၊ မင်းကုန်းရပ် သံ/အနောက်မဟောအောင်မြေမြို့နယ် မန္တလေး | 100000 |
| ၂၄၇ | ဦးတင်ထွန်း-ဒေါ်တင်မြ၊ သမီး-မရီရီလှ၊ မြေး-ချောခန့်ခန့်ဇော် ရန်ကုန် | 100000 |
| ၂၄၈ | ဒေါ်မြသိန်း၊ တူမ-မခင်ဝင်းမြင့်၊ တူ-မောင်ကျော်မိုးနိုင် ပဲခူးမြို့ | 100000 |
| ၂၄၉ | မိဘနှစ်ပါးအားရည်စူး၍ ဒေါ်စန်းရီမောင်နှမတစ်စု ကောင်းမှု လန်ဒန်ဝန်းရပ်၊ မန္တလေး | 100000 |
| ၂၅၀ | ဦးကိုကိုနိုင်(CE)-ဒေါက်တာသီရိနွယ် မိသားစု ရွှေပင်လုံ အိမ်ရာ ရန်ကုန် | 100000 |
| ၂၅၁ | ကိုအောင်သီဟစိုး-မနန်းစိန်လှ မတ္တရာမြို့ | 100000 |
| ၂၅၂ | အဝေရာဓမ္မာရုံအသင်းသူ/အသင်းသားများ သံ/နောက်၊ မင်းကုန်းရပ်၊ မဟာအောင်မြေ၊ မန္တလေး | 100000 |

ဆက်လက်ဖော်ပြသွားပါမည်

**မြောက်ဦးမြို့၌ ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ် နှစ်စီးအား AA အဖွဲ့က အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်၍ မော်တော်ယာဉ်ထိမှန် ပျက်စီးသွားခဲ့သော်လည်း လူထိခိုက်ဒဏ်ရာရမှုမရှိ**

စာ - ၁၃

**ယူကရိန်းလေယာဉ် ပျက်ကျမှုအတွက် တာဝန်ရှိသူများကို အပြစ်ပေးမည်ဟု အီရန် ကတိပြုပြောကြား**

စာ - ၁၅

# MNL ပြိုင်ပွဲ ပွဲစဉ် (၁) ရန်ကုန်၊ ဟံသာဝတီနှင့် စစ်ကိုင်းအသင်းအနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၁၂**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရန်ကုန်၊ ဟံသာဝတီနှင့် စစ်ကိုင်းအသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက ချင်းယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နာမည်ကြီးရန်ကုန်အသင်းသည် အဖွင့်ပွဲတွင် အနိုင်ရခဲ့သော်လည်း ခက်ခက်ခဲခဲကစားခဲ့ရပြီး နောက်ကျဂိုးကြောင့်သာ အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ MNL သို့ တစ်ကျော့ပြန် တန်းတက်လာသည့် ချင်းယူနိုက်တက်အသင်းသည် အဝေးကွင်း၌ ရန်ကုန်အသင်းကို အခက်တွေ့အောင် လုပ်ပြနိုင်ခဲ့ပြီး နည်းပြသစ် ဦးအောင်ခိုင်လက်ထက်တွင် ပုံစံကောင်း ပြသနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ယခုရာသီတွင် အကောင်းဆုံးခြေစွမ်းရရန် ရှန်းကန်နေရဆဲဖြစ်ပြီး ပိုမိုကောင်းမွန်သည့် ခြေစွမ်းပြသနိုင်ရန် လိုအပ်နေသည်။

*စာမျက်နှာ ၁၂ ကော်လံ ၅* ❁




ရန်ကုန်တိုက်စစ်မှူးဘာဖို၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို ချင်းယူနိုက်တက်ဂိုးသမား ထွန်းအောင်ကျော် ကာကွယ်စဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

# မြန်မာနှင့်ထိုင်း လက်ရွေးစင်အမျိုးသမီးအသင်းခြေစမ်းပွဲကစားမည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

၂၀၂၀ တိုကျိုအိုလံပစ် ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းသည် ဇန်နဝါရီလနောက်ဆုံးပတ်တွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ထိုင်းဘောလုံးအဖွဲ့ချုပ်၏ ညှိနှိုင်းမှုအရ မြန်မာနှင့် ထိုင်းအမျိုးသမီးအသင်းသည် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ခြေစမ်းပွဲနှစ်ပွဲကစားမည်ဖြစ်ပြီး ကျင်းပမည့်ရက်ကို ပြန်လည်အတည်ပြုမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည့် အိုလံပစ်တတိယအဆင့်ခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲကစားခြင်းဖြစ်ပြီး အာဆီယံထိပ်သီးအသင်းတစ်သင်းနှင့် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သောကြောင့် အကျိုးရှိမည့်ပွဲလည်းဖြစ်သည်။ မြန်မာနှင့် ထိုင်းအသင်းသည် ဒီဇင်ဘာလပထမပတ်က ကျင်းပသည့် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲတွင် တွေ့ဆုံထားပြီး ထိုင်းအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍



မြန်မာနှင့် ထိုင်းအသင်းတို့ ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် တွေ့ဆုံခဲ့စဉ်။ ဓာတ်ပုံ-စိုးညွန့်

# အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲ ပထမအဆင့်ယှဉ်ပြိုင်ရန် ရှမ်းယူနိုက်တက်အသင်းထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၁၂**

မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၀ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲပထမအဆင့်ယှဉ်ပြိုင်ကစားရန် ယနေ့နံနက်ပိုင်းက ဖိလစ်ပိုင်နိုင်ငံမနီလာမြို့သို့ ထွက်ခွာသွားသည်။

ရှမ်းယူနိုက်တက်အသင်းတွင် **အဖွဲ့ခေါင်းဆောင်**- ဦးရဲမျိုးထွန်း၊ **အုပ်ချုပ်သူ**-ဦးဟန်ဝင်းအောင်၊ **နည်းပြချုပ်**- ဦးအောင်နိုင်၊ **လက်ထောက်နည်းပြ**- ဦးအောင်ကျော်ထွန်း၊ ဦးစိုးမင်းဦး၊ **ဂိုးနည်းပြ**- ဦးရဝေဇင်၊ **ဂိုး**-သီဟစည်သူ၊ မျိုးမင်းလတ်၊ **နောက်တန်း**- ဒေးဗစ်ဒန်း၊ ဟိန်းဖြိုးဝင်း၊ တလွန်ဟုတ်ထန်၊ နန္ဒကျော်၊ ဟိန်းသီဟဇော်၊ ဒန်နီရယ်၊ ရဲမင်းသူ၊ **အလယ်တန်း**-ဆက်ဖြိုးဝေ၊ ရန်နိုင်ဦး၊ ဖွဲ့သက်ပိုင်၊ ဈာနေရသူ၊ အဘူဘာကာ၊ မက်ဆီမင်၊ **ရှေ့တန်း**-ကိသ်မာတူနာ၊ ဇင်မင်းထွန်းနှင့် စအောင်ပြည့်ကိုတို့ လိုက်ပါသွားသည်။ ရှမ်းယူနိုက်တက်အသင်းသည် ကစားသမား ၁၈ ဦးခေါ်ဆောင်သွားပြီး အမာခံကစားသမားအချို့မှာ

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻

# လီဗာပူးတို့ စပါးကို အနိုင်ယူပြီး ရှုံးပွဲမရှိ စံချိန်ဖြင့် ဇယားထိပ်၌ ရပ်တည်

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၂၂) စနေနေ့ည နောက်ဆုံးပွဲစဉ်အဖြစ် စပါးနှင့်လီဗာပူးတို့ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် လီဗာပူးအသင်းအဝေးကွင်းနိုင်ပွဲရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်စပါးသည် 4-4-2 ကစားကွက်ဖြင့် တိုက်စစ်ပိုင်းတွင် ဟယ်ရီကိန်း မပါဝင်နိုင်ဘဲ လူးကပ်စ်မိုရာနှင့် ဒယ်လီအလီတို့ပွဲထွက်ခဲ့သည်။ ဧည့်သည်လီဗာပူးသည် 4-3-3 တိုက်စစ်ပုံစံဖြင့် မာနေး၊ ဖာမီနိုနှင့် ဆာလက်တို့အတွဲ ပွဲထွက်ခဲ့သည်။ လီဗာပူးအသင်း၏ တစ်လုံးတည်းသောအနိုင်ဂိုးကို ပထမပိုင်းပွဲချိန် ၃၇ မိနစ်တွင် ဆာလက်၏ဖန်တီးမှု မှ တစ်ဆင့် ဖာမီနိုကသွင်းယူခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၄* ◆

PUN HLAING SILOAM HOSPITALS


"နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ"

စင်ကာပူနိုင်ငံမှဆရာဝန်ကြီးလာရောက်ကုသပေးမည့်အစီအစဉ်

Only JCI Accredited Hospital In Myanmar

အရိုးနှင့်ပတ်သက်သောရောဂါအမျိုးမျိုးတို့အတွက် နိုင်ငံတကာအတွေ့အကြုံရှိ
စင်ကာပူနိုင်ငံမှအရိုး၊အကြော၊အဆစ်နှင့်ထိခိုက်ဒဏ်ရာခွဲစိတ်အထူးကုဆရာဝန်ကြီး **Prof Sarbjit Singh** သည်
ပန်းလှိုင်စီလုံဆေးရုံသို့ လာရောက်ကုသပေးနေပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

ဇန်နဝါရီလ (၁၇)ရက်မှ (၂၀)ရက်နေ့ထိ



ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈၄၃၂၃၊ ၃၆၈၄၃၂၅၊ ၃၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇
facebook Pun Hlaing Siloam Hospitals